# မြဝတီ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 27 March 2020 ၉၉၆၇



မြဝတီ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၉

**ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ ဆေးဝါးများ နိုင်ငံပေါင်း ၈၉ နိုင်ငံသို့ တရုတ်ထောက်ပံ့**

စာမျက်နှာ » ၁၂



**ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဆိုင်ရာ နိုင်ငံတကာ သတင်းများစုစည်းမှု**

စာမျက်နှာ » ၁၄

Guideline for Home Quarantine

**အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများ အတွက် လမ်းညွှန်ချက်များ(အနှစ်ချုပ်)**

စာမျက်နှာ » ၁၆


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ် သဘောတူညီသည့် ဥပဒေကြမ်းအဖြစ် အမျိုးသားလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် ပေးပို့ထားပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် ပေးပို့ထားပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေ ရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**


# ပို့ကုန်သွင်းကုန်လိုင်စင်များကို ဧပြီ ၁ ရက်မှစတင်၍ အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးသွားမည်

**နေပြည်တော် မတ် ၂၆**

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး COVID-19 မှာ ပြန့်ပွားလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် ပြည်သူများထံသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လူလူချင်းထိတွေ့မှုလျှော့ချနိုင်ရေး၊ ဗိုင်းရပ်စ်ပိုးကူးစက်မှုမှ ကာကွယ်နိုင်ရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိသည့် ပို့ကုန်သွင်းကုန် လိုင်စင်များအား ဧပြီ ၁ ရက်မှ စတင်ပြီး အွန်လိုင်းမှ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းစဉ်များအား စတင်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့လာရောက်ရန်မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို လိုင်စင်လျှောက်ထားခြင်း၊ ငွေကြေးပေးသွင်းခြင်း၊


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**


## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးမည်

**နေပြည်တော် မတ် ၂၆**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးမည်။

မိုး/ဇလ




# ကြေးမုံ

## စိန်ရတု တပ်မတော်နေ့ကို ဂုဏ်ပြုပါသည်

ယနေ့သည် ၂၀၂၀ ပြည့်နှစ် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဖြစ်သည်။ တပ်မတော်နေ့ကို နှစ်စဉ်နှစ်တိုင်း မတ်လ ၂၇ ရက်နေ့တွင် အစဉ်အလာမပျက် ခမ်းခမ်းနားနား ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော COVID–19 ရောဂါကြောင့် အများပြည်သူ ကျန်းမာရေးကိုရှေးရှု၍ စိန်ရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ဆိုင်းငံ့ထားခဲ့သည်။

စိန်ရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ဆိုင်းငံ့ထားသည် ဆိုသော်လည်း တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာကောင်းများနှင့် တပ်မတော်၏ဂုဏ်ရောင် ထွန်းပြောင်သည့် သမိုင်းမှတ်တိုင်စိုက်ထူသော ဤနေ့ကို စိတ်နှလုံးသားမှ အလေးအမြတ်ထား အသိအမှတ်ပြုရမည်ဖြစ်သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်နေ့ နယ်ချဲ့ဖက်ဆစ်တို့ကို တော်လှန်သောနေ့တွင် တပ်မတော်သည် ပြည်သူလူထုနှင့်အတူ တိုင်းပြည်နှင့် လူမျိုးကို ကာကွယ် စောင့်ရှောက်ရန်အတွက် ရှပ်ရှပ်ချွံချွံ စွန့်လွှတ်စွန့်စား ထမ်းဆောင်ခဲ့ကြ သည်မှာ မမေ့အပ်ပေ။ ယင်းကို အသိအမှတ်ပြုအပ်သဖြင့် နှစ်စဉ် နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့သည်။ ထို့နောက် တပ်မတော်ကို ဂုဏ်ပြုသောအားဖြင့် ၁၉၅၄ ခုနှစ် မတ်လ ၂၇ ရက်နေ့မှအစပြု၍ တော်လှန်ရေးနေ့ကို တပ်မတော် နေ့ဟု ပြောင်းလဲကျင်းပခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အဓိက ကျသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်အား ပြည်တွင်း ပြည်ပအန္တရာယ်ရန်စွယ်များမှ တွန်းလှန်ဖယ်ရှားပေးနိုင်ခဲ့သည့် သမိုင်း ကြောင်း အစဉ်အလာကောင်းများရှိခဲ့သလို ယနေ့ထက်တိုင်အောင်လည်း ထိုအစဉ်အလာကောင်းများကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် စိန်ရတုတပ်မတော်နေ့တွင် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကို COVID–19 ရောဂါဂယက်ကြောင့် မကျင်းပနိုင်သော်လည်း ၂၀၂၀ ပြည့်နှစ် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်နိုင်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေး မူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန် ထမ်းဆောင်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့ အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေး တာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရေးဟူသည့် ဦးတည်ချက် (၄) ရပ် ချမှတ်ထားသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များ၊ အမျိုးသားနိုင်ငံရေးတာဝန်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းများ ထမ်းဆောင်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် ငြိမ်းချမ်းရေးသည် တိုင်းပြည်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အရေးကြီးဆုံးကဏ္ဍများဖြစ်၍ ယင်းတာဝန်များကို တပ်မတော်သည် အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ တပ်မတော်နှင့် ပြည်သူသည် တစ်သားတည်းဖြစ်၍ တပ်မတော်သည် တိုင်းပြည်နှင့် ပြည်သူ လူထုအကျိုးကို အစဉ်ရှေးရှုကာ ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် (၇၅) နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်၏ ထွန်းပြောင်သော သမိုင်းကြောင်းနှင့် မြင့်မားသောဂုဏ်ဒြပ်တို့သည် နိုင်ငံတော်နှင့် ပြည်သူကို အစဉ်ဦးထိပ်ပန်ဆင် ကာကွယ်စောင့်ရှောက်နေသည်ဖြစ်၍ ထူးခြားသည့် စိန်ရတုတပ်မတော်နေ့တွင် တပ်မတော်ကို ဂုဏ်ပြုလိုက်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ကော့မှူးမြို့နယ်၌ Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**ကော့မှူး မတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်း၌ ကျင်းပသည်။

ကြိုတင် ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထက်ဝင်းနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးတို့က နယ်မြေရပ်ခြားမှ ပြန်ရောက်လာသူများ တွေ့ရှိပါက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ အမြန်ဆုံးအကြောင်းကြားရန်၊ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနတွင် လိုအပ်သည့် စစ်ဆေးကုသမှု ခံယူနိုင်ရေး ကြိုတင်သတင်းပေးပို့ကြရန်၊ မြို့နယ်အတွင်း ရောဂါဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများ၊ ကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများနှင့် အပူချိန်တိုင်းကိရိယာများဖြင့် စစ်ဆေးနိုင်ရန် ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်နှင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးအပြီးတွင် ရောဂါဖြစ်ပွားလာပါက ကူးစက်ပြန့်ပွားမှုအား ကာကွယ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန် လျာထားသည့်နေရာများအား တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၀၀၀ | ၂,၃၈၅ | ၂၃,၈၅၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၅၀ | ၁၆,၀၉၈ | ၅၅,၈၉၁,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၀၀၀ | ၁၃၇ | ၂,၈၇၈,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၂,၄၆၀ | ၆,၆၅၆,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၆**

ရန်ကုန်(ရွှေဈေး) ၁၁၆၇၀၀၀ မန္တလေး(ရွှေဈေး) ၁၁၆၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ် | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၂၀/၅၈၀ ကျပ် | ၆၁၅/၆၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၈၀/၄၅၀ ကျပ် | ၄၅၀/၄၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၆၅ ကျပ် | ၅၅၅/၅၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၀/၄၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၀/၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၁၀/၃၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၇၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၃၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၉.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၇၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၃၂.၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၁.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

✻ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ချေးငွေ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံဖြင့် သီလဝါစက်မှုဇုန်အနီး အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားတိုးတက်ကောင်းမွန်ရေး စီမံကိန်းတည်ဆောက်ရေးအချိန်ဇယားအရ အကြံပေးအဖွဲ့ ရွေးချယ်ခြင်းအတွက် ခြောက်လ သတ်မှတ်ထားပါကြောင်း၊ Bidding Documents များပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စာချုပ် ချုပ်ဆိုခြင်းတို့ကို ၁၂ လ သတ်မှတ်ထားပါကြောင်း၊ ဒီဇိုင်းဆွေးနွေးအတည်ပြုခြင်း၊ ပစ္စည်းများထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စီမံကိန်းတည်ဆောက်ခြင်းတို့အတွက် ၃၃ လ သတ်မှတ်ထားပါကြောင်း၊ Testing and Commissioning ကာလသည် ခြောက်လအဖြစ် သတ်မှတ်ထားပါကြောင်း၊ ဖော်ပြပါစီမံကိန်း အချိန်ဇယားသည် စီမံကိန်းကာလအတွင်း မမျှော်မှန်းနိုင်သော ကိစ္စရပ်များ၊ မလွန်ဆန်နိုင်သော ကိစ္စရပ်များအတွက် မျှော်မှန်းတွက်ချက်၍ ပိုမိုတောင်းခံခြင်းသာဖြစ်ပြီး အမှန်တကယ်ဆောင်ရွက်မည့် စီမံကိန်းကာလအား တိုတောင်းသောကာလတွင် ပြီးစီးအောင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက ချေးငွေစာချုပ်အား ၂၀၂၀ ပြည့်နှစ် မတ်လမကုန်မီချုပ်ဆိုနိုင်ရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၅၁၁ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ တစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော် နာယကက ပညာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဓာတ်အားခွဲရုံများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် စစ်တောင်းခွဲရုံ၌ လက်ရှိတွင် ၅၀ အမ်ဗွီအေမှ ၂၅၀ အမ်ဗွီအေသို့ လည်းကောင်း၊ သပြေဝခွဲရုံတွင် ၁၂၀ အမ်ဗွီအေမှ ၂၆၀ အမ်ဗွီအေသို့လည်းကောင်း၊ မင်းလှခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၀၀ အမ်ဗွီအေသို့လည်းကောင်း၊ သာစည်ခွဲရုံတွင် ၃၀ အမ်ဗွီအေမှ ၂၃၀ အမ်ဗွီအေသို့လည်းကောင်း၊ ရွှေဘိုခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၅၀ အမ်ဗွီအေသို့လည်းကောင်း၊ နဘားခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၀၀ အမ်ဗွီအေသို့လည်းကောင်း၊ ဘိုင်းဒါးခွဲရုံတွင် ၆၀ အမ်ဗွီအေမှ ၂၆၀ အမ်ဗွီအေသို့လည်းကောင်း တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ထရန်စဖော်မာများ တိုးမြှင့်တပ်ဆင်ခြင်းကြောင့် ခွဲရုံများမှ လျှပ်စစ်ဓာတ်အား အသုံးပြုနေသည့် ပြည်သူများ လျှပ်စစ်မီးပိုမိုအသုံးပြုလာနိုင်မည်ဖြစ်ပြီး ဓာတ်အားစနစ်ပိုမိုတည်ငြိမ်စိတ်ချရခြင်း၊ ဗို့အားပြည့်ဝခြင်းနှင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိခံစားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## မြန်မာ့မီးရထား ရန်ကုန်-မန္တလေးလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း အပိုင်း(၁) ရန်ကုန်-တောင်ငူလမ်းပိုင်း၏ အဆင့်(၁) အပိုင်း(၃) ချေးငွေ ဂျပန် ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ရယူနိုင်ရေး လွှတ်တော်က အတည်ပြု

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါတွင် ချေးငွေစာချုပ်ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်းနှင့် စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှု၊ ချေးငွေအရင်း၊ အတိုးပြန်လည်ပေးဆပ်မှုများစသည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေကိုလည်း စောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွာမ ဓာတ်အားပေးရေးစက်ရုံတွင် Combined Cycle Gas Turbine အသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများ၏ တပ်ဆင်အင်အားတိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းမှု အစီအစဉ် (IDA – 18) အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၉၀ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ နှစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့မီးရထား ရန်ကုန် – မန္တလေးလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း အပိုင်း(၁) ရန်ကုန်–တောင်ငူလမ်းပိုင်း၏ အဆင့်(၁) အပိုင်း(၃) ချေးငွေ ဂျပန် ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ရယူနိုင်ရေးနှင့်ပတ်သက်၍ ရန်ကုန်–မန္တလေးအဆင့်မြှင့်တင်ရေးစီမံကိန်းသည် မဟာဗျူဟာမြောက်ဖြစ်ပြီး မပြီးမချင်း ပြီးစီးကောင်းမွန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆင့်(၁) အပိုင်း(၁) တွင် ဂျပန်ယန်း ၂၀ ဘီလီယံ ရယူခဲ့ပါကြောင်း၊ အဆင့် (၁) အပိုင်း(၂)တွင် ဂျပန်ယန်း ၂၅ ဘီလီယံရယူခဲ့ပြီး ၂၄ ဘီလီယံ မသုံးရသေးပါကြောင်း၊ သို့သော် ယခုနှစ်အတွင်းတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် ထပ်မံတောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းချေးငွေကို အလေးအနက်စဉ်းစားထောက်ခံ ခွင့်ပြုပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည့်အခါ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မတ်လမကုန်မီချုပ်ဆိုနိုင်ရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၃၉ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲမရှိဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စက်မှုဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးက ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော် နာယက က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်းချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရန်ကုန် – မြစ်ကြီးနားလမ်းပိုင်းအတွင်းမှ သွားလာရေးခက်ခဲကျပ်တည်းသည့် ဂျိုးထောင်–မဲဇာနှင့် မော်ဟန်–ကာဒူ လမ်းပိုင်းနှစ်ခုကို အဆင့်မြှင့်ပြုပြင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူခွင့်ရရှိရေးနှင့်ပတ်သက်၍ ယခုစီမံကိန်းသည် မဟာဗျူဟာမြောက် စီမံကိန်းဖြစ်ပြီး ဘဏ္ဍာရေးစိစစ်မှုနှင့် စီးပွားရေးစိစစ်မှုများအရ အားလုံးကောင်းမွန်ပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရထားလမ်း၏ အခက်ခဲဆုံး အစိတ်အပိုင်းများကို ပြုပြင်တည်ဆောက်ရေးအတွက် သက်သာသောချေးငွေ EDCF မှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူခွင့်ပြုရေးအတွက် ထောက်ခံပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကိုရီးယား EDCF အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းစဉ်များအတိုင်း ဆောလျင်စွာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၄၄ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ တစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက် မှ ၂၉ ရက်အထိ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်စွဲပါ စာအမှတ် ၃ (၁၁)/ ၁/ သမ္မတရုံးဖြင့် ပေးပို့လာပါကြောင်း၊ အထက်ပါနိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ပေးပို့ထားသည့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့ထားသည့် တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က သဘောတူထားသည့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၅ ရက်တွင် ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါ နည်းဥပဒေ ပြင်ဆင်ချက်များကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၄ – က အရ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလ နှစ်လခန့်အတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ၂၉ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးကာလတစ်လျှောက် မိမိတို့နှင့်သက်ဆိုင်သည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်ပြီးစီးသည်အထိ ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများနှင့် သတင်းမီဒီယာအဖွဲ့များအပါအဝင် အားလုံးကိုလည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအနေဖြင့် ယခုကဲ့သို့ ကာလတွင် ကျန်းမာရေးအသိသတိရှိစွာဖြင့် အထူးဂရုပြုနေထိုင် သွားလာကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပပြီးစီးပြီဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံသူ၊ နိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား–

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်သည် (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်နေ့ ဖြစ်ပေသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်မှု (၇၂)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ တပ်မတော်သမိုင်း ကြောင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲလျက်ရှိပြီး မြန်မာ ပြည်သူအပေါင်းတို့အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့် ဆိုသည်မှာ အဖိုးမဖြတ်နိုင်သောပိုင်ဆိုင်မှုပင် ဖြစ်ပေသည်။

မြန်မာတို့၏သမိုင်းကြောင်းမှာ ရှည်လျားလှသည်။ ထိုရှည်လျားလှသော မြန်မာ့သမိုင်းကြောင်းတွင် အရုပ်ဆိုး၊ အကျည်းတန်ဆုံးသော အမှောင် ကာလမှာ တိုင်းတစ်ပါးသားတို့က ကျူးကျော်နယ်ချဲ့အုပ်ချုပ်ခဲ့သော ကိုလိုနီ ကာလ တစ်နည်းအားဖြင့် တစ်ပါးကျွန်ဘဝရောက်ခဲ့သော ကာလများဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အဓိကအကြောင်းတရားမှာ စည်းလုံး ညီညွတ်မှုပြိုကွဲခြင်းနှင့် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော် တစ်ရပ် ခိုင်ခိုင်မာမာမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သမိုင်းကပေးသော သင်ခန်းစာကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်တို့က ခေတ်မီစစ်အတတ် ပညာများကို စွန့်လွှတ်စွန့်စား အပင်ပန်းအဆင်းရဲခံသင်ယူကာ ပြည်သူများ နှင့်အတူလက်တွဲ၍ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီး စတင်ဆင်နွှဲနိုင်ခဲ့ပြီး လွတ်လပ်ရေးရရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုနေ့ကို "တော်လှန်ရေးနေ့" အဖြစ် ဦးစွာသတ်မှတ်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှစ၍ "တပ်မတော်နေ့" အဖြစ် အဓိပ္ပာယ်လေးနက်စွာ ပြောင်းလဲသတ်မှတ်ခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတု တိုင်အောင် ရောက်ရှိခဲ့ပြီဖြစ်သည်။

တပ်မတော်သည် စိန်ရတုကာလသက်တမ်းအား လွယ်လွယ်ကျော်ဖြတ် ခဲ့ရခြင်းမဟုတ်ဘဲ ခယောင်းလမ်းခရီးကြမ်းကြီးကို အသက်၊ ခန္ဓာ၊ သွေး၊ ချွေး များစွာဖြင့်ပေးဆပ်၍ ကျော်ဖြတ်ခဲ့ရခြင်းဖြစ်သည်။ ပေးဆပ်မှုအားလုံး၊ ပေးဆပ်သူများအားလုံး၏ တစ်ခုတည်းသောရည်မှန်းချက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**တို့သာ ဖြစ်ပေသည်။ ထိုသို့ ပေးဆပ်ရဲကြသော တပ်မတော်သား တို့၏ခံယူချက်မှာ သစ္စာဓိဋ္ဌာန်လေးချက်ပင် ဖြစ်သည်။

**တပ်မတော်သားတို့၏ သစ္စာဓိဋ္ဌာန်လေးချက်**

(၁) ငါတို့သည်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

(၂) ငါတို့သည်၊ ကျဆုံးလေပြီးသော တပ်မတော်သားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

(၃) ငါ့အား၊ အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၄) ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ကာလအပိုင်းအခြားများကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ပိုင်းခြား ရာတွင် တပ်မတော်သည် **အတိတ်**ကာလဖြစ်သော ၇၅ နှစ်တာကာလတစ်လျှောက် လုံး နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာစောင့်သိရိုသေလျက် လွတ်လပ်ရေးရရှိရန်၊ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန် ရင်ကိုမြေကတုတ်လုပ်ကာ မားမားမတ်မတ်ရပ်တည် ဆောင်ရွက် ခဲ့သည်။

**ပစ္စုပ္ပန်**ကာလတွင်လည်း ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ခိုင်ခိုင်မြဲမြဲမယိုင်လဲစေရန်နှင့် နိုင်ငံ၏အဓိကလိုအပ်ချက် ဖြစ်သော နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအရ တည်ငြိမ် အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် မည်သို့သောအခက်အခဲများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ တိုင်းပြည်၏မျက်နှာ၊ နိုင်ငံသားတို့၏ အကျိုးစီးပွား အတွက်ကိုသာရှေးရှု၍ ကာကွယ်ရေးတာဝန်၊ သမိုင်းပေးတာဝန်များကို ဦးလည်မသုန်ကျေပွန်အောင် ထမ်းရွက်လျက်ရှိသည်။

**အနာဂတ်**တွင်လည်း ဒေသတွင်း၊ ကမ္ဘာ့နိုင်ငံတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရန် အရှိန်အဟုန်ဖြင့် တည်ဆောက်လျက် ရှိသည်။ နိုင်ငံတော်အတွက် တပ်မတော်ပြိုကွဲ၍မရပါ။ နိုင်ငံတော်ကို ဖြိုခွဲ ချင်သူများက အတိတ်၊ ပစ္စုပ္ပန်ကာလတို့တွင် တပ်မတော်ပြိုကွဲစေရန် ကြိုးစားခဲ့၊ ကြိုးစားနေကြဆဲ၊ အနာဂတ်တွင်လည်း ကြိုးစားနေကြမည်ဖြစ်၍ သတိတမံ၊ ဉာဏ်မြေကတုတ်ဖြင့် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ရေးသတိရှိ၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ရှိနေရမည်ဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုတိုင်းရင်းသားပြည်သူများမှ မွေးဖွားလာ ကြသော ပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်စစ်စစ်ဖြစ်၏။ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ် အပိုင်းပင် ဖြစ်ပေသည်။

တပ်မတော်၏သမိုင်းကြောင်းတစ်လျှောက် ကောင်းမြတ်သော အစဉ် အလာကောင်းများကို ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ သားစဉ်မြေးမြစ် မျိုးဆက်သစ် များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားမည်၊ နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်နယ်နိမိတ်များကို တစ်လက်မမျှအထိမခံ၊ နိုင်ငံသူ၊ နိုင်ငံသား မိဘပြည်သူများ အားလုံးရှေ့မှ **အဓိဋ္ဌာန်ပြုလျက်** မားမားမတ်မတ် ရပ်တည်ကာ ကမ္ဘာတည်သရွေ့ မြန်မာတည်စေရမည်ဖြစ်ကြောင်း (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့အထိမ်းအမှတ် သဝဏ်လွှာပါးအပ် ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်

---

**☆ ပို့ကုန်သွင်းကုန်မှ**

လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက် နိုင်မည်ဖြစ်ပြီး ယခင်ထုတ်ပေး ဆောင်ရွက်လျက် ရှိသည့် CMP(အထည်ချုပ်) သွင်းကုန်လိုင်စင်များ အပြင် လျှောက်ထားမှုအရေအတွက် အများဆုံး ဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့်ပစ္စည်းများ၊ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်း များ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားအုန်းဆီနှင့် ဆီထွက် ကုန်ပစ္စည်းများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အီလက် ထရွန်နစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်၊ စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား၊ သဘာဝဓာတ်ငွေ့များအပါအဝင် အခြားကုန်ပစ္စည်း များအား ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထုတ်ပေးမည့် HS Code Line အသေးစိတ်အား ဝန်ကြီးဌာန၏ website ဖြစ်သော www.commerce.gov.mm တွင် ဆက်လက်တင်ပြ ပေးမည် ဖြစ်သည်။

အဆိုပါ ပို့ကုန်သွင်းကုန် လျှောက်ထားမှု အတွက် www.myanmartradenet.com.mm ကို အသုံးပြုရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းလိုင်စင် နှင့် ရုံးချုပ်တွင်ထုတ်ပေးနေသည့် နယ်စပ်လိုင်စင် များ လျှောက်ထားနိုင်မည်ဖြစ်သည်။ လျှောက်ထား မည့် ပို့ကုန်သွင်းကုန်မှတ်ပုံတင်ပြီး ကုမ္ပဏီများ အနေဖြင့် စနစ်အတွင်း ဝင်ရောက်အသုံးပြုရန် (Member Registration) ပြုလုပ်ရမည်ဖြစ်သည်။ ငွေကြေးပေးသွင်းမှုအတွက် လတ်တလောတွင် မြန်မာနိုင်ငံသားများဘဏ် (MCB eCommerce Pay) ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး မကြာမီ MPU eCommerce pay ဖြင့်ပါ ပေးသွင်းနိုင်ရန် ဆောင်ရွက် လျက်ရှိသည်။

အဆိုပါလိုင်စင်များအတွက် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာန (MACCS) စနစ်သို့ အီလက်ထရွန်နစ်ဒေတာဖြင့် ဆက်လက် ချိတ်ဆက်ပေးပို့သွားမည်ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက် ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် Myanmar Tradenet Member ဝင်ရောက်ထားခြင်း မရှိသေးပါက Member ဝင်ခြင်း၊ Security အတွက် Google Authenticator အား အသုံးပြုမည့် လက်ကိုင်ဖုန်းတွင် Install ပြုလုပ်ခြင်းနှင့် ၎င်း Google Authenticator နှင့် Myanmar Tradenet Account ချိတ်ဆက် ထားခြင်း၊ MCB Bank တွင် Account ဖွင့်လှစ် ထားခြင်းမရှိသေးပါက Account ဖွင့်လှစ်ခြင်း စသည့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။

လိုင်စင်လျှောက်ထားမှုနှင့် ပတ်သက်၍ မေးမြန်းလိုပါက နေပြည်တော် ဖုန်းနံပါတ် ၀၆၇–၄၀၈၂၂၁ နှင့် ရန်ကုန် ဖုန်းနံပါတ် ၀၁ – ၃၇၁၂၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ ကျောဖုံးမှ**

၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် မြန်မာနိုင်ငံ၌ ကားအစီးရေ ၁၃၃၀၀ ကို ထုတ်လုပ်ခဲ့ရာ ယခင်နှစ်ထက် ၁၂၅ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ကားသစ်ရောင်းချမှုတွင် ဈေးကွက်ရှယ်ယာ ၆၀ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့ပြီး အစီးရေ ၁၃၂၀၆ စီးကို ရောင်းချနိုင်ခဲ့ရာ ယခင်နှစ်ထက် ၁၂၈ ရာခိုင်နှုန်း တိုးတက်ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

**မျှော်မှန်းထား**

Suzuki သည် ယခုစက်ရုံသစ်ကို တည်ဆောက်ခြင်းဖြင့် ဆက်လက် ကြီးထွားလာရန် မျှော်မှန်းထားသော မြန်မာနိုင်ငံ၏ မော်တော်ကားဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရ သည်။

Suzuki Thilawa Motor Co., Ltd. ၏ လုပ်ငန်းတည်နေရာသည် သီလဝါ အထူးစီးပွားရေးဇုန်တွင် မြေအကျယ်အဝန်း စတုရန်းမီတာ ၂၀၀၀၀၀ ရှိကြောင်း၊ အဆောက်အဦ ဧရိယာမှာ လက်ရှိစက်ရုံ စတုရန်းမီတာ ၄၀၀၀ ပြီး စက်ရုံသစ် စတုရန်းမီတာ ၄၂၀၀၀ ရှိကြောင်း၊ စက်ရုံသစ်အတွက် ရင်းနှီးမြှုပ်နှံငွေပမာဏ ဂျပန်ယန်း ၁၂ ဘီလီယံရှိကြောင်း သိရသည်။

**မြင့်မောင်**

---

**❖ ရှမ်းပြည်နယ်အစိုးရမှ**

သတင်းပို့ရမည့်နေရာဌာန၊ မိသားစုများနှင့်အတူရောနှောနေထိုင်ခြင်းမပြုဘဲ ၁၄ ရက်ခန့် သီးခြားနေထိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ကြေညာ ချက်ကို တိကျစွာလိုက်နာဆောင်ရွက်ရန်စသည့် အသိပညာပေးဟောပြောမှုကို ပြုလုပ်ခဲ့သည်။

နေရပ်ပြန်များ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းပေါင်းစုံဖွင့်လှစ်ပေးထားပြီး ခရီးသည်များအား ကျသင့်သောဈေးနှုန်းထက် ငွေကြေးပိုမိုကောက်ခံခြင်းမပြုကြရန် ညွှန်ကြား ထားကြောင်း၊ COVID–19 ကျန်းမာရေးကြိုတင်ကာကွယ်မှုကို စနစ်တကျ စစ်ဆေးလျက်ရှိကြောင်း၊ နေရပ်ပြန်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စနစ်တကျစာရင်းကောက်ခံ၍ ပြည်နယ်အစိုးရထံသို့ပေးပို့ပြီး ပြည်နယ်အစိုးရမှ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသို့ စနစ်တကျပြန်လည် လွှဲပြောင်းပေးခြင်းများကို စီစဉ်ဆောင်ရွက်ထားကြောင်း၊ မတ် ၂၅ ရက်တွင် ၅၀၀ ခန့်နှင့် ၂၆ ရက်တွင် ၂၀၀ ကျော် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ထံမှ သိရသည်။

COIVD–19 ကြောင့် တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင် နေသော ထိုင်းနိုင်ငံသားများလည်း မိမိနေရပ်သို့ ပြန်လည်ထွက်ခွာလျက်ရှိရာ မတ် ၂၅ ရက်က ၄၂၇ ဦး ပြန်လည်ထွက်ခွာပြီး မတ် ၂၆ ရက်တွင်လည်း ဆက်လက်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

---

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း
[illegible]

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**



## COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၆**

COVID –19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဝန်ထမ်းများက ပြည်သူများနှင့်ပူးပေါင်းပြီး ရပ်ကွက်၊ ကျေးရွာများအရောက် ပညာပေးခြင်းလုပ်ငန်းများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှိ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုရှိ ဦးစီးမှူးများအား အင်တာနက်ကွန်ရက် Video Conferencing ဖြင့် ယနေ့နံနက်ပိုင်းက ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ဝန်ထမ်းများအနေဖြင့် COVID –19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်သူများအား ထိရောက်စွာ အသိပညာပေးခြင်းလုပ်ငန်းကို မူလတာဝန်များနှင့် ပူးတွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသော COVID –19 ရောဂါဆိုင်ရာ လိုက်နာဆောင်ရွက်ရန်များကို ပြည်သူများ ပိုမိုသိရှိ သဘောပေါက်နားလည်ကြရန် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဤရောဂါသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားပျံ့နှံ့နေပြီဖြစ်သောကြောင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုများသောနိုင်ငံများမှ ပြန်လာကြသူများကို ရောဂါပိုးကူးစက်ခံရနိုင်သည်ဟု ယူဆသတ်မှတ်ရမည်ဖြစ်ကြောင်း၊ ထိုသူများကိုလည်း နားလည်အောင် မိမိတို့က ရှင်းပြပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ယူဆပြီး ဆောင်ရွက်ခြင်းသည် ၎င်းတို့ကိုယ်တိုင်အတွက်သာမက ၎င်းတို့၏ မိခင်၊ ဖခင် မိသားစုဝင် အဘိုး၊ အဘွားများအတွက်လည်းဖြစ်ကြောင်းကို သိရှိသဘောပေါက်အောင် ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ပြန်လည်ဝင်ရောက်လာကြသူများသည် ၁၄ ရက်ကြာ သီးခြားခွဲ၍နေထိုင်ကြရန် အရေးကြီးပြီး ယခုလိုဆောင်ရွက်စေခြင်းသည် ခွဲခြားဆက်ဆံခြင်းလုံးဝမဟုတ်ဘူးဆိုသည်ကို သိရှိအောင်ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသူများအတွက် နေထိုင်စားသောက်ရေး အစီအမံများ၊ နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) တစ်ခုသတ်မှတ်ပြီး စီစဉ်ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့မဟုတ် ၎င်းတို့နေအိမ်၌ နေထိုင်လိုပါကလည်း မိသားစုဝင်များနှင့် သီးခြားနေထိုင်စေလိုပြီး ထိတွေ့ဆက်ဆံမှုများမပြုလုပ်ကြရန် အလွန်အရေးကြီးကြောင်းကို ရှင်းလင်းပြကြရန်ဖြစ်ကြောင်း။

အသိပညာပေးမှုများကို ရပ်ကွက်၊ ကျေးရွာများတွင် ပိုမိုထိရောက်အောင် အသံချဲ့စက်များဖြင့်လှည့်လည်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ပြန်လာကြသူများအနေဖြင့်လည်း သက်ဆိုင်ရာဌာနများသို့ သတင်းပို့ကြရန် အရေးကြီးပါကြောင်း၊ သတင်းပို့မှသာ မိမိမှာ ရောဂါပိုးကူးစက်ခံရပါက အချိန်မီထိန်းချုပ်ကုသမှုခံယူနိုင်ပြီး မိမိမိသားစု၊ ရပ်ကွက်၊ ကျေးရွာကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံခြားမှပြန်လာကြသူများ သတင်းပို့နိုင်ရေးကိုလည်း ပါဝင်ကူညီကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့နည်းလမ်းများကို ပြည်သူတစ်ယောက်ချင်းက ကိုယ့်တာဝန်ကိုယ်ယူကြရမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသော ကူးစက်ရောဂါနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် အကျုံးဝင်ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ အခန်း(၁) ပုဒ်မ(၂)(ခ)အရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် လူ (သို့မဟုတ်) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း ပါဝင်ပါကြောင်း၊ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ညွှန်ကြားချက်များကို ပြည်သူများ သိရှိလိုက်နာရန်လိုပါကြောင်း၊ မလိုက်နာပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ပြည်သူများသည် ဥပဒေကိုသိရှိပြီး လိုက်နာဆောင်ရွက်ရန် ပညာပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ဥပဒေကိုသိရန် ဝန်ထမ်းများက ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များကို သိရှိလိုက်နာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်းပြီး အစိုးရ၏ ထုတ်ပြန်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

**နေပြည်တော် မတ် ၂၆**

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့ ညနေ ၃ နာရီခွဲအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့လှူဒါန်းသော အလှူရှင်များစာရင်း (၂၆.၃.၂၀၂၀)(၁၅:၃၀)နာရီ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် | ၅၀၀.၀၀ |
| ၂။ | AA Medical | ၁၀၀.၀၀ |
| ၃။ | AMTT | ၂၀.၀၀ |
| ၄။ | DKSH Co., Ltd | ၂၀၀.၀၀ |
| ၅။ | FAME Pharmaceuticals Industry Co., Ltd | ၂၀၀.၀၀ |
| ၆။ | မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း | ၁၀၀.၀၀ |
| ၇။ | Zifam Pyrex Myanmar Co., Ltd, Pinnacle House Co., Ltd | ၅၀.၀၀ |
| ၈။ | KTZ Co., Ltd | ၅၀.၀၀ |
| ၉။ | Fair Deal Co., Ltd | ၅၀.၀၀ |
| ၁၀။ | United Pharma Co., Ltd | ၅၀.၀၀ |
| ၁၁။ | U Aye Myint (Roasis Co., Ltd) | ၅၀.၀၀ |
| ၁၂။ | Royal Ruby Co., Ltd | ၃၀.၀၀ |
| ၁၃။ | Lifeline Co., Ltd | ၃၀.၀၀ |
| ၁၄။ | TTO Pharm Co., Ltd | ၃၀.၀၀ |
| ၁၅။ | Zar & Zar Co., Ltd | ၃၀.၀၀ |
| ၁၆။ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | ၁၀၀.၀၀ |
| ၁၇။ | ဦးတင်ဦး+ ဒေါက်တာထွေးသန္တာရီ (IEM Co.,Ltd) | ၁၀၀.၀၀ |
| ၁၈။ | ဦးဝင်းလွင် + ဒေါ်မြတ်မြတ်မော် (မြတ်မိဘ ကုမ္ပဏီ) | ၅၀၀.၀၀ |
| ၁၉။ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | ၂၀၀.၀၀ |
| ၂၀။ | ဦးအောင်ရဲဝင်း+ ဒေါ်နှင်းဝေလွင် (Galaxy Software Co.,Ltd) | ၁၀၀.၀၀ |
| ၂၁။ | (၂၀–၃–၂၀၂၀)ရက်နေ့မှ (၂၅–၃–၂၀၂၀)ရက်နေ့အထိ အများပြည်သူများ၏ လှူဒါန်းငွေ | ၄၆၃.၂၆၃ |
| | **စုစုပေါင်း** | **၂၉၅၃.၂၆၃** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

# COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၁/၂၀၂၀) ကျင်းပ

**နေပြည်တော် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၈ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသော COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၁/၂၀၂၀) သို့ တက်ရောက်သည်။



**ဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုချိတ်ဆက်မှု ကောင်းမွန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဌာန (Central Command Centre) ကို ယနေ့မှ စတင်၍ အဆင့်မြှင့်ကာ ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌ ပြည်ပမှ ရောက်ရှိလာသူ သုံးဦးတွင် COVID–19 ရောဂါ တွေ့ရှိနေပြီဖြစ်သဖြင့် မိမိတို့သည် လက်ရှိဆောင်ရွက်နေသော နည်းဗျူဟာများကို ပြောင်းလဲလာသည့် အခြေအနေနှင့်ကိုက်ညီစွာ မွမ်းမံပြင်ဆင်၍ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား လျင်မြန်ပြတ်သားစွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ နေ့စဉ်ထောင်ချီ၍ အစုလိုက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေမှုအခြေအနေသည် COVID–19 ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားရန်အတွက် အခွင့်အလမ်းအလွန်များပြီး အန္တရာယ်လည်းကြီးမားပါကြောင်း။

ထို့ကြောင့် မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများအနေဖြင့် ဤအချက်ကိုနောက်ခံထားကာ ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**လမ်းညွှန်ချက်များ လိုက်နာ**

ဤကဲ့သို့ အစုလိုက်အပြုံလိုက်ဝင်ရောက်မှု အခြေအနေသည် ကမ္ဘာ၌ အလွန်ထူးခြားသော အခြေအနေတစ်ခုဖြစ်ပြီး အဆိုပါအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်အကြောင်းကြားပြီး လိုအပ်သော အထောက်အပံ့များ ပိုမိုရရှိရန် ဆောင်ရွက်နေပါကြောင်း။

ဤသို့ ဝင်ရောက်လာသော မိမိတို့နိုင်ငံသားများအနေဖြင့် မိမိတွင် ရောဂါပါလာပါက မိမိမှနေ၍ မိမိ၏ မိသားစုများ၊ မိတ်ဆွေများ၊ ရပ်ကွက်တွင်းရှိပြည်သူများအား မကူးစက်ရန် အလွယ်ဆုံးသော နည်းလမ်းမှာ ၁၄ ရက်တာကာလ အသွားအလာကန့်သတ်ခြင်းကို အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို တိတိကျကျ နေ့စဉ်မပြတ် လိုက်နာခြင်းဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ သတ်မှတ်နေရာ အဆောက်အဦ (facility quarantine center) များတွင် COVID–19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဟိုတယ် quarantine center များတွင် COVID–19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို သေချာစွာ လိုက်နာကျင့်သုံးပါက ပြည်ပမှရောဂါပိုး ကူးစက်ခံရသူများမှတစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားမှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဤကိစ္စကို အောင်မြင်ရန် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ဆရာဝန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရပ်ကွက်လူကြီးများက လက်ကိုင်အသံချဲ့စက်ငယ်များ၊ အသံချဲ့စက်များကိုအသုံးပြုကာ သင့်လျော်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ဖြင့် လှည့်လည်၍ ပြည်သူများအား အသိပေးရမည်ဖြစ်ပါကြောင်း။

**ထုတ်ပြန်ထားပြီး**

လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ ပြောကြားရမည့် COVID–19 ရောဂါနှင့်ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်း၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ အသွားအလာကန့်သတ်၍ စောင့်ကြည့်ခြင်းခံရသူများ လိုက်နာရမည့်အချက်များ၊ ပြည်သူများ ဝိုင်းဝန်းကူညီရမည့် အချက်များ စသည်ဖြင့် ပြည်သူများ သိရှိလိုက်နာရမည့် အဓိကလိုအပ်သည့်အချက်များကို ပြည်သူများနားလည်ရန် လွယ်ကူသော အသုံးအနှုန်းစာသားဖြင့် ပြုစုထားရှိပြီး မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ရှင်းလင်းတိကျစွာ ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ စသည့်အဆင့်တိုင်း၌ COVID–19 ရောဂါနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပြည်သူလူထုအခြေပြု၊ ဆေးရုံအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်း၊ သတ်မှတ်နေရာ အဆောက်အဦနှင့် နေအိမ်များတွင် ထားရှိကာ အသွားအလာကန့်သတ်ခြင်းပြု၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ COVID–19 ရောဂါ သံသယလူနာနှင့် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် ဆေးရုံများတွင် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်မည့် ဓာတ်ခွဲပစ္စည်းကိရိယာများ မှာယူဖြည့်ဆည်းခြင်း၊ အမျိုးမျိုးသော လုပ်ငန်းလမ်းညွှန်များ ပြုစုထုတ်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများသိရှိရန်နှင့် အကြံပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် အဓိကကျသည့် လုပ်ငန်းများ (Key action) နှင့် ဗဟိုမှ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်း (PPE) များ ပေးပို့ထောက်ပံ့မှု အခြေအနေများကို နေ့စဉ် အသိပေးသွားတော့မည်ဖြစ်ပါကြောင်း။

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပြည်သူများမှ လှူဒါန်းသောငွေကြေး၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်းကိုလည်း ပြည်သူများ သိရှိနိုင်စေရန် မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၌ နေ့စဉ်ထုတ်ပြန်ကြေညာသွားတော့မည်ဖြစ်ပါကြောင်း။

**ဖြည့်ဆည်းပေးလျက်ရှိ**

ဗဟိုမှလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူရရှိသော ဆေးနှင့်ဆေးပစ္စည်းများကို လည်းကောင်း၊ လှူဒါန်းရရှိသော ဆေးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဆေးရုံများမှ တောင်းခံချက်များအား အမြန်ဆုံး၊ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရာတွင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အားလုံးသိရှိနိုင်ရန်နှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းထားသော COVID–19 email group တွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများကိုလည်း ထပ်မံထည့်သွင်း၍ အသိပေးဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း။

**ဒေသခံ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း**

ထိုကဲ့သို့ ပြည်သူလူထုအခြေပြုကာ သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ကို စနစ်တကျဆောင်ရွက်သွားနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တိကျသော လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးကာ ပြည်သူလူထုနှင့် ရပ်ကွက်/ ကျေးရွာ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ၏ မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်မည့် နေရပ်လိပ်စာ အတိအကျကိုရယူပြီး အသွားအလာကန့်သတ်ကာ နေထိုင်စေမည့်နေရာပြမြေပုံ (Quarantine Mapping) များ ရေးဆွဲ၍ အသွားအလာကန့်သတ်ကာ နေထိုင်စေသည့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေကို သက်ဆိုင်ရာမြို့နယ်ဆရာဝန်များသည် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး၊ ရပ်ရွာပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုရယူကာ နေ့စဉ်စောင့်ကြည့် သတင်းရယူပြီး အဆင့်ဆင့် ဆက်သွယ်အကြောင်းကြားရမည် ဖြစ်ပါကြောင်း။

ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက အဆိုပါလူနာ နေ့ရက်အလိုက် သွားရောက်ခဲ့သည့် မြို့များ၊ နေရာများ၊ စီးနင်းခဲ့သည့်ယာဉ်များကို စုံစမ်းဖော်ထုတ်ကာ အများပြည်သူသိရှိအောင် သတင်းစာ၊ တီဗွီ၊ ရေဒီယို၊ အင်တာနက်စာမျက်နှာတွင် ကြေညာခြင်းဖြင့် ထိုသူနှင့် ထိတွေ့၊ နီးစပ်ခဲ့သူများကို အသိပေးဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် မြို့နယ်ဆရာဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်ချက်များကို မိမိဒေသအခြေအနေနှင့် ကိုက်ညီစွာဖြင့် ထိရောက်စွာ စီမံဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့်လည်း ဝန်ထမ်းများကို လိုအပ်သလို သင့်လျော်သောနေရာများတွင် ခေတ္တပြောင်းလဲထမ်းဆောင်စေပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

၎င်းအစည်းအဝေးတွင် နိုင်ငံတကာ၌ ရောဂါဖြစ်ပွားပျံ့နှံ့မှု၊ သေဆုံးမှုအခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များ၊ COVID–19 ရောဂါလူနာ သုံးဦးအား ကုသပေးနေမှုနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ၊ ၎င်းတို့နှင့်ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ကာ အသွားအလာကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်ထားမှု၊ သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုများ၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်စပ် ဝင်၊ ထွက်ပေါက်များတွင် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဦးဆောင်သည့် အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ (EHO) နှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှုနှင့် ဖြန့်ဝေမှု စသည့်ကိစ္စရပ်များ၊ ကမ္ဘာ့နိုင်ငံများမှ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက်များအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများအား မိမိတို့အနေဖြင့်လည်း အမြန်ဆုံးဝယ်ယူရန်ကိစ္စ၊ သင်တန်းပြီးမြောက်ခဲ့ပြီး လုပ်ငန်းခွင် မဝင်ရောက်ရသေးသော ကျန်းမာရေးမှူးများ၊ ဘက်စုံသားဖွားဆရာမများအနက်မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများကို ဖိတ်ခေါ်ရန် စီစဉ်ဆောင်ရွက်နေမှု စသည်တို့အား ဆွေးနွေးခဲ့ကြသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်



# COVID-19 ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် ငွေကျပ် သိန်းပေါင်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံနှင့်လူသုံးပစ္စည်းများ ကမ္ဘောဇဘဏ်လှူဒါန်း

**နေပြည်တော် မတ် ၂၆**

မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို ကမ္ဘောဇဘဏ်က လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် မတ် ၁၈ ရက်မှစတင်၍ လှူဒါန်းမှုများပြုလုပ်ခဲ့ရာ ထိုနေ့တွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် သံသယနှင့် ကူးစက်ခံရသောလူနာများအတွက် ကနဦးမတည်ငွေကျပ် သိန်း ၁၀၀၀ ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည်။

ထို့နောက် ကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံး နှာခေါင်းစည်း ခုရေ ၄၀၀၀၀၀ လှူဒါန်းရန်အတွက် တရုတ်နိုင်ငံမှ ဝယ်ယူခဲ့ရာ ရွှေလီမြို့သို့ရောက်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း လှူဒါန်းသွားမည် ဖြစ်သည်။

ထို့အပြင် ပြည်တွင်းဈေးကွက်တွင် ပစ္စည်းများ ရှားပါးပြတ်လပ်မှုမရှိစေရန်အတွက် ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် ခေါင်းစွပ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ လက်အိတ်များ အပြည့်အစုံပါဝင်သော CE Standard PPE ဝတ်စုံ ၂၁၀၀၀၊ ၅၀၀ မီလီပါဝင်သည့် Hand Gel ဘူး ၁၀၀၀၀ တို့ကို ကမ္ဘောဇဘဏ်က တရုတ်နိုင်ငံမှ တိုက်ရိုက်ဝယ်ယူထားပြီး အမြန်ဆုံးလှူဒါန်းသွားမည်ဖြစ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ဆန် နှစ်ပြည်၊ ဆီတစ်ဘူး၊ ဆား၊ ကုလားပဲ တစ်ပိဿာနှင့် ငွေကျပ်တစ်သောင်းစီပါသော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀ ကိုကမ္ဘောဇဘဏ်က အသင့်ပြင်ဆင်ထားသည်။

ကမ္ဘောဇဘဏ်သည် မတ် ၂၆ ရက်အထိ COVID–19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် ကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီး ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုဇော်

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား မေတ္တာရပ်ခံပန်ကြားချက်

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မတ်လ (၂၆) ရက်နေ့**

ယနေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃) ဦး တွေ့ရှိထားပါတယ်။

မိမိတို့ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြပြီး ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကြိုဆိုပါကြောင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း အသိပေးပြောကြားလိုပါတယ်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံတွင် နေထိုင်ခဲ့စဉ်က COVID–19 ရောဂါပိုး ကူးစက်ခံရနိုင်ချေရှိပြီး အကယ်၍ ရောဂါကူးစက်ခံခဲ့ရပါက မိမိမှတစ်ဆင့် မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ရပ်ကွက်/ ကျေးရွာနေ ပြည်သူများသို့ ရောဂါကူးစက် မပျံ့နှံ့စေရန်အတွက် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော (က) အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ (ခ) သတ်မှတ်နေရာ အဆောက်အဦများတွင် COVID–19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သေချာစွာလိုက်နာကျင့်သုံးပါက ရောဂါဆက်လက် ပြန့်ပွားမှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါတယ်။

မိမိတို့အနေဖြင့်လည်း ထိုင်းနိုင်ငံမှ လတ်တလော ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများ၏ နေရပ်လိပ်စာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ ဒေသအသီးသီးသို့ အကြောင်းကြားထားပြီးဖြစ်သည့်အတွက် ပြန်လည်ရောက်ရှိလာသူများအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာန (သို့မဟုတ်) အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြား၍ သတ်မှတ်နေရာ အဆောက်အဦများတွင် (၁၄)ရက်ကြာ အသွားအလာကန့်သတ်မှုကို လိုလားစွာ လက်ခံဆောင်ရွက်စေလိုပါတယ်။ အသွားအလာကန့်သတ်ခံရသူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ပြည်သူလူထုများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

ထိုကဲ့သို့ အသွားအလာကန့်သတ်ပြီး နေထိုင်နေစဉ် ကာလအတွင်း မိမိတို့၏ ကျန်းမာရေးအခြေအနေကို သက်ဆိုင်ရာကျန်းမာရေးဌာနသို့ နေ့စဉ်မပျက်မကွက် သတင်းပေးပို့ခြင်းဖြင့် ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက စောစီးစွာ ကုသမှုပေးနိုင်မည့်အပြင် မိသားစုဝင်များနှင့် အခြားသူများသို့ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ခြင်းကြောင့် အလွန်အကျိုးရှိပြီး နိုင်ငံသားတစ်ဦး၏ တာဝန်ကိုလည်း ကျေပွန်ရာရောက်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံ



**နေပြည်တော် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ ညနေပိုင်းတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးအောင်ရဲဝင်းနှင့် ဒေါ်နှင်းဝေလွင်(Galaxy Software Company မိသားစု)က လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို လာရောက်လှူဒါန်းမှုအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)တွင် လက်ခံခဲ့သည်။

**ပြောကြား**

အလှူရှင်များက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာတွင် ကမ္ဘာအနှံ့ COVID–19 ရောဂါ ပျံ့နှံ့ဖြစ်ပွားနေချိန်တွင် မိမိနိုင်ငံအတွက် ရှေ့တန်းမှ စွမ်းစွမ်းတမံ ကာကွယ်ကုသပေးနေကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းများအား ကူညီအားပေးသောအနေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဤလှူဒါန်းငွေများကို ပြည်သူများအတွက် အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ အသုံးပြုသွားမည် ဖြစ်ကြောင်း။

ယခု လှူဒါန်းငွေများသည် ယခုဖြစ်ပွားနေသော COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် သာမက အထူးကြပ်မတ်ကုသဆောင်များတွင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်သုံးစွဲနိုင်မည်ဖြစ်၍ အရေးပေါ်လူနာများ၊ အသည်းအသန်ဖြစ်နေသော လူနာများကို ကုသရာတွင် အလွန်အသုံးဝင်မည်ဖြစ်၍ ရေရှည်အကျိုးရှိမည် ဖြစ်ပါကြောင်း။

**အကျိုးရှိ**

ယခုလှူဒါန်းမှုသည် လှူဒါန်းသူများအတွက် အလွန်ကုသိုလ်ရပြီး အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းလှူဒါန်းပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်(ကျန်းမာရေး)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သတင်းစာ ဆရာကြီးဖိုးသောကြာ(ခေတ်+မိုး) စာနယ်ဇင်းလောကကို အပြီးတိုင် ကျောခိုင်း



မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ နာယကတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ သတင်းစာဆရာကြီး ဦးခင်မောင်လေး (ခ) ဖိုးသောကြာ (ခေတ်+မိုး)သည် မတ် ၂၆ ရက် ညနေပိုင်းက သူချစ်သော စာနယ်ဇင်းလောကကို အပြီးတိုင် ကျောခိုင်းသွားခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်းက "ဆရာကြီးက ရှေ့မီနောက်မီ တကယ့်သတင်းစာဆရာကြီး တစ်ယောက်လည်း ဖြစ်တယ်၊ အသက်အရွယ်နဲ့ မလိုက်အောင် သတင်းမီဒီယာလောကကို လက်ဆင့်ကမ်းပြီး မကွယ်လွန်မီအချိန်ထိ တောက်လျှောက်လုပ်ဆောင်ခဲ့တယ်၊ ကျန်းမာရေးအရသာနားသွားတာ၊ သူ့အသက်အရွယ်နဲ့ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့တယ်၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ပြန်လည်ထူထောင်တဲ့ အချိန်မှာလည်း ပါဝင်ခဲ့တယ်၊ နာယကအနေနဲ့ လုပ်ခဲ့တယ်။ တကယ့်သတင်းသမားစစ်စစ်ကြီးတစ်ဦးပါ။ ဒီလို လူမျိုးတစ်ယောက် ဆုံးပါးသွားတဲ့အတွက် သတင်းမီဒီယာလောကအတွက် ဆုံးရှုံးမှုကြီးတစ်ခုပါ"ဟု ဝမ်းနည်းစကားဆိုသည်။

သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+ မိုး)၏ အမည်ရင်းမှာ ဦးခင်မောင်လေးဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် သရုပ်ဆောင် ဖိုးသောကြာ ပေါ်လာသည့်အတွက် ၎င်း၏ ကလောင်အမည် ဖိုးသောကြာ နောက်တွင် ယခင်က ၎င်းအယ်ဒီတာချုပ်လုပ်ခဲ့သော ဗမာ့ခေတ်နှင့် မိုးကြိုးသတင်းစာ အတိုကောက် (ခေတ်+မိုး)ဟု ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်။

ဆရာကြီးသည် ၁၉၅၂ ခုနှစ်မှ စတင်ကာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုအာမခံစနစ်အဖွဲ့(UIB)၌ အောက်တန်းစာရေး(LDC) မှ အာမခံအရာရှိအဆင့်၊ ထိုမှတစ်ဆင့် အလယ်တန်းပြဆရာ(JAT)မှ အလယ်တန်းတာဝန်ခံကျောင်းအုပ်၊ အစိုးရအလယ်တန်းကျောင်း၊ ထိုမှတစ်ဆင့် ပြည်သူဆက်ဆံရေးအရာရှိ(PRO) ပြန်ကြားရေးဌာန၊ ရှမ်းပြည်နယ်အစိုးရတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ညောင်တုန်းမြို့ အစိုးရမူလတန်းလွန်ကျောင်း (S.P.P.S) ကျောင်းသားသမဂ္ဂမှထုတ်ဝေသောပညာရေးတပ်ဦးစာစောင်တွင် စာရေးဆရာ ရောင်နီ (ကွယ်လွန်)နှင့်အတူ စာတည်းလုပ်ခဲ့ပြီး ထိုစဉ်က ဟံသာဝတီသတင်းစာ၊ တနင်္လာအချပ်ပို၊ ငွေတာရီမဂ္ဂဇင်းနှင့် ပဒေသာမဂ္ဂဇင်းတို့တွင် ဘုန်းနွယ်ကလောင်အမည်ဖြင့် ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ သုဝဏ္ဏတိုင်းဂျာနယ်၌ စဘုန်းနွယ်ကလောင်အမည်နှင့် မျိုးဖျက်ရန်သူ ပထမဆုံးအခန်းဆက် ဝတ္ထုရှည်နှင့် ကဗျာ၊ ဆောင်းပါးများရေးခဲ့ပြီး ၁၉၅၀ ပြည့်နှစ်၌ စီးပွားရေးသတင်းစာ၊ ကော်လံစား သတင်းထောက်၊ မြန်မာနိုင်ငံကလောင်သစ်များအဖွဲ့ချုပ် စည်းရုံးရေးမှူး၊ ၁၉၅၃ ခုနှစ် ဗမာ့ခေတ်သတင်းစာနှင့် လူထုသတင်းစာ၊ တောင်ပိုင်း ရှမ်းပြည်နယ်သတင်းထောက်၊ ၁၉၅၅ ဗမာ့ခေတ်သတင်းစာ လခစားသတင်းထောက်မှ တာဝန်ခံအယ်ဒီတာ၊ ၁၉၆၀ မိုးကြိုးသတင်းစာ အယ်ဒီတာချုပ်အဖြစ် စာပေတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် ၁၉၅၆ ခုနှစ် မြန်မာနိုင်ငံ သတင်းထောက်များအသင်း(BBA)၏ အကောင်းဆုံး သတင်းရေးသားဆု ချီးမြှင့်ခံရသည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း(B.J.A) အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် မြန်မာတစ်ပြည်လုံးမှ သတင်းထောက်များအတွက် ကမ္ဘာ့အေး ရက်တိုသင်တန်းကြီးကြပ်ရေး ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အမျိုးသား၊ အိုးဝေသတင်းစာများအယ်ဒီတာ၊ အိုးဝေဂျာနယ်အယ်ဒီတာ၊ သတင်းဂျာနယ်ပင်တိုင်ဆောင်းပါးရှင်၊ ၁၉၈၉ ခုနှစ် မြန်မာနိုင်ငံ–နိုင်ငံခြားသတင်းထောက်များအသင်း (UMFCC)ကျိုဒို၊ သတင်းဌာနဝန်ထမ်းနှင့် ၎င်းအသင်းမှ ဖွင့်လှစ်သော သတင်းစာပညာသင်တန်းများ၌ သင်တန်းမှူး သင်တန်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဖိုးသောကြာသည် နိုင်ငံရပ်ခြား ခရီးစဉ်များအဖြစ် ၁၉၅၆ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော သတင်းစာ ကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး၊ ၁၉၆၁ ခုနှစ် အိန္ဒိယနိုင်ငံသို့ စေလွှတ်သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သတင်းစာအယ်ဒီတာများ၊ သတင်းစာပညာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့သို့ ၁၉၆၂ ခုနှစ်၌ သတင်းစာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့သည်။

ယနေ့အထိ ဆောင်းပါး၊ ဘာသာပြန်ဝတ္ထု၊ ကဗျာပုဒ်ရေ တစ်ထောင်ခန့်ရေးသားခဲ့ပြီး ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် လည်းကောင်း၊ ထုတ်ဝေသူအဖြစ်လည်းကောင်း၊ သင်တန်းနည်းပြအဖြစ်လည်းကောင်း၊ ကြီးကြပ်သူ၊ အယ်ဒီတာအဖြစ် လည်းကောင်း၊ စာတည်းမှူးချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေလုပ်ငန်းရှင်များအသင်း(M.P.P.A)ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းတွင် နာယကအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)တွင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီး သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဆရာကြီး ဦးခင်မောင်လေး(ခ)ဖိုးသောကြာ(ခေတ်+မိုး) ကွယ်လွန်ချိန်တွင် အသက်(၈၇)နှစ်ရှိပြီဖြစ်ပြီး ဇနီးနှင့်သားသမီးနှစ်ဦး ကျန်ရစ်ခဲ့သည်။ ဆရာကြီး၏ ဈာပနအခမ်းအနားကို ရေဝေးသုသာန်၌ မတ် ၂၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

**စိမ်းခက်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၅–၃–၂၀၂၀ နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၇–၂–၂၀၂၀ နေ့မှ ၆–၃–၂၀၂၀ နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူဂျာနယ် ငါးဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၁၁ဦး၊ ပေါင်း ၁၈ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀–၁၀–၂၀၁၄ နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၂၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၄၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉၀ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၇၅၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၆**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ထိခိုက်တဲ့ဟာတွေ ပြောပြတယ်ဆိုတာ ဒီအချိန်မှာ လူစုလူဝေး လုပ်ချင်တဲ့ဆန္ဒ လုံးဝမရှိဘူး ကျွန်တော်တို့ဆို လုပ်လို့ရတဲ့ နေရာလေးတွေ ရှိတယ်။ ကျွန်တော်တို့ ကိုယ်နှိုက်က ကိုယ့်ကျင့်ဝတ်နဲ့ကိုယ်ထိန်းတာ

မင်းသားဖိုးချစ်

## COVID-19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

COVID-19 ရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၂ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ စာရေးဆရာ လက်ာရည်ကျော် (ဒေါက်တာရဲမြင့်ကျော်၊ ပါမောက္ခ၊ ဌာနမှူး ကလေးဆေးရုံကြီး-ရန်ကုန်)၊ တေးသံရှင် ဖြူဖြူကျော်သိန်းနှင့် မြန်မာ့ဇာတ်သဘင်မှ မင်းသားဖိုးချစ်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ COVID-19 အသိပညာပေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် -

မှတ်တမ်း - သီတာဌေး (ပြန်/ဆက်)
ဓာတ်ပုံ - ရဲသူရအောင် (ပြန်/ဆက်)

(၂၄-၃-၂၀၂၀မှ အဆက်)

**ဒေါက်တာခင်မောင်လွင်**

ဒီစိန်ခေါ်မှုကလည်း မမျှော်လင့်ဘဲနဲ့ အလွန်ကြီးမားတဲ့ စိန်ခေါ်မှု၊ ကြုံတွေ့ရခဲ့တဲ့ စိန်ခေါ်မှုပေါ့။ ဒါပေမယ့် ဒီနိုင်ငံသားတွေအနေနဲ့ကတော့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ဇာတ်သဘင်ရဲ့ အနုပညာရပ်မပျောက်အောင် တစ်နည်းနည်းနဲ့တော့ ဝိုင်းပြီး ခေါင်းပူအောင် ကြံဆရမယ့် အပိုင်းပါလာတယ်။ ဒါဒီဗိုင်းရပ်စ်ကနေပြီးတော့ ဖြစ်ပေါ်လာနိုင်တဲ့ တီထွင်ဖန်တီးမှုကိုလည်း ကိုဖိုးချစ်တို့ စဉ်းစားပေးဖို့ လိုလိမ့်မယ်။ ဒ့ါအပြင်နောက်ထပ်မေးချင်တာလေးတစ်ခုရှိသေးတယ်။ လူအုပ်မဖြစ်အောင်လုပ်တာ မှန်သော်လည်းပဲ တောင်သို့ လှည့်လည် သဘင်သည်ဆိုသလို လှည့်လည်ပြီးတော့ သွားနေရတဲ့ သဘင်သည်တွေရဲ့ဘဝနဲ့ ဆယ့်နှစ်ပွဲဈေးသည်တွေရဲ့ဘဝတူနေတာတွေ အများကြီးရှိတယ်။

တစ်ယောက်နောက်တစ်ယောက်လိုက်နေတာတွေလည်းပါတယ်။ တချို့ကျတော့လည်း ဘုရားပွဲသက်သက်သွားတာလည်း ရှိတယ်။ သဘင်အစည်းအရုံးဘက်ကနေပြီးတော့ ဟိုတုန်းက ကျန်းမာရေးဌာနကို တောင်းဆိုဖူးတာရှိတယ်။ ဘာလဲဆိုတော့ သူတို့ကျန်းမာရေးအတွက်ကို ကူမယ်။ အခု ကိုဖိုးချစ် ဒီမှာလာပြီး ကူညီသလို သူတို့ကို ကျန်းမာရေးက ဘာပြန်ကူညီမလဲ။ ဒီမေးခွန်းကို သဘင်သည်တွေက မေးကြတယ်။ အခုလည်း ဒါသူတို့ကိုယ်စား ဆရာတို့နှစ်ယောက်ကို ကျွန်တော်မေးချင်တာက ဒီရောဂါမကူးအောင် လုပ်တဲ့နေရာမှာ ခရီးလှည့်လည်သွားလာနေရတာတွေ မသွားရတော့ဘူး။ ဒါကတစ်ပိုင်း သွားရင်းလာရင်းနဲ့လည်း ဒီရောဂါပိုးက ကူးစက်လာနိုင်တဲ့အခြေအနေတွေရှိတယ်။ ဒါနဲ့ပတ်သက်လို့ ဆရာတို့နှစ်ယောက် ဘယ်လိုများ စဉ်းစားသလဲ။ နှစ်ယောက်စလုံး တစ်ပြိုင်နက် ဖြေလို့ရတယ်။ ခွဲပြီးတော့ ဖြေလို့လည်းရတယ်။

**ဒေါက်တာသန်းနိုင်စိုး**

မဖြူနဲ့ ကိုဖိုးချစ်တို့ ပြောတဲ့ဟာကလည်း ကျွန်တော်တို့ စဉ်းစားပါတယ်။ တစ်ဖက်ကလည်း လူစုလူဝေးနဲ့ ပရိသတ်နဲ့ ရှိတော့မှပဲ ဒီပရိသတ်ကြားမှာ ရှင်သန်ရတာပေ့ါနော်။ ဂီတရော၊ သဘင်ရောပေ့ါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အနေအထားကျတော့လည်း နိုင်ငံတကာမှာ ပြန်ကြည့်တဲ့အခါ ကိုရီးယားဖြစ်စဉ်ဆိုရင် တော်တော်လေး သိသာတာပေ့ါနော်။ ကိုရီးယားဖြစ်စဉ်မှာ အဲဒီဘုရားကျောင်းကြီးက တစ်ထပ်ကို လူ ၅၀၀၀ လောက်ဆံ့တယ်။ အထပ်ပေါင်း ကိုးထပ်လောက်ရှိတယ်။ အဲဒီအချိန်မှာ သူက ဝူဟန်ကိုလည်း Mission သွားထားတဲ့အဖွဲ့တွေ ရှိတယ်။ အဲဒီအဖွဲ့ကနေပြီးတော့ လူနာနံပါတ် (၃၁) ဖြစ်တဲ့ အမျိုးသမီးက ဘုရားကျောင်းမှာ လေးခါလောက် ဝတ်လာပြုတယ်။ အဲဒီကနေပြီးတော့ ကိုရီးယားတစ်နိုင်ငံလုံးကို ပြန့်သွားတဲ့အခါကျတော့ သူက ဒီတစ်ယောက်နဲ့ထိတွေ့ပြီးရင် နောက်တစ်ယောက် သူနဲ့ထိတွေ့တဲ့သူ ဘယ်သူတွေရှိခဲ့လဲ။ သူ့ရဲ့ Incubation Period ဖြစ်တဲ့ ရောဂါပြန့်နိုင်တဲ့ကာလပေ့ါ။ အဲဒီမှာ ထိတွေ့ခဲ့တဲ့ သူအားလုံးကို လိုက်ရပါတယ်။

ဒီလူနဲ့ ထိတွေ့တဲ့သူတွေကြားထဲမှာလည်း နောက်ထပ် အဲဒီလူကရော ဘယ်သူနဲ့ ထပ်ပြီး ထိတွေ့ခဲ့လဲ။ အဲဒီလူတွေကြားထဲ လိုက်ရတဲ့အခါ ကိုရီးယားနိုင်ငံဟာ Resource လည်းပြည့်စုံတယ်၊ ချမ်းသာတဲ့နိုင်ငံလည်းဖြစ်တဲ့အခါကျတော့ သူက လူပေါင်းသိန်းနဲ့ချီပြီးတော့ စစ်ဆေးလိုက်တယ်။ အဲဒီထဲမှာ တွေ့တာတွေလည်း အများကြီးပဲ။ လူနာအရေအတွက်တွေ ထောင်တက်သွားတယ်။ အဲဒီတော့ တစ်ဖက်က ဒီဖြစ်စဉ်တွေရှိတယ်။ မလေးရှားဖြစ်စဉ်ဆိုရင်လည်း အဲဒီလိုပဲ၊ အီတလီဖြစ်စဉ်တို့၊ အီရန်ဖြစ်စဉ်တို့ ပြန်ကြည့်လိုက်ရင်လည်း အကုန်လုံးက လူစုလူဝေးကတစ်ဆင့် ပြန့်သွားတဲ့အခါကျရင် ရောဂါက ထိန်းချုပ်ရခက်တယ်။ ရေတိုအားဖြင့် ကြည့်ရင်တော့ မှန်တယ်။ လူစုလူဝေး မလုပ်ရတဲ့အခါ တစ်ဖက်မှာလည်း အခက်အခဲဖြစ်တယ်။ ဒါပေမယ့် ရေရှည်အားနဲ့ ပြန်ကြည့်ရင်




ဒီပရိသတ်ကြီးတွေ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံးကျန်းမာမှသာလျှင် သူတို့ရဲ့ မိသားစုတွေ ပျော်ရွှင်မှသာ ဒီသဘင်တို့ ၊ ဂီတတို့ ကျွန်တော်တို့ရဲ့ ရိုးရာအမွေအနှစ်တွေက ဆက်လက်ပြီးတော့ ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။

**မင်းသားဖိုးချစ်**

ကျွန်တော်တို့က ဒီကာလမှာ ရပ်လိုက်ရတဲ့ ဆုံးရှုံးမှုကို အဲဒီလောက်အထိ ဝမ်းမနည်းဘူး။ ကျွန်တော်တို့ အခုပြောနေတဲ့ ဒီအပေါ်မှာ ဆုံးရှုံးတာမှန်ပေမယ်လို့ ကျွန်တော်တို့ရဲ့ ဆုံးရှုံးမှုက နိုင်ငံတော်နဲ့ ပြည်သူနဲ့ ယှဉ်လိုက်ရင် သေးပါတယ်။ ဒါပေမယ့် ကိုယ့်လောကတော့ ကိုယ်ပဲသိတာပေ့ါ။ ထိခိုက်တဲ့ဟာတွေ ပြောပြတယ်ဆိုတာ ဒီအချိန်မှာ လူစုလူဝေး လုပ်ချင်တဲ့ဆန္ဒ လုံးဝမရှိဘူး။ ကျွန်တော်တို့ဆို လုပ်လို့ရတဲ့ နေရာလေးတွေ ရှိတယ်။ ကျွန်တော်တို့ကိုယ်နှိုက်က ကိုယ့်ကျင့်ဝတ်နဲ့ကိုယ်ထိန်းတာ။

**ဒေါက်တာသန်းနိုင်စိုး**

ရေတိုမှာတော့ ကျွန်တော်တို့အားလုံးက လက်တွဲဝိုင်းဝန်းပူးပေါင်းပြီးတော့ ဒီကာလလေးကို ကျော်ဖြတ်ရမှာပေ့ါ။ ဒါပေမယ့် ရေရှည်မှာတော့ ကျွန်တော်တို့က အခုဆို ဘာပဲပြောပြော တစ်လကျော် အခြေအနေအတွင်းမှာ ကျွန်တော်တို့တိုင်းပြည်ဟာ အခြေအနေကောင်းသေးတဲ့ တိုင်းပြည်ထဲမှာ ပါတာပေ့ါ။ ကျွန်တော်တို့ကို မေးကြတာလည်း ရှိတယ်။ ဆရာတို့ ဖုံးဖိထားလားပေ့ါ။ ဒါတော့ ဆရာကြီးလည်း အသိဆုံးပါပဲ။

**မင်းသားဖိုးချစ်**

စနစ်လေးတစ်ခု ကျွန်တော်ပြောဖို့ရှိတာပေ့ါ။ ကျွန်တော်တို့က ပွဲလမ်းသဘင်တွေမှာ ပွဲမိန့်တင်လို့ ရှိရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထောက်ခံချက်လိုတယ်။ ကျွန်တော်တို့ ငယ်ငယ်က ဖတ်စာအုပ်ထဲမှာ ပါတယ်ဗျ။ လက်ဆေးရမယ်ဆိုတာ အခုမှမဟုတ်ဘူး။ ကျွန်တော်တို့ ကလေးပေါက်စ စာသင်ကတည်းက လက်ဆေးရမယ့်အကျင့်ကို သင်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့တွေက မလိုက်နာခဲ့ဘူး။ ကျွန်တော်တို့အပါအဝင် အလေ့အကျင့်နည်းခဲ့တယ်။

ဆိုလိုတာက ဒီဟာတွေ ပြီးသွားတဲ့ အချိန်မှာလည်းပဲ ဂီတပွဲတွေ၊ ဇာတ်သဘင်နဲ့ပတ်သက်တဲ့ ပွဲလမ်းသဘင်တွေမှာ ကျန်းမာရေး စီမံချက်အနေနဲ့ ဘယ်လိုမျိုး ကူညီနိုင်မလဲဆိုတဲ့ စနစ် ၊ ဒါလေးက ဒီဟာကို အကြောင်းပြုပြီးတော့ လိုအပ်မယ်လို့ မြင်လာတာပါ။ ဆိုလိုတာက ဆယ့်နှစ်ပွဲဈေးသည်တွေက တချို့လည်း အိမ်ရှိတယ်၊ တချို့လည်း အိမ်မရှိဘူး။ သွားလာနေတဲ့အခါမှာ သူတို့ရဲ့ ကျန်းမာရေးပါ။ ကျွန်တော့် ဇာတ်ထဲမှာဆိုရင် ဆေးသေတ္တာပါတယ်။ ဒါပေမယ့် ကျွန်တော့်တစ်ဇာတ်လောက်ပဲ ပါချင်ပါမှာပေ့ါ။ ဗိုက်အောင့်တာ ဘာညာပေ့ါ။ ဒါပေမယ့် အရေးကြီးတဲ့ ကေ့စ်ကတော့ ဆေးရုံသွားရတာပေ့ါ။ ဇာတ်ရုံတွေထဲကိုဝင်လာရင် ကျွန်တော်တို့က အခုဆို Hand Gel ထားပေးတယ်။ လက်ဆေးကန်ထားပေးမယ်။ အပူချိန်စစ်မယ်။ ဒီလောက်ပဲရမယ်။ Mask လှူပေးမယ်။ ဒီလောက်ပဲရမှာပေ့ါ။ ရက်ရှည်သွားရင် နောက်ပိုင်း ကူးစက်နိုင်တဲ့ရောဂါများလေ လူစုလူဝေးတွေမှာ ပညာပေးရင်းနဲ့ ကာကွယ်နိုင်ရင် ပြည်သူကို တော်တော်များများ ထိန်းနိုင်ပြီးသားဖြစ်မယ်။ ဒီလိုစနစ်တစ်ခုလိုပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

မှန်ပါတယ်။ ဒီမှာအနုပညာရှင်တွေနဲ့လည်း တွေ့ရမယ်ဆိုတော့ ကျွန်တော်က အလွန်ဝမ်းသာပါတယ်။ ရှေ့လျှောက်ပူးပေါင်းဆောင်ရွက်လို့ရမယ့်ဟာတွေ အများကြီးရှိပါတယ်။ အခု ကိုဖိုးချစ်ပြောတဲ့ဟာဆို အတော်ကောင်းတယ်။ သဘင်တွေက နယ်အနှံ့ကိုသွားရတယ်။ သူတို့ပြောခဲ့တဲ့ဟာကလည်း ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်တယ်ဆိုတဲ့ဟာလေးရှိတယ်။ အဲဒီတော့ ဘာပဲပြောပြော ကျွန်တော်တို့ရဲ့ ဒီကျန်းမာရေး သတင်းစကားလေးတွေပေးနိုင်ရင် ပြည်သူလူထုအနေနဲ့ ဘာပဲပြောပြော နားထဲဝင်သွားတာပေ့ါ။ ဒီလိုမျိုး အကျိုးကျေးဇူးတွေ ရှိတဲ့အခါကျတော့ ကျွန်တော်တို့နဲ့ ရှေ့လျှောက် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ။

**မင်းသားဖိုးချစ်**

အရင်တုန်းက ကျန်းမာရေးနဲ့ပတ်သက်တဲ့ဟာတွေကို ကျွန်တော်တို့ Vinyl Board ထောင်တာ၊ LED Display မှာ ပွဲမကခင် ကျန်းမာရေးအသိပညာပေးအနေနဲ့ အရေးကိစ္စဖြစ်လာတဲ့ဟာ အားလုံးကိုပြတာ စသဖြင့်ပေ့ါ။ နောက် စင်ပေါ်ကနေ ကြေညာပေးတာတွေ။ ဟိုးအရင်တုန်းကလည်း ဇာတ်သဘင်တွေက နိုင်ငံရဲ့ အမျိုးသားကျန်းမာရေးနဲ့ပတ်သက်လာရင် အကုန်လုပ်ပေးခဲ့တယ်။ ကျန်းမာရေးဆေးပေးခန်းလေးတွေထားပေးတာမျိုး စနစ်တကျလုပ်နိုင်ရင် ပြည်သူလူထုကို အကျိုးပြုနိုင်မှာပါ။ အမှန်ဆိုရင် အနုပညာရှင်တွေခေါ်တယ်ဆိုတာ ပြည်သူလူထုအများကြီး လာဖို့ လူစုဖို့ခေါ်တာ။ ကျွန်တော်တို့ ဒီပွဲတွေက လူထပ်စုစရာမလိုဘူး ရှိပြီးသား။ ကျွန်တော့်ဇာတ်ရုံထဲမှာ လူ တစ်ထောင်ပဲ ရှိရင် တောင်မှ ပွဲခင်းမှာ လူ တစ်သောင်းလောက်ရှိတယ် ဆိုတော့ ထိရောက်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

ကျွန်တော်တို့ဘက်ကလည်း ပွဲတော်တော်များများကို ပွဲကြည့်ရင်သာ ကျွန်တော်တို့ဘက်က ဆေးအကာအကွယ်ပေးရတယ်ဆိုတဲ့အလုပ်ကို အမြဲတမ်းညှိနှိုင်းပြီးတော့ဆောင်ရွက်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ တာဝန်ခွဲဝေမှုဇယားတွေနဲ့ပေ့ါ။ အခုဆို ဘုရားပွဲအကြီးကြီးတွေဆို ဆေးခန်းတွေတွေ့မှာပါ။ ဒါပေမယ့်လည်း အကုန်လုံးကို ပြည့်စုံအောင်လုပ်ပေးဖို့ဆိုတာကတော့ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီး လိုပါတယ်။

**တေးသံရှင် ဖြူဖြူကျော်သိန်း**

အခုလောလောဆယ်မှာဆိုရင် ပွဲတွေ တော်တော်များများ ရပ်သွားပြီဆိုပေမယ့် တချို့နေရာဒေသတွေမှာတော့ ပွဲတွေလုပ်နေကြသေးတယ်။ အဲဒါကိုလည်း စိတ်ပူတယ်။ တချို့ မြို့လေးတွေမှာဆိုရင် ငါတို့ပွဲက သေးလို့ လူတစ်ရာ၊ နှစ်ရာပဲ စုမှာမို့လို့၊ ဥပမာ- ပရိမိုးရှင်း ပွဲလေးတွေပဲဖြစ်ဖြစ် တချို့ဆိုလို့ရှိရင် ပွဲကိုပြန်ပယ်ဖျက်တာ မလုပ်ကြသေးဘူး။ တချို့ အဆိုတော် အငယ်လေးတွေဆို လာပြောကြတယ်။ မမရယ် သမီးတို့ သားတို့တော့ မသွားချင်တော့ဘူး၊ ဒါပေမယ့် အဲဒီဘက်ကလည်း ပယ်ဖျက်တာ မလုပ်ကြဘူးဆိုတဲ့အခါကျတော့ သူတို့စီမံတဲ့အဖွဲ့တွေဘက်ကလည်း ပွဲကို မပယ်ဖျက်သေးဘူး၊ သူတို့မသွားချင်ဘူး။ ဘယ်လိုလုပ်ရမလဲပေ့ါ။ တချို့ကျတော့လည်း ပြတ်တယ်။ စရန်ကအစ အကုန်လုံး ပြန်လျော်မယ်။ သူတို့ဖျက်ဖျက် မဖျက်ဖျက် ငါ့ဘက်က ဖျက်မယ်ဆိုပြီးတော့ လုံးဝမသွားတော့ဘဲနဲ့ ပို့စ်တင်ပြီး ရေးထားတာ လုပ်ကြတာပေ့ါ။ ဒါပေမယ့် အဲဒီလိုလုပ်နိုင်ဖို့ဆိုတာကျတော့လည်း ခံနိုင်ရည်လည်း ရှိရပါတယ်။ အငယ်တွေ အတွက်ကျတော့လည်း နည်းနည်းခက်နိုင်တယ်။

**မင်းသားဖိုးချစ်**

ကျင့်ဝတ်ဖောက်ပြန်တာ မဟုတ်ပါဘူး။ တစ်ခါတလေကျရင် ကျွန်တော်မျက်စိ စုံမှိတ်ပြီး နေလိုက်ရတာတွေ ရှိတယ်။ ငါတို့ ထမင်းငတ်ရင် မင်းကျွေးမလားဆိုတဲ့ စကားက အမြဲတမ်း အပြောခံနေရတယ်။ ကျွန်တော်က ဇာတ်မင်းသားတစ်ယောက်အပြင်ကို သဘင်အစည်းအရုံးမှာ တာဝန်ယူထားရတော့ ကျွန်တော့်တစ်ယောက်တည်းကတော့ ကျွန်တော်ဖျက်ချလိုက်တယ်၊ ညှိနှိုင်းတယ်၊ ရက်ရွှေ့ပေးမယ်။ ဆရာတော် ပူဇော်ပွဲတွေဘာတွေ ရှိတယ်။ စရန်ပြန်လိုချင်လား ကျွန်တော် ပြန်ပေးမယ်။ တချို့ဇာတ်သေးသေးလေးတွေက မဖြူပြောသလိုပဲ ကတာလေးတွေ သတင်းသဲ့သဲ့ကြားလိုက်ရင် ကျွန်တော့်ဘက်က တားလို့လည်းမရဘူး။ မေတ္တာရပ်ခံလို့ပဲရတယ်။ တစ်ခါတလေကျရင် မသိချင်ယောင်ဆောင်ပြီး နေရတဲ့ဘဝကို ရောက်နေတယ်။

**တေးသံရှင် ဖြူဖြူကျော်သိန်း**

ပွဲစီစဉ်တဲ့သူတွေဘက်ကလည်း သူတို့အသိစိတ်ဓာတ်လေးတွေနဲ့ပေ့ါ။ အခုလည်း တရားဝင် နိုင်ငံတော်က ကြေညာထားပြီးပြီဖြစ်တဲ့အတွက်ကြောင့် ပွဲအကြီးပဲဖြစ်ဖြစ်၊ ပွဲအသေးပဲဖြစ်ဖြစ် ခဏလောက်တော့ အောင့်အည်းသည်းခံပြီးတော့ ပယ်ဖျက်ပေးစေချင်တယ်။

**လက်ာရည်ကျော်**

ကောင်းပါတယ်။ ကိုဖိုးချစ်ပြောတာရော၊ ဖြူဖြူပြောတာရော၊ ဆရာပြောတာရော နားထောင်ပြီး ကျွန်တော်က ဟိုဘက်ရော ဒီဘက်ရော လက်ရှိဝန်ထမ်းလည်းလုပ်နေတုန်း ဆရာဝန်ဆိုတော့လေ။ ကျွန်တော် သုံးခုလောက် ပြောချင်ပါတယ်။ ဆရာ ကောင်းကောင်းမှတ်မိပါတယ်။ ဆရာ အဲဒီတုန်းက ရှိသေးတယ်။ ဆရာကြီး ဦးမြဦးတို့ ဒုတိယဝန်ကြီးလုပ်စဉ်အခါတုန်းက SARS ဖြစ်တော့ ကျွန်တော်တို့ တုံ့ပြန်တာကို နည်းနည်းကြမ်းတယ်လို့ မြင်တဲ့သူတွေရှိတယ်။ ကျွန်တော်တို့က အများကြီးလုပ်တယ်။ ကျွန်တော်တို့က သူများနိုင်ငံတွေထက်ကို နည်းနည်းပိုလုပ်တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်နိုင်ငံရဲ့ Community အနေအထားကို ကျွန်တော်တို့ သိတယ်။ ကိုယ့်နိုင်ငံရဲ့ Community အနေအထားက ဝင်လိုက်ရင်မလွယ်ဘူး။ ဝင်လိုက်ရင် ထိန်းရတာ ပြင်သစ်နဲ့မတူဘူး။ အီတလီနဲ့ မတူဘူး။

စာမျက်နှာ ၉ သို့ ❖

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုချက်အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊"

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄၄။ မသန်စွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## "မောင်တို့ ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် မတ် ၂၆**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "မောင်တို့ ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

**စီစဉ်ရိုက်ကူး**

မကြာမီရောက်ရှိတော့မည့် သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC)မှ တာဝန်ရှိသူများ ပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။



ယနေ့ရိုက်ကူးမှုတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ပါဝင်ဆောင်ရွက်ပြီး "မန္တလေး" ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားကို တည်းဖြတ်သူ အကယ်ဒမီ အောင်လွင်၊ သရုပ်ဆောင် ဒေါ်မေရီမြင့်နှင့် ဇာတ်ဝင်တေးသီချင်းသီဆိုသူ ဒေါ်ထားတို့က ၁၉၆၃ ခုနှစ်၏ မန္တလေးသင်္ကြန် ရိုက်ကူးရန် "မန္တလေး" ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဦးတင်ယုနှင့် သရုပ်ဆောင် ဦးဝင်းဦး တို့အား အပ်နှံခဲ့မှုနှင့် ရုပ်ရှင်ဇာတ်ကား စတင်ဖြစ်ပေါ်လာပုံ၊ မန္တလေးမြို့တွင် ရိုက်ကူးခဲ့ပုံ၊ ဇာတ်ကားမရိုက်ကူးမီ ကြိုတင်ပြင်ဆင်ခဲ့မှု၊ ဇာတ်ဝင်တေးသီချင်း သီဆိုပုံ၊ အဓိကသရုပ်ဆောင် ဦးဝင်းဦး အပါအဝင် သရုပ်ဆောင်များ၏ သရုပ်ဆောင်ပုံနှင့် ဝတ်စားဆင်ယင်မှု၊ ရိုက်ကူးပြီးနောက် ကားဆက်ခဲ့မှု အတွေ့အကြုံတို့ကို ဆွေးနွေးကြသည်။

**ကျော်စွာ (FDC)**

## "မှုံရွှေရည်" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် မတ် ၂၆**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "မှုံရွှေရည်" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကိုထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)မှ တာဝန်ရှိသူများ ပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

ထိုသို့ရိုက်ကူးမှုတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ပါဝင်ဆောင်ရွက်ပြီး "အပေါင်းလက္ခဏာ"ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် "မှုံရွှေရည်" ရုပ်ရှင်ဇာတ်ကားအကြောင်းကို ပါဝင်သရုပ်ဆောင်ခဲ့သူ အကယ်ဒမီ အောင်လွင်က ယင်းဇာတ်ကားကို ဂီတလုလင် ဦးကိုကို မိသားစုအား အခြေတည်၍ ဦးဝင်းဦးက ဖန်တီးရိုက်ကူးခဲ့ပုံ၊ ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မစန္ဒာလင်းက အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဖဲဖက်စ် (Fairfax) မြို့မှ Video Call ဖြင့် ပါဝင်ပြီး ၎င်းအနေဖြင့် အဆို၊ အကသင်ကြားပြီးမှ သရုပ်ဆောင်ခဲ့ပုံ စသည်ဖြင့် ဆွေးနွေးကြသည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံစကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များအဖြစ် သင်္ကြန်ပုံရိပ်ပေါ်လွင်ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သော "မောင်တို့ချယ်ရီမြေ"(ဒုတိယပိုင်း)နှင့် "ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကားများအကြောင်း ဆက်လက်ရိုက်ကူးမည်ဖြစ်ရာ ယင်းအစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (FDC)**

❖ စာမျက်နှာ ၈ မှ

ကျွန်တော်တို့က Spread လုပ်တဲ့ဟာ တအားမြန်တယ်ဆိုတာ သိတော့ တချို့လူကြီးတွေ ခေါ်မေးတာတွေတောင် ဆရာကြီး သွားရှင်းရတာရှိဖူးတယ်။ Respond လုပ်တာ နည်းနည်း မြန်တယ်။ အဲဒီ မြန်ရတဲ့အကြောင်းရင်းက ဘာလို့လဲဆိုတော့ ကျွန်တော်တို့သိတယ်။ ဒီကိစ္စရဲ့ပြဿနာက အဆုံးကျ လို့ရှိရင် ထိရောက်မှုက ကျန်းမာရေးထက်ကို စောစောက လူမှုရေး၊ စီးပွားရေးကို ပိုထိခိုက်မယ်ဆိုတာသိတယ်။ ကိုဖိုးချစ် ပြောတဲ့အထဲမှာ အများကြီးပါနေပြီ။ လူမှုရေး၊ စီးပွားရေးအရက ထိခိုက်ပြီးနေပြီ။

ကျွန်တော်တို့က Hit Head လုပ်တာပေါ့ ဆရာရယ်။ တကယ်တော့ မြန်မြန်နဲ့ ခပ်ကြမ်းကြမ်း တုံ့ပြန်ရတာပေါ့။ လုပ်ရတဲ့အပိုင်းလေးတွေ ရှိတယ်။ ရှိတဲ့အကြောင်းရင်းက ဘာလို့လဲဆိုတော့ ကျွန်တော်တို့က မြန်မြန်ဖြတ်ချချင်တာပေါ့။ ကိုဖိုးချစ်တို့၊ ဖြူဖြူတို့စိတ်ပူတာ ဒါကြီးက ဘယ်လောက်ကြာဦးမှာလဲဆိုတာ။ SARS တုန်းက မကြာခဲ့ဘူး။ SARS တုန်းက ဘာလို့မကြာခဲ့လဲဆိုတော့ ကျွန်တော်တို့ ခပ်ကြမ်းကြမ်း မြန်မြန်ဆန်ဆန် တုံ့ပြန်လိုက်တဲ့အခါကျတော့ Chain ကို အစောကြီး ဖြတ်လိုက်လို့ ရတယ်။

Chain ကို အစောကြီးဖြတ်လိုက်လို့ရရင် စောစောက ပြောသလို ကိုဖိုးချစ်တို့ အောက်ခြေက ခံစားနေရတဲ့ ဇာတ်သဘင်လောကသားတွေရော၊ အဲဒီ ဇာတ်သဘင်လောကသားတွေ မှီခိုနေတဲ့ ပြည်သူတွေရော ခံစားရတာ ဒီထက်အများကြီး တိုမယ်။ နောက်တစ်ပိုင်းက ဆရာစိတ်ပူတဲ့ ရွှေ့ပြောင်းနေတဲ့ မိသားစုတွေ။ ကျန်းမာရေးလောကမှာ အမြဲတမ်း အဲဒါ အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုပဲ။ ဖြူဖြူတို့ ကောင်းကောင်း မှတ်မိလိမ့်မယ်။ ပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဆရာတို့ ဒီ Minor Operate လေးတွေ အများကြီး တွေ့တယ်။ ဝက်သက်ကိစ္စဖြစ်တယ်။ ကာကွယ်ဆေးထိုးမထားတဲ့အတွက် ကာကွယ်ဆေးထိုးမထားတဲ့ကလေးတွေ ဆရာတို့ဆီမှာ စာရင်းပျောက်နေတယ်။ ဘာလို့ စာရင်းပျောက်လဲဆိုတော့ ရပ်ကွက်သန်းခေါင်စာရင်းထဲ မဝင်ဘူး။ အခု ကျွန်တော်စိတ်ပူနေပြီ။ ဘာလို့လဲဆိုတော့ ထိုင်းမှာ စက်ရုံ တွေပိတ်တယ်။ ထိုင်းမှာ စက်ရုံတွေပိတ်တော့ မွန်ပြည်နယ် ကနေပြီးတော့ ထိုင်းကို ရောက်နေတဲ့သူတွေ အများကြီးပဲ။ အများကြီးပဲ သူတို့ ပြန်ဝင်လာမယ်။ သူတို့ ပြန်ဝင်လာရင် သူတို့ကလေးတွေ ပါလာမယ်။ သူတို့ကလေးတွေ နေမကောင်းရင် သူတို့ဟာ သူတို့ နောက်မှ Positive ဖြစ်ချင်ဖြစ်၊ Negative ဖြစ်ချင်ဖြစ် လောလောဆယ် ဆေးရုံမှာ ဝုန်းခနဲ ဝင်ပိသွားမယ်။

ရွှေ့ပြောင်းနေတဲ့ မိသားစုတွေက အမြဲတမ်းစိန်ခေါ်မှုရှိတယ်။ ကိုဖိုးချစ်တို့က ဒါက အခု တစ်ခါ၊ နှစ်ခါ တွေ့တာ မဟုတ်ဘူး။ ရွှေ့ပြောင်းနေတဲ့ မိသားစုတွေက အမြဲတမ်းကြီး ရှိနေတာပေါ့။ အမြဲတမ်းကြီးရှိနေတော့ ဒီပြဿနာကို ဘယ်လိုရှင်းမလဲဆိုတဲ့ မေးခွန်းက ဒါတော်တော်ဖြေရခက်တဲ့ မေးခွန်းပေါ့။ ချက်ချင်းအဖြေရှာလို့ရတဲ့မေးခွန်း မဟုတ်ဘူး။ ဒါပေမယ့် စောစောကပြောသလို ဆေးအကာအကွယ် ဘယ်လောက်ပေးနိုင်မလဲဆိုတာ ဆရာသန်းနိုင်စိုးတို့ဘက်က ကန့်သတ်ချက်တွေကို ပြောတာ။ အဲဒီတော့ ကျွန်တော့် တပည့်တွေ များသောအားဖြင့် ဆရာတို့ အဲဒီအတွက် ခေါ်ရင် ဆေးရုံကပဲ ခေါ်တာပါ။ ဆေးရုံကနေ ကျွန်တော်တို့ အချိုးအစားနဲ့ ပြန်ခွဲလွှတ်တယ်။ ကျွန်တော့်တပည့်တွေကို ပြန်လာရင် ကျွန်တော်အင်တာဗျူးတယ်။ သူတို့ကို မေးကြည့်တယ်။ သိပ်အကျိုးမရှိဘူး။ အကျိုးမရှိဘူးဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အရင်တုန်းကနဲ့ စာရင် Health Facility က တော်တော်များသွားပြီ။ တော်တော်များသွားပြီဆိုတာလေ Standard တော့ မမီသေးဘူး။ ကျွန်တော်တို့ ရှိစေချင်သလောက် မရှိသေးဘူး။

ဒါပေမယ့် ကျွန်တော်တို့ငယ်ငယ် အလုပ်စလုပ်တုန်းက ထက်စာရင် Health Facility တွေက နေရာတိုင်းနီးနီး ရှိနေပြီ။ ရှိနေပြီဆိုတော့ တော်တော်လေး နီးနီးဖြစ်ပြီ။ အခု တစ်ကမ္ဘာလုံးဖြစ်တော့မှပဲ နည်းနည်းရိပ်မိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ Health Care System က သိပ်မဆိုးပါလား။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အခမဲ့ကုသပေးနိုင်တာက အားလုံးမဟုတ်ပေမယ့် တော်တော်ရှိတယ်။ အထူးသဖြင့် စောစောက ပြောသလို အခြေခံလူတန်းစား နေမကောင်းဖြစ်လာပြီဆိုရင် Health Facility အထိ ရောက်အောင်သွားဖို့လေး ကိစ္စလေး တစ်ခုပဲရှိတယ်။ အဲဒီ Health Facility လေး တစ်ခုဆီကို ရောက်အောင်သွားနိုင်ပြီးလို့ရှိရင် ဟိုကပေးနိုင်တဲ့ ဝန်ဆောင်မှုက လုံလောက်တယ်လို့ ကျွန်တော်က ပြောတာမဟုတ်ပေမယ့် ကျွန်တော်တို့ငယ်ငယ်ကထက်စာရင် အများကြီးကို တိုးတက်လာပါတယ်။ ဒါပေမယ့် ဟိုမှာသွားပြီးတော့ Health Care Facility ကို ကျွန်တော်တို့က ဒီမှာ Already Stress ပေါ့နော်၊ ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီးသား ဆေးရုံကနေထုတ်ပေးပြီးတော့ ဟိုဘက်မှာ သွားထားလိုက်တော့ ဟိုဘက်မှာရတဲ့ထိရောက်မှုက ဘယ်လောက်ကြီးသလဲဆိုတာ ပြန်လာတဲ့ကလေးတွေကို မေးကြည့်တဲ့အခါကျတော့ သိပ်မကြီးဘူး။

ပြောရင်တော့ ကိုယ့်နိုင်ငံက ကျန်းမာရေးကုသမှုကောင်းတယ်ပြောရင် ကျွန်တော်က လက်ရှိဝန်ထမ်းဆရာဝန်ဖြစ်တဲ့အတွက်ကြောင့် ပြောတယ်လို့ပဲ ပြောကြတာပါပဲ။ ဒါပေမယ့်လို့ အခုတော့ ကျွန်တော်တို့ နည်းနည်းတော့ သက်သေပြနိုင်ပါပြီ။ ကျွန်တော်တို့နိုင်ငံက ဒီ Outbreak ကြီးကို ရင်ဆိုင်တဲ့အခါမှာ သိပ်တော့ အပြောမကြီးချင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ စောနေသေးတယ်။ ဒါပေမယ့် ကျွန်တော် အကောင်းဆုံး မျှော်လင့်ထားတာကတော့ မကြာခင် ဖြတ်နိုင်လိမ့်မယ်လို့ ယူဆတယ်။

အခုလောလောဆယ်မှာ ကျွန်တော်တို့ လုပ်နိုင်တာ တစ်ခုတည်းရှိတယ်။ စောစောကပြောသလို Respond မြန်မြန်လုပ်ချလိုက်။ ခပ်ကြမ်းကြမ်းလုပ်ချလိုက်။ မြန်မြန်ပိတ်ချလိုက်။ အခုလည်း လေဆိပ်ကို ရုတ်တရက်ကြီး ပိတ်ချလိုက်ရတယ်။

**မင်းသား ဖိုးချစ်**

ကျွန်တော်တို့ဆီမှာ ပြည်သူလူထုတော်တော်များများက ကျန်းမာရေးအသိ အားနည်းတယ်။ ကျွန်တော် အပြစ်ပြောတာ မဟုတ်ပါဘူး။ အခု ဒီ မီဒီယာနဲ့ စကားဝိုင်းတွေလုပ်တာ သိပ်ကောင်းတယ်။ ကျွန်တော်တို့ အနုပညာရှင်တွေရော၊ တခြားသူတွေရော အခုအချိန်မှာ လူစုနဲ့ပြောလို့မရတဲ့ အနေအထားမျိုးမှာ Online Media ကို ကောင်းကောင်းအသုံးချပြီးတော့ ဖြန့်နိုင်ဖို့လိုတယ်။ ကျွန်တော်တို့ဆီက မြင်ရမှ ကြောက်တာပါ။ ဒီအကင်စားလို့ ကင်ဆာဖြစ်မယ်ဆိုရင် သူတို့က ကင်ဆာကို မမြင်ရလို့ မကြောက်ဘူး စားတယ်။ အခု ဘတ်စ်ကားတွေမှာဆိုရင်လည်း တိုးဝှေ့နေတာပဲ။ သွားနေတာပဲ။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ အပ်တစ်ချောင်းလောက်နဲ့လာလို့ ထိုးမယ်ဆိုရင် နာရင်နောက်ဆုတ်မယ်။ မင်းအဲဒါ ဗိုင်းရပ်စ်နော်လို့ ပြောရင် မကြောက်သေးဘူး။ ကျွန်တော်တို့မှာ အဲဒီဟာက နည်းနည်းလေးပေါ့နော်၊ အသိပညာပေးဖို့ အခုမီဒီယာကို တော်တော်အသုံးချဖို့လိုမယ်လို့ မြင်တယ်။

**ဒေါက်တာခင်မောင်လွင်**

အဓိကက ပိုးတွေကို မကူးစက်အောင် ရပ်ဖို့ပဲ။ ရပ်တဲ့နေရာမှာက ကိုယ့်ကိုယ်ထဲကို မဝင်အောင် ရပ်တဲ့နည်းရှိတယ်။ အများကို မကူးအောင် ရပ်တဲ့နည်းလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒီနိုင်ငံရဲ့ ထိခိုက်မှုဟာ ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည်ဖြစ်စေ ထိခိုက်နေပြီဆိုတာ ဆရာတို့ ဆွေးနွေးတဲ့အထဲမှာ ပါတယ်။ ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည်ဖြစ်စေ ပြည်သူလူထုကို ကာကွယ်နေတယ်။ နိုင်ငံတော်အစိုးရကလည်း ဒါကိုမြင်တယ်။ တစ်ခါ ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည်ဖြစ်စေ၊ ကိုယ့်ဘဝရဲ့ရပ်တည်ချက်ကို ဖျက်ပြီးတော့ ပြည်သူတွေရဲ့ ကျန်းမာရေး အသက်ရှည်ဖို့အတွက် ဆောင်ရွက်နေတဲ့ အနုပညာရှင်တွေလည်း ရှိတယ်လို့ ဒီလိုသုံးသပ်ပြီးတော့ ဒီဆွေးနွေးခန်းလေးကို ရပ်ကြရအောင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# မြန်မာနိုင်ငံအနေနဲ့ COVID-19 ရောဂါဖြစ်ပွားမှု အနည်းဆုံးအချိန်မှာ တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ကာကွယ်ရေးလုပ်ငန်းဟာ ရောဂါကူးစက်မှုကို အလျင်အမြန်ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော ထိရောက်တဲ့နည်းဗျူဟာဖြစ်ပါတယ်

ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း

**ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID-19 ကိုရိုနာဗိုင်းရပ်စ် ကူးစက်မြန်အဆုတ်ရောင်ရောဂါသည် နိုင်ငံပေါင်း ၁၉၀ ကျော်ကို ကူးစက်ပြန့်ပွားလျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။**

**မြန်မာနိုင်ငံတွင်လည်း ရောဂါမပြန့်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဌာနပေါင်းစုံတို့ ပူးပေါင်းပြီး ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရောဂါဖြစ်ပွားသည့်နိုင်ငံများမှ ပြန်လာသူများထဲမှ ကနဦး COVID-19 ရောဂါဖြစ်ပွားမှုကို စတင်တွေ့ရှိနေရပြီဖြစ်၍ ပြည်တွင်း၌ ရောဂါပြန့်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် အိမ်တစ်အိမ်ချင်း၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း (Household Action Plan)နှင့်ပတ်သက်၍ ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း (အကြံပေးပညာရှင်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

တွေ့ဆုံမေးမြန်း - သီသီမင်း
ဓာတ်ပုံ - နေလင်း

**မေး။ ။ မြန်မာနိုင်ငံမှာ COVID-19 ရောဂါကူးစက်နိုင်မှု အခြေအနေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ ရောဂါစဖြစ်ဖြစ်ချင်းမှာ ရောဂါစတင်ကူးစက်တဲ့ နိုင်ငံတစ်နိုင်ငံတည်းဖြစ်တဲ့အတွက် အဲဒီအချိန်မှာ အခြားနိုင်ငံကို ကူးစက်နိုင်ခြေ(Disease Transmission Risk) အနည်းဆုံးဖြစ်ပြီး အခုအခါ COVID-19 ရောဂါဟာ နိုင်ငံပေါင်း ၁၉၀ ကျော်ကို ကူးစက်နေပြီဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံကို ဒီရောဂါကူးစက်နိုင်မှု အခြေအနေ (Transmission Risk by importation) မြင့်မားတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ကာကွယ်ထိန်းချုပ်နိုင်မယ့် နည်းဗျူဟာ**

ဒီလိုရောဂါကူးစက်နိုင်ခြေမြင့်မားတဲ့အချိန်မှာ ရောဂါအတည်ပြုဖြစ်ပွားသူ (Confirmed Case)တစ်ဦးတွေ့တာနဲ့ လူနာဆီကနေ အတူနေထိတွေ့ခဲ့သူများ၊ မိသားစုဝင်များကို ပိုမိုလျင်မြန်စွာ ကူးစက်နိုင်တာကြောင့် ဒီရောဂါအခြားသူများထံ ကူးစက်မှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ဖို့အတွက် ရောဂါဖြစ်ပွားသူကို ထိန်းချုပ်ကုသခြင်းနဲ့ ရောဂါကူးစက်ပြန့်ပွားမှုကို လျင်မြန်စွာ ကာကွယ်ထိန်းချုပ်ခြင်း နည်းဗျူဟာ (Containment at Source Strategy)ကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းဗျူဟာကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အိမ်တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဟာ ရောဂါကူးစက်မှုကို အလျင်အမြန် ကာကွယ်ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော နည်းဗျူဟာပဲ ဖြစ်ပါတယ်။

**မေး။ ။ အိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း လိုက်နာဆောင်ရွက်ရမယ့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ပြည်သူတွေ လိုက်နာဆောင်ရွက်နိုင်ဖို့အတွက် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အိမ်တွေရဲ့ မိသားစုဝင်အခြေအနေပေါ်မူတည်ပြီးတော့ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေကို ကြည့်ပြီး ဆောင်ရွက်ရပါမယ်။ ပထမဦးစွာ အိမ်မှာရှိတဲ့ မိသားစုဝင်တိုင်းကို ဒီရောဂါနဲ့ပတ်သက်ပြီး ရောဂါအကြောင်း၊ ကူးစက်ပုံနဲ့ကာကွယ်ရေးနည်းလမ်းတွေကို အားလုံးသိရှိအောင် ပြောပြထားရပါမယ်။ ဒါမှသာလျှင်သူတို့ ဘယ်လိုလိုက်နာနေထိုင်ဆောင်ရွက်ရမယ်ဆိုတာကို နားလည်ကြမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက် အိမ်တွေကို အုပ်စု(၂)စုခွဲပြီး အုပ်စုအလိုက်ဆောင်ရွက်ရမှာကို ရှင်းပြပါ့မယ်။

**ဆက်သွယ်ဆောင်ရွက်ဖို့လို**

ပထမအိမ်အုပ်စုမှာ ရောဂါဖြစ်ပွားတဲ့နိုင်ငံတွေက ပြန်လာသူတွေရှိတဲ့ မိသားစု၊ ရောဂါဖြစ်ပွားခဲ့တဲ့သူနဲ့ ရောဂါဖြစ်ပွားသူပါဝင်တဲ့ မိသားစု၊ ရောဂါဖြစ်နိုင်ခြေ သံသယလူနာအဖြစ် သတ်မှတ်ခံရတဲ့မိသားစုနဲ့ သီးခြားထားရှိစောင့်ကြပ်ခြင်းမှာပါဝင်တဲ့ မိသားစု၊ ဒီရောဂါကာကွယ်ကုသရေးလုပ်ငန်းတွေကို အနီးကပ်ဆောင်ရွက်ပေးနေတဲ့သူတွေပါတဲ့ မိသားစုများပဲဖြစ်ပါတယ်။ ဒီလိုမိသားစုတွေမှာ ရောဂါဖြစ်ပွားကူးစက်နိုင်ခြေ ပိုမိုမြင့်မားတဲ့အတွက် ဒီအိမ်တွေမှာရှိတဲ့ မိသားစုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက ပိုပြီး အရေးကြီးပါတယ်။ ဒီအုပ်စုတွေက ကျန်းမာရေးဌာနကို သတင်းပို့ပြီး ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ နေ့စဉ်ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။



ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း

ဒုတိယအုပ်စုကတော့ အိမ်တစ်အိမ်မှာ အသက် ၆၀ အထက် သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေရှိတဲ့ မိသားစု၊ အိမ်မှာနှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနဲ့ ကင်ဆာရောဂါရှိတဲ့လူတွေပါဝင်တဲ့ မိသားစု၊ ဒီအိမ်တွေမှာရှိတဲ့ မိသားစုတွေဟာ ရောဂါကူးစက်ခံရပြီဆိုရင် ရောဂါပြင်းထန်ပြီး အသက်အန္တရာယ်ရှိတဲ့အတွက် ရောဂါသံသယရှိတာနဲ့ စောစီးစွာ ကျန်းမာရေးဌာနကို လျင်မြန်စွာ သတင်းပို့ဆက်သွယ်ပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရမှာဖြစ်ပါတယ်။ ခြုံပြောရရင် ဘယ်လိုအိမ်ပဲဖြစ်ဖြစ် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်တဲ့အိမ်များ ဖြစ်ပါတယ်။

**အရေးကြီးတဲ့ အခန်းကဏ္ဍ**

တစ်အိမ်ချင်း၊ မိသားစုတစ်စုချင်းရဲ့ COVID-19 နဲ့ ပတ်သက်ပြီးတော့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်မှုများလေလေ အချိန်တိုအတွင်းမှာ ရောဂါထိန်းချုပ်နိုင်မှုများလေဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားသေဆုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရောဂါကြိုတင်ကာကွယ်ရေးနဲ့ပတ်သက်ပြီး အမြင့်ဆုံးအဆင့် ပြင်ဆင်ထားနိုင်မှုရှိတဲ့ နိုင်ငံမှသာလျှင် ဒီရောဂါ COVID-19 ရဲ့ နောက်ဆက်တွဲ ရောဂါဆိုးတွေဖြစ်တဲ့ ရောဂါဖြစ်ပွားမှု၊ အသက်ဆုံးရှုံးမှု၊ စီးပွားရေးနဲ့လူမှုရေးဆုံးရှုံးမှု အနည်းဆုံးဖြစ်တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရောဂါဖြစ်ပွားမှုတွေရှိလာပြီဖြစ်တဲ့အတွက် တစ်အိမ်ချင်း၊ မိသားစုတစ်စုချင်း၊ တစ်ယောက်ချင်း ပူးပေါင်းပါဝင်မှုက အရေးကြီးတဲ့ အခန်းကဏ္ဍကို ရောက်ရှိနေပါပြီ။

**မေး။ ။ အိမ်တစ်အိမ်ချင်းမှာရှိတဲ့ မိသားစုတွေအတွက် အထူးလိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ အိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း လိုက်နာဆောင်ရွက်ပြီး ပါဝင်ပူးပေါင်းခြင်းသည် ရောဂါကာကွယ်နှိမ်နင်းခြင်းဆိုင်ရာအချက်တွေကို အိမ်တိုင်းမှာ ပြင်ဆင်ထားမယ်ဆိုရင် အိမ်မှာ ကိုယ့်မိသားစုဝင်ဘယ်နှယောက်ရှိသလဲ၊ အဲဒီမိသားစုဝင်တွေထဲမှာမှ ဒီရောဂါကူးစက်လာရင် အသက်အန္တရာယ်ဖြစ်နိုင်တဲ့ သက်ကြီးရွယ်အို၊ အထူးသဖြင့် အသက် ၆၀ အထက် ဘယ်နှယောက်ရှိသလဲ၊ မိသားစုထဲမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကင်ဆာရောဂါရှိတဲ့သူတွေ စသဖြင့် ဒီလိုလူတွေက ဘယ်နှယောက် ပါနေသလဲ၊ ဒီလိုဖြစ်နိုင်ခြေအများဆုံးရှိတဲ့ မိသားစုဝင်တွေအတွက် ပိုပြီးတော့ ရောဂါကူးစက်မှုမရှိအောင်ဆောင်ရွက်ဖို့ ဦးစားပေးအနေနဲ့ စဉ်းစားဖို့လိုပါတယ်။

**ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ**

အိမ်တိုင်းအိမ်တိုင်းကလည်းပဲ ဒီလိုကူးစက်မှုပိုမိုဖြစ်နိုင်တဲ့အုပ်စုတွေ၊ လူပုဂ္ဂိုလ်တွေမပါပေမယ့်လည်း မကူးစက်ဖို့အတွက် စီစဉ်ရပါမယ်။ စီစဉ်တဲ့အခါမှာ ဒီလိုသက်ကြီးရွယ်အိုတွေ၊ ကူးစက်နိုင်ခြေရှိတဲ့သူတွေနဲ့ ရောဂါအခံရှိပြီးသားမိသားစုတွေမှာပိုပြီးတော့ ရောဂါကူးစက်မှုမရှိအောင် ကျန်တဲ့မိသားစုဝင်တွေက အထူးစဉ်းစားပြီးတော့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အိမ်က မိသားစုဝင်တွေကလည်း အားလုံးစုစည်းပြီး COVID-19 ရောဂါအကြောင်းနဲ့ ကူးစက်ပုံ၊ ကူးစက်နည်း၊ ရောဂါဖြစ်ရင် ဘယ်လိုအုပ်စုတွေက အန္တရာယ်ရှိကြောင်း၊ ရောဂါကာကွယ်ရေးအတွက် နေ့စဉ်လုပ်ရမယ့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေဖြစ်တဲ့ လက်ဆေးတာတို့၊ နှာချေ၊ ချောင်းဆိုးရင် တစ်ရှူး သို့မဟုတ် နှာခေါင်းစည်းသေချာအုပ်ပြီး ဆိုးတာတို့ နေမကောင်းရင် သီးခြားအိမ်မှာ နေတာတို့၊ အိမ်မှာထိတွေ့ကိုင်တွယ်မှုများတဲ့နေရာတွေကို ဆပ်ပြာရည်နဲ့ ဆေးကြောတာတို့၊ မလိုအပ်ဘဲ အိမ်အပြင်ခဏခဏ မသွားတာတို့၊ လူစုလူဝေးနဲ့ မနေဖို့ဆိုတာတွေ သေချာရှင်းပြထားဖို့လိုအပ်ပါတယ်။

**မေး။ ။ အိမ်တွေမှာ သက်ကြီးရွယ်အိုတွေရှိရင် ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ ။ ကူးစက်မှု အမြင့်ဆုံးအုပ်စုတွေရှိတဲ့ မိသားစုဝင်တွေအတွက် ပြောရမယ်ဆိုရင် သက်ကြီးရွယ်အိုနဲ့ နာတာရှည်ရောဂါရှိတဲ့သူတွေရှိတဲ့အိမ်တွေမှာ ဖြစ်လို့ရှိရင် ရောဂါကူးစက်မှုတင်သာမက အဲဒီအိမ်ရဲ့ ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မိတ်ဆွေအပေါင်းအသင်း ကိုယ့်ရဲ့ရပ်ကွက်၊ ကိုယ့်မြို့နယ်ကတစ်ဆင့် လူထုထဲကို ပျံ့နှံ့နိုင်တဲ့အတွက်ကြောင့် တစ်အိမ်ချင်းရောဂါဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်ရမယ့်တာဝန်က အရေးကြီးပါတယ်။ ရပ်ကွက်၊ ကျေးရွာအလိုက် ကျန်းမာရေးဌာနကို နေ့စဉ်သတင်းပေးပို့ခြင်း အရေးတကြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီရောဂါဖြစ်နိုင်ခြေ အများဆုံးရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ နာတာရှည်ရောဂါ ရှိတဲ့သူတွေကို အထူးသဖြင့် အပြင်ကိုထွက်ပြီး အလုပ်လုပ်နေတဲ့သူတွေနဲ့ တတ်နိုင်သလောက် ထိတွေ့မှုနည်းအောင် စီစဉ်ဆောင်ရွက်ရမယ်။ ဒီသက်ကြီးရွယ်အိုနဲ့ ရောဂါရှိတဲ့သူတွေကိုပြုစုတဲ့လူတွေကလည်း သီးခြားသတ်မှတ်ထားရမှာဖြစ်ပါတယ်။ ဒီအိမ်မှာ ဒီတစ်ယောက်ပဲပြုစုတာမျိုး၊ တကယ်လို့ မိသားစုဝင်အားလုံးက ပြုစုမယ်ဆိုရင်လည်း သက်ကြီးရွယ်အို၊ မိဘတွေ၊ အဘိုးအဘွားတွေနဲ့ ရောဂါရှိတဲ့သူတွေကို ပြုစုတဲ့အခါမှာ မိမိကဖျားနာနေတယ်ဆိုရင် မပြုစုသင့်ဘူး။ တတ်နိုင်သလောက် သူတို့သုံးတဲ့ပစ္စည်းတွေကို ခွဲထားပေးရမယ်။ တကယ်လို့ ကိုယ်ကသုံးမိရင်လည်း သေသေချာချာ ဆပ်ပြာနဲ့ ဆေးပေးခဲ့ရမယ်။ သက်ကြီးရွယ်အိုတွေကို ရောဂါကူးနိုင်မှုမရှိအောင် တတ်နိုင်သမျှ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

မိသားစုထဲမှာ ပြင်ပကို အလုပ်ထွက်လုပ်တဲ့သူတွေက ဘယ်နှယောက်ရှိသလဲ၊ ဒီလူတွေကလည်းပဲ ဒီရောဂါနဲ့ ပတ်သက်ပြီး စနစ်တကျနားလည်ရမယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေဖြစ်တဲ့ လူထူထပ်တဲ့နေရာ မသွားဖို့၊ ရောဂါရှိတဲ့လူတွေနဲ့ အနီးကပ်မနေဖို့ နေခဲ့လို့ရှိရင်လည်းပဲ တတ်နိုင်သမျှ သက်ကြီးရွယ်အိုတွေနဲ့ မထိတွေ့တာ အကောင်းဆုံးပါ။

**လက်ကိုစနစ်တကျ ဆပ်ပြာနဲ့ဆေး**

အပြင်ကပြန်လာရင် လက်ကိုစနစ်တကျ ဆပ်ပြာနဲ့ ဆေးရမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ရမယ်။ သီးခြားနေရမယ်။ ဒီလူတွေဟာ ပြင်ပကရောဂါပိုး အိမ်ထဲကိုသယ်ပေးမယ့်လူတွေဖြစ်တဲ့အတွက် ပိုပြီးတော့ဂရုစိုက်ရမယ်။ တခြားသူတွေကလည်း တတ်နိုင်သလောက် အိမ်မှာပဲနေရမယ်။ မလိုအပ်ဘဲ သူများအိမ်သွားလည်တာတို့၊ ပွဲလမ်းသဘင်သွားတာတို့ မလုပ်ရဘူး၊ ပြင်ပဧည့်သည်တွေလည်းပဲ မလိုအပ်ဘဲ အိမ်လာတာကို ဒီအချိန်မှာ လက်မခံသင့်ဘူး၊ တစ်နည်းနည်းနဲ့ ယဉ်ကျေးစွာ တားမြစ်ဖို့လိုတယ်။ တကယ်လို့ အမှတ်မထင်လာခဲ့မယ်ဆိုရင် ဒီလာတဲ့ဧည့်သည်တွေနဲ့ အနည်းဆုံး ၆ ပေလောက်အကွာမှာထားပြီး ပြောဆိုဆက်ဆံပါ။ ဖျားနာ၊ နှာစေး၊ ချောင်းဆိုးနေတာ တွေ့တယ်ဆိုရင် ကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ဖို့အတွက် အကြံဉာဏ်ပေးရမှာဖြစ်ပါတယ်။ မိသားစုဝင်ထဲက တစ်ယောက်ယောက်ဖြစ်တယ်ဆိုရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းဆက်သွယ်ရမှာဖြစ်ပါတယ်။

**မေး။ ။ ထပ်မံဖြည့်စွက် ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ အခုလိုရောဂါဖြစ်ပွားမှုအနည်းဆုံးအခြေအနေမှာ မိသားစုတစ်ခုလုံး တစ်ယောက်ချင်းစီတိုင်းမှာ ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းတွေ နေ့စဉ်လုပ်သင့်တယ်၊ မိသားစုကို ရောဂါကူးစက်မှုမရှိအောင်၊ ကိုယ့်ပတ်ဝန်းကျင်ကို ရောဂါမကူးစက်အောင် ကြိုတင်ပြင်ဆင်မှုတွေ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လက်ဆေးတဲ့ အကျင့်၊ ဆပ်ပြာနဲ့ စက္ကန့်နှစ်ဆယ်လောက် လက်ဆေးတဲ့အကျင့် လုပ်ရမယ်။ မလိုအပ်ဘဲ မျက်စိတို့၊ နှာခေါင်းတို့၊ မျက်နှာတို့ ထိတွေ့မိရင် ပြန်ဆေးရမယ်။ လက်ဆေးဖို့အတွက် အကောင်းဆုံးက အရက်ပြန် ၆၀ ရာခိုင်နှုန်းအထက်ပါတဲ့ လက်ဆေးရည်ကိုသုံးရင် ပိုပြီး အဆင်ပြေပါတယ်။ နေမကောင်းတဲ့သူတွေနဲ့ ထိတွေ့မှုကို ရှောင်ကြဉ်ရမယ်။ အိမ်ပြန်ရောက်ရင် လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးတာ၊ အဝတ်အစားတွေ ချက်ချင်းလဲတာတို့လုပ်ရမှာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ရောဂါဖြစ်မဖြစ် စောင့်ကြည့်တာတို့လုပ်ရမယ်။ ကိုယ်ကိုယ်တိုင်ကဖျားပြီဆိုရင်လည်း အိမ်မှာပဲနေတာ ကောင်းပါတယ်။ မိမိတို့အိမ်ကိုလာရောက်တဲ့ ဧည့်သည်တွေရဲ့ အမည်စာရင်းကအစ မှတ်ထားသင့်တယ်၊ အပြင်မှာ သီးခြားတွေ့တဲ့သူတွေရဲ့စာရင်းဆိုလည်း သီးခြားမှတ်တမ်းတင်ထားသင့်တယ်။

မြန်မာနိုင်ငံအနေနဲ့ အခုလို COVID -19 ရောဂါဖြစ်ပွားမှုအနည်းဆုံးအချိန်မှာ တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ကာကွယ်ရေးလုပ်ငန်း(Household Action Plan)ဟာ ရောဂါဖြစ်ပွားကူးစက်မှုကို အလျင်အမြန် ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော ထိရောက်တဲ့နည်းဗျူဟာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်၊ ထုတ်ပြန်ချက်တွေကို အိမ်တိုင်းက တိကျစွာလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာကျေးဇူးပါရှင့်။

---

**❒ မူဆယ်မြို့အဝင်မှ**

ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ခံရမှုရှိနေပြီဖြစ်ရာ မူဆယ်ဒေသအတွင်း ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တင်းကျပ်စွာ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (မူဆယ်)မှ ဦးမျိုးခိုင်က ပြောသည်။

“အရင်က တရုတ်နိုင်ငံ ကြယ်ဂေါင်ဘက်ကနေ ဝင်လာတဲ့ကားတွေနဲ့ မူဆယ်မြို့ကတစ်ဆင့် မြန်မာနိုင်ငံ ပြည်မဘက်ကို ဦးတည်သွားနေတဲ့ ကားတွေကိုပဲ ဦးစားပေးဖျန်းဖြစ်တယ်၊ ဒါပေမယ့် အခုက မြန်မာနိုင်ငံမှာ ဒီCOVID-19 ရောဂါကူးစက်ခံရမှုတွေရှိနေပြီဆိုတော့ မူဆယ်မြို့ကို မြန်မာပြည်အနှံ့က ဝင်ရောက်လာတဲ့ကားတွေကိုပါ ပိုးသတ်ဆေးတွေဖျန်းဖို့ လိုအပ်ပါတယ်။

**အရှိန်အဟုန်မြှင့်လုပ်ဆောင်**

မူဆယ်မြို့က အနယ်နယ်အရပ်ရပ်က ခရီးသွားမိဘပြည်သူတွေ လာရောက်သွားလာလည်ပတ်နေကြတဲ့ နယ်စပ်မြို့တစ်ခုဖြစ်တာကြောင့် ရောဂါပျံ့နှံ့ဖို့က လွယ်ကူတယ်၊ ဒါကြောင့် ရှေ့ဆက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး မြို့ပေါ်ရပ်ကွက်တွေအတွင်းပါ ဆေးဖျန်းတာတွေကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမယ်”ဟု ဦးမျိုးခိုင်က ရှင်းပြသည်။

မူဆယ်မြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အလုပ်လုပ်ကိုင်သူ များပြားလျက်ရှိနေပြီး COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် အဖွဲ့ပေါင်းစုံက နေ့စဉ်တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်းဘဉာဏ်(ကွတ်ခိုင်)

# ကျွန်တော်တို့အားလုံး ကာကွယ်ကြမယ်

ဒေါက်တာခင်မောင်လွင်

၂၀၀၃ ခုနှစ် မတ်လ ၈ ရက်(စနေနေ့)။

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ရှိ ပြင်သစ်ဆေးရုံ။

"တကယ်တော့ ဒီကိတ်မုန့်ကို ကျွန်တော်မစားသင့်ဘူး။ ရောဂါပိုးတွေ ပါချင်ပါနေမှာ" ဒေါက်တာအူရ်ဘာနီသည် ကိတ်မုန့်ကိုစားရင်း ရယ်ပွဲဖွဲ့လိုက်သည်။ နားထောင်နေသောသူများမှာ ရယ်ဖို့ခက်ခဲစွာ ကြိုးစားနေရလေသည်။ ထိုဆေးရုံတွင် ထူးဆန်းသော ကူးစက်ရောဂါ ဖြစ်ပွားနေသည်။ ကူးစက်ခံရသူများမှာ ဖျားနာ၊ အသက်ရှူကျပ်၍ သေနေကြ၏။ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများမှာ ဖျားလျှင် ဓာတ်မှန်ရိုက်ကြည့်သောအခါ အဆုတ်ထဲတွင် ပိုးဝင်၍ အမည်းရောင်နေရာများမှာ ဖြူ၍နေသည်ကိုတွေ့ရ၏။

**Lock down**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရောဂါဗေဒပါရဂူဖြစ်သူ ဒေါက်တာအူရ်ဘာနီသည် WHO နှင့် ဆက်သွယ်ခြင်း၊ ဗီယက်နမ်အစိုးရနှင့် တိုင်ပင်ခြင်းပြုကာ ထိုဆေးရုံကို ပိတ်ချလိုက်၏။ Lock down ဟု ခေါ်လေသည်။

ဆေးရုံသို့ နောက်ထပ်လူနာ အလာမခံ။ ရှိပြီးသား အခြားရောဂါသည်များကို ဆေးရုံပြောင်းပစ်၏။ ရှိပြီးသား ကူးစက်ရောဂါသည်နှင့် ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ အားလုံး ဆေးရုံထဲမှာ ပိတ်၍နေလိုက်ကြ၏။ အသေခံသွားကြ၏။ ဒေါက်တာအူရ်ဘာနီ(Dr.Urbani) ကိုယ်တိုင်လည်း ထိုကူးစက်ရောဂါဖြင့် ကွယ်လွန်၍ သွားခဲ့လေသည်။ မသေဘဲ ကျန်သူအနည်းငယ်မှာ တုပ်ကွေးရောဂါ သက်သာစေနိုင်သည့် တာမီဖလူးဆေးဖြင့် အသက်ရှင်သွား၏။ ထိုအထဲတွင် ကျွန်တော့်မိတ်ဆွေ ဒေါက်တာအော်လီဗီယာ (Dr. Olivier Cattin) လည်း ပါလေသည်။ နောင်တွင် သူ့အား ပြင်သစ်အစိုးရက သူရဲကောင်းဘွဲ့ချီးမြှင့်ခဲ့၏။

၂၀၀၃ ခုနှစ်မှာဖြစ်ခဲ့သော ရောဂါကို နောင်တွင် SARS ခေါ် ကူးစက်မြန် ပြင်းထန်အဆုတ်ရောဂါဟု အမည်တပ်၏။ ယင်းဗိုင်းရပ်စ်ပိုးဖြစ်ပြီး တရုတ်နိုင်ငံမှ တစ်ဆင့် ဟောင်ကောင်၊ ဟောင်ကောင်မှ ဗီယက်နမ်သို့ ကူးစက်လာပြီး ဟန္တိုင်းမြို့ ဆေးရုံတွင် လုံးဝရပ်တန့်သွားခဲ့လေသည်။ ထိုစဉ်က စင်ကာပူနှင့် အခြားနိုင်ငံအချို့သို့လည်း ရောဂါပြန့်ခဲ့၏။ တစ်ကမ္ဘာလုံးတွင် ရှစ်ထောင်ကျော် ကူးစက်ခဲ့ပြီး ရှစ်ရာကျော် သေဆုံးခဲ့လေသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်ခါနီး။

တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့။

ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ စတင်ဖြစ်ပွားပြီး ကူးစက်မှုမြန်ဆန်ခဲ့၏။ ယနေ့အထိ လူပေါင်း သုံးသိန်း ခုနှစ်သောင်းကျော် ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့သွား၏။ မြန်မာနိုင်ငံတွင်လည်း သုံးယောက် တွေ့ရပါသည်။ ထိုပိုးသစ်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးဖြစ်ပြီး COVID-19 ဟု အမည်တပ်ရလေသည်။

ယခုအခါ ဝူဟန်မြို့တွင် ရောဂါထိန်းချုပ်ရာမှာ ထိရောက်မှုရလာပေပြီ။ ဖြစ်သူ တစ်ရာလျှင် နှစ်ဦးသေဆုံးနှုန်းရှိသဖြင့် ဝူဟန်တွင် လူလေးထောင်ကျော် သေခဲ့၏။ သို့သော် အီတလီနိုင်ငံမြောက်ပိုင်းတွင် ကူးစက်ပျံ့နှံ့သွားရာ၌ အသေအပျောက်နှုန်းသည် ဝူဟန်ထက် ကျော်လွန်၍သွားပေပြီ။

**အကြီးစားပိတ်ဆို့မှုကြီး ပြုလုပ်**

ဝူဟန်မြို့မှာမည်သို့သော (Lock down) ပိတ်ဆို့မှုများ လုပ်ခဲ့ပါသနည်း။ ဟန္တိုင်းဆေးရုံ၏ နမူနာအတိုင်း အကြီးစားပိတ်ဆို့မှုကြီး ပြုလုပ်ခဲ့သည်ကို တွေ့ရလေသည်။

ဟန္တိုင်းမြို့ဆေးရုံတွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ပထမဆုံး လူနာရောက်ခဲ့၏။ Lock down လုပ်ပြီး နှစ်လခန့်အကြာ ၂၀၀၃ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သလို ဝူဟန်တွင်လည်း နှစ်လကျော်ကာလအတွင်း ထိန်းချုပ်နိုင်ကြောင်း တွေ့ရလေသည်။

**ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်**

**ပထမဆင့်**-ရောဂါစတင်ရာ ဝူဟန်မြို့ကို ပိတ်ဆို့၍ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်၏။ ရောဂါဖြစ်ပွားခဲ့သော အရင်းအမြစ်ဖြစ်သည့် ဝူဟန်ငါးဈေးကို ပိတ်၏။ WHO သို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် သတင်းပို့၏။

**ဒုတိယဆင့်** -၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရောဂါမပြန့်ပွားရေးအတွက် မြို့ကို အဝင်၊အထွက် လုံးဝပိတ်၏။ ကူးစက်ရောဂါကာကွယ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်၏။ ရောဂါသည်အားလုံးကို ရှာဖွေကုသ၏။ ၎င်းတို့နှင့်ဆက်စပ်နေသူများကို ရှာဖွေကုသသည်။ နေအိမ်တွင်နေစေ၏။ လူအများ စုဝေးမှုကို ပိတ်ပင်၏။ တရုတ်နှစ်သစ်ကူးကိုပင် ရွှေ့ဆိုင်းလိုက်၏။ တစ်ကိုယ်ရေကာကွယ်မှု၊ အခြားကို မကူးစက်ရန်ကာကွယ်မှု ပညာပေး၏။ ဆေးရုံသစ်ကြီးများဆောက်ကာ ထိန်းချုပ်၏။

**စံကိုက်လမ်းညွှန်မှုများကို လိုက်နာစေ**

**တတိယဆင့်**- အုပ်စုလိုက်ရောဂါဖြစ်ပွားမှုကို ရှာဖွေ၍ ထိရောက်စွာကုသ၏။ ရောဂါစစ်ခြင်း၊ ဆေးရုံတက်ခြင်း၊ ကုသခြင်းများအတွက် "တစ်သွေးတစ်သံတစ်မိန့်" စနစ်ကို ကျင့်သုံး၏။ စံကိုက်လမ်းညွှန်မှုများကို လိုက်နာစေ၏။

ဤလုပ်ငန်းအဆင့်များတွင် ပံ့ပိုးသော မူဝါဒ၊ လူမှုစီးပွားတည်ငြိမ်မှုရှိရန် ထောက်ကူချက်၊ ခေါင်းဆောင်နှင့် လူထု၏ သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၏။ ခေတ်မီနည်းပညာများဖြစ်သော အေအိုင် (Artificial Intelligence) နှင့် Big Data များကို အသုံးပြု၍ ရောဂါပြန့်ပွားမှုကို တော်လှန်ကာကွယ်ခြင်းများလည်း ပြုခဲ့ကြောင်း တွေ့ရလေသည်။ နောက်ပိုင်းတွင်ဆက်လက်၍ သုံးသောနည်းဗျူဟာမှာ ရောဂါအန္တရာယ်ကို ကာကွယ်ထိန်းချုပ်ခြင်း (Risk-based Prevention and Control) ကိုပြုလုပ်ခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့ထုတ် WHO- China Joint Report တွင် ဖော်ပြထားလေသည်။

တရုတ်နိုင်ငံမှတစ်ဆင့် ပျံ့နှံ့ကူးစက်ခံရသော အီတလီနိုင်ငံသည် ၎င်း၏ မြောက်ပိုင်းဒေသများကို Lock down ခေါ် ပိတ်ဆို့မှုများ ပြုလုပ်နေရပေပြီ။ တောင်ကိုရီးယားနိုင်ငံ၏ ဒေသအချို့တွင်လည်း ဤသို့ပြုလုပ်ရ၏။ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ စပိန်၊ အမေရိကန်တို့တွင်လည်း ကိုဗစ်-၁၉ ပျံ့နှံ့မှုကို ပြင်းထန်စွာ ကာကွယ်ခုခံနေရလေသည်။

**အဆင့်ဆင့် ခွဲခြားထိန်းချုပ်ခြင်း (Quarantine) နှင့် မြို့ရွာအတွင်းမှာသာ လှုပ်ရှားစေခြင်း (Community Quarantine)**

ဤသို့ကာကွယ်ရန် နည်းလမ်းမှာ လူနာရှာဖွေ၍ အဆင့်ဆင့်ခွဲခြားထိန်းချုပ်ခြင်း (Quarantine) သက်သက်ဖြင့် မရတော့ချေ။ မိမိတို့အိမ်တွင်းမှာသာ နေထိုင်ကြရုံနှင့် မလုံလောက်တော့ချေ။ ရောဂါပျံ့နှံ့မှုရှိနေသော မြို့ရွာနေသူများမှာ မိမိတို့ မြို့ရွာအတွင်းမှာသာ လှုပ်ရှားစေခြင်း (Community Quarantine) နည်းဗျူဟာကို အတိအကျ လိုက်နာဖို့လိုတော့၏။

၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် COVID-19 ဗိုင်းရပ်စ်ပိုးကူးစက်ရောဂါကို "ကမ္ဘာ့ကပ်ရောဂါ" ဟု သတ်မှတ်ကြေညာခဲ့ပြီးဖြစ်၍ မိမိတို့ ပြည်တွင်း ကူးစက်ရောဂါကာကွယ်ရန် ထုတ်ပြန်ထားသည့် ဥပဒေများသာမက ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းဥပဒေများကိုပါ တိကျစွာလိုက်နာကြရပေတော့မည်။

မြန်မာနိုင်ငံသည်လည်း မိမိတို့နိုင်ငံထဲသို့ ရောဂါပိုးဝင်ရောက်ကြောင်း မသိရှိခင်ကတည်းက မတ်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်သော COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခြင်း၊ ရောဂါဝင်ရောက်မှုမရှိရန် ဟန့်တားရုံသာမက မသိနိုင်သေးသော ရောဂါမပြန့်ပွားအောင် တားမြစ်ခြင်းများစွာကို ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်၍လည်း ယခုအခါ ရှာဖွေတွေ့ရှိလာသော လူနာသုံးဦးအပေါ် မှီ၍ မထိန်းနိုင်မသိမ်းနိုင် ထိတ်လန့်ကြောက်ရွံ့စရာ နည်းသွားပါသည်။

သို့သော် ရောဂါရှိသူတစ်ဦး၏ ဝင်ရောက်လာရာလမ်းကြောင်းမှာ မထင်မှတ်ဘဲ ရှည်လျားပြီး ထိခိုက်လွယ်သော တိုင်းရင်းသားတို့၏ ကျေးရွာအထိရောက်ရှိ၍ သွားပေပြီ။ ဤအခြေအနေတွင် ဒေသခံတို့အား ရောဂါမပြန့်ပွားရေး၊ ထိုဒေသမှ အခြားဒေသများသို့ မပျံ့နှံ့ရေးအတွက် အစွမ်းကုန် ကာကွယ်ရပေတော့မည်။

ဤတွင် Community Quarantine ဟူသော အကန့်အသတ်များသာမက လိုအပ်ပါက ရောဂါရှိရာဒေသတွင် လူတို့အိမ်မှာသာ နေရပေလိမ့်မည်။ စားနပ်ရိက္ခာအတွက် တစ်အိမ်လျှင် တစ်ယောက်သာလျှင် အိမ်ပြင်သို့ထွက်၍ ဝယ်ယူခွင့်ပြုခြင်းကို ဝူဟန်မှာကဲ့သို့ ကျင့်သုံးနိုင်ပါသည်။ သို့အတွက် ရပ်ရွာထဲတွင် စားနပ်ရိက္ခာ လုံလောက်စွာဖြည့်ထားဖို့ တာဝန်ရှိသူတို့က ကြိုးစားရပေလိမ့်မည်။ အကယ်၍ ရောဂါပြင်းထန်စွာ ပျံ့နှံ့ခဲ့လျှင်မူ ဒေသအစိုးရက တာဝန်ယူကာ စီမံခန့်ခွဲရေးနည်း၊ အုပ်ချုပ်ရေးနည်းများ သုံးရပေလိမ့်မည်။


၂၀၀၃ ခုနှစ်က SARS ရောဂါ ဗီယက်နမ်တွင် ထိန်းချုပ်မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ဝူဟန်၌ COVID-19 ထိန်းချုပ်မှုများသည် နှစ်လခန့်မျှအတွင်း နိုင်နင်းသည်ကို တွေ့ရပါသည်။

မြန်မာပြည်သို့ ရောက်လာသော COVID-19 ပိုးများသည် ကမ္ဘာတစ်ပတ်ပတ်၍ လာခဲ့သည်ဖြစ်ရာ အားနည်းသွားပြီဟု ယူဆရ၏။ အားနည်းသော ဗိုင်းရပ်စ်သည် အားနည်းသူလူသားများအား မနှိပ်စက်နိုင်အောင် ကျွန်တော်တို့ ကာကွယ်ကြစို့။ ။

**ဤလုပ်ငန်းအဆင့်များတွင် ပံ့ပိုးသော မူဝါဒ၊ လူမှုစီးပွားတည်ငြိမ်မှုရှိရန် ထောက်ကူချက်၊ ခေါင်းဆောင်နှင့် လူထု၏ သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၏။**

**Community Quarantine ဟူသော အကန့်အသတ်များသာမက လိုအပ်ပါက ရောဂါရှိရာဒေသတွင် လူတို့အိမ်မှာသာ နေရပေလိမ့်မည်။ စားနပ်ရိက္ခာအတွက် တစ်အိမ်လျှင် တစ်ယောက်သာလျှင် အိမ်ပြင်သို့ထွက်၍ ဝယ်ယူခွင့်ပြုခြင်းကို ဝူဟန်မှာကဲ့သို့ ကျင့်သုံးနိုင်ပါသည်။ သို့အတွက် ရပ်ရွာထဲတွင် စားနပ်ရိက္ခာ လုံလောက်စွာ ဖြည့်ထားဖို့ တာဝန်ရှိသူတို့က ကြိုးစားရပေလိမ့်မည်။ အကယ်၍ ရောဂါပြင်းထန်စွာ ပျံ့နှံ့ခဲ့လျှင်မူ ဒေသအစိုးရက တာဝန်ယူကာ စီမံခန့်ခွဲရေးနည်း၊ အုပ်ချုပ်ရေးနည်းများ သုံးရပေလိမ့်မည်။**





# ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဆိုင်ရာ ဆေးဝါးများ နိုင်ငံပေါင်း ၈၉ နိုင်ငံသို့ တရုတ်ထောက်ပံ့

**ပေကျင်း မတ် ၂၆**
တရုတ်အစိုးရက ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် နိုင်ငံပေါင်း ၈၉ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းလေးခုတို့အား ဆေးဝါးထောက်ပံ့မှုများပေးခဲ့ကြောင်း တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ယနေ့ပြောကြားခဲ့သည်။

တရုတ်အစိုးရကဆေးဝန်ထမ်းများနှင့် ဆေးဝါးထောက်ပံ့မှုများကို အာရှနိုင်ငံ ၂၈ နိုင်ငံ၊ ဥရောပနိုင်ငံ ၁၆ နိုင်ငံ၊ အာဖရိကနိုင်ငံ ၂၆ နိုင်ငံ၊ အမေရိကတိုက်နိုင်ငံပေါင်း ကိုးနိုင်ငံနှင့် တောင်ပစိဖိတ်နိုင်ငံ ၁၀ နိုင်ငံတို့အား ထောက်ပံ့မှုများပေးခဲ့သည်။ အဆိုပါလှုပ်ရှားမှုကို ဆေးဝါးထောက်ပံ့ရေး အကောင်အထည်ဖော်ဆောင်မှု အစီအစဉ်သစ်တစ်ခုအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယအကြီးအကဲ ဒန်ဘိုကျန်းက ပေကျင်းမြို့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရေးဆိုင်ရာ ပြည်ပနိုင်ငံများသို့ ထောက်ပံ့ပေးရေးလှုပ်ရှားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့သည့်အချိန် ၁၉၄၉ ခုနှစ်ကတည်းက စတင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ကပ်ရောဂါ ပူးပေါင်းတိုက်ဖျက်ရန် မိုဒီနှင့် ပူတင် သဘောတူ

**နယူးဒေလီ မတ် ၂၆**
အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ယမန်နေ့ ညပိုင်းက ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ကမ္ဘာ့အခြေအနေကို ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ထုတ်ပြန်သည့် တရားဝင်ကြေညာချက်တစ်ရပ်အရ သိရသည်။

ကျန်းမာရေး၊ ဆေးဝါး၊ သိပ္ပံသုတေသန၊ လူသားချင်းစာနာထောက်ထားမှုကိစ္စများနှင့် ကမ္ဘာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုအပါအဝင် စိန်ခေါ်မှုများဖြေရှင်းရာတွင် ညှိနှိုင်းတိုင်ပင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့သည်။ ဂျီ-၂၀ မူဘောင်အတွင်း ကိုဗစ်-၁၉ ပူးပေါင်းတိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း ၎င်းတို့က အလေးထားဆွေးနွေးခဲ့ကြောင်း ဝန်ကြီးဌာနက ဆိုသည်။ နှစ်နိုင်ငံဆက်ဆံရေးထိန်းသိမ်းရာတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့သည်။

ယခုနှစ်အတွင်း လူချင်းတွေ့ဆုံနိုင်မည့် အခွင့်အလမ်းများကိုလည်း မျှော်လင့်မိပါကြောင်း ၎င်းတို့က ထပ်လောင်းအတည်ပြုခဲ့သည်။ ရုရှားနိုင်ငံရှိ အိန္ဒိယကျောင်းသားများအတွက် ရုရှားအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုကို မိုဒီက အသိအမှတ်ပြုခဲ့သလို ပူတင်ကလည်း အကူအညီအားလုံး ဆက်လက်ထောက်ပံ့မည်ဟု အခိုင်အမာ ပြောခဲ့သည်။

အိန္ဒိယနိုင်ငံရှိ ရုရှားနိုင်ငံသားများ ပြည်တော်ပြန်ရေး အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ အိန္ဒိယအာဏာပိုင်များက ကူညီပေးမည်ဟု မိုဒီက ပူတင်သို့ ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့၌ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံစဉ်။

# ဥရောပတစ်ခွင်လုံးတွင် COVID-19 ရောဂါ ကူးစက်ခံရသူဦးရေ ၂၅၀၀၀၀ ကျော်ရှိလာ

**ပါရီ မတ် ၂၆**
ဥရောပတစ်ခွင်လုံးတွင် COVID–19 ရောဂါကူးစက်ခံရသူဦးရေ ၂၅၀၀၀၀ ကျော်ရှိလာပြီး ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ရောဂါအဆိုးရွားဆုံး ထိခိုက်သွားသည့် အီတလီနှင့် စပိန်နိုင်ငံတို့မှဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် အေအက်ဖ်ပီသတင်းဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၁၄၆၄၀ အပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၈၀၆၈ ဦးရှိလာခြင်းနှင့်အတူ ဥရောပတိုက်သည် ကမ္ဘာပေါ်ရှိ ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးထိခိုက်သွားသည့် ဒေသတစ်ခုဖြစ်ပြီး အာရှတိုက်ရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ ၁၀၀၉၃၇ ဦးနှင့် သေဆုံးသူဦးရေ ၃၆၃၆ ဦးတို့ကို ကျော်လွန်သွားကြောင်း အမျိုးသားကျန်းမာရေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယနေ့ထုတ်ပြန်သည့် အချက်အလက်နှင့် ကိန်းဂဏန်းများက ဖော်ပြထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီတလီနိုင်ငံတွင် ၇၄၃၈၆ ဦးနှင့် စပိန်နိုင်ငံတွင် ၅၆၁၈၈ ဦးတို့ ရောဂါကူးစက်ခံရသည်။

လက်ရှိ ကမ္ဘာတစ်ဝန်းရှိ COVID–19 ရောဂါကူးစက်ခံရသူဦးရေမှာ ၄၈၁၂၃၀ ရှိပြီး ယင်းရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် လူ ၂၁၈၆၇ ဦး သေဆုံးခဲ့သည်။ ယခုအခါ ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၂ နိုင်ငံသို့ ကူးစက်ပျံ့နှံ့သွားသည်။ နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သောလူနာများ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများသာ စမ်းသပ်စစ်ဆေးသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေလည်း ထပ်မံတိုးလာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**

# ထိုင်းအစိုးရက ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ကြေညာ

**ဗန်ကောက် မတ် ၂၆**
ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်မည့် ကြိုးပမ်းမှုများ အရှိန်မြှင့်တင်လုပ်ဆောင်ရန် ထိုင်းအစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်ပြီဖြစ်သည်။

ယနေ့ ကြေညာခဲ့သည့် အရေးပေါ်အခြေအနေသည် ဧပြီ ၃၀ ရက်အထိ ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။ ထိုင်းနိုင်ငံက မတ် ၂၅ ရက်အထိ ကိုဗစ်–၁၉ ကူးစက်မှု ၁၀၀ ကျော် လေးရက်ဆက်တိုက်ရှိခဲ့ရာ စုစုပေါင်းကူးစက်မှု ၉၃၄ မှုအထိ ရောက်ရှိလာခြင်းကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းဖြစ်သည်။ သံတမန်များ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သူများမှလွဲ၍ ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားများဝင်ရောက်မှု ကြိုတင်ပိတ်ပင်ထားသည်။ ပြည်နယ်အချင်းချင်းအကြား ခရီးသွားလာမှုကို တားမြစ်ထားပြီး အသက် ၅ နှစ်အောက် ကလေးငယ်များနှင့် အသက် ၇၀ ကျော် လူကြီးများ အပြင်ထွက်ခြင်းမပြုလုပ်ရန် တိုက်တွန်းထားသည်။

ထို့အပြင် ဆေးဝါးများ၊ အစားအသောက်များ သိမ်းဆည်းသိုလှောင်ခြင်းကို ပိတ်ပင်ထားပြီး မငြိမ်မသက်မှုဖြစ်စေသည့် သတင်းမှားများ ဖြန့်ဝေခြင်းကို တားမြစ်ထားသည်။ အခြေအနေ လိုအပ်ချက်အပေါ်မူတည်၍ အရန်အစီအမံများစတင်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်မှုတစ်ရပ် လုပ်ဆောင်ခြင်းကို ထည့်သွင်းစဉ်းစားမည်ဟု ထိုင်းအစိုးရက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေသော ဆရာဝန်ကိုးဦး သေဆုံး

**မနီလာ မတ် ၂၆**
ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေသော ဆရာဝန်ကိုးဦး သေဆုံးခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ရှေ့တန်းမျက်နှာစာတွင် အကာအကွယ်ပေးမှုများ အားနည်းနေခြင်းအပေါ် ကျန်းမာရေးဝန်ထမ်းများက ဝေဖန်ခဲ့ကြကြောင်း နိုင်ငံ၏ ထိပ်တန်း ကျန်းမာရေးအစည်းအရုံးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အထက်ပါ ဆရာဝန်များ သေဆုံးကြောင်းကြေညာအပြီး တိုင်းပြည်၏ ကျန်းမာရေးဆိုင်ရာ ပဋိပက္ခမှာ ပိုမိုဆိုးရွားလာကာ ကြောက်ရွံ့မှုများ တိုးမြင့်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ယခုအထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူမှာ ၄၅ ဦးရှိသည်။ လူဦးရေ ၄၅ သန်းခန့်ရှိသော လူဇုန်ကျွန်းပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ခရီးသွားလာခြင်းများကို ကန့်သတ်ခဲ့သော်လည်း ရောဂါဖြစ်ပွားမှုမှာ မြင့်တက်ဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောကြားသည်။

"ကျွန်တော်သာဆိုရင် ကိုရိုနာဗိုင်းရပ်စ်အား ရှေ့တန်းမျက်နှာစာမှာ တိုက်ဖျက်မယ့် ဆရာဝန်တွေကိုလည်း ဦးစွာ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးခြင်းကို ဆောင်ရွက်မှာပါ။ ဆရာဝန်တွေကိုယ်တိုင်လည်း မိမိကိုယ်ကို ကာကွယ်ထားရန်လိုအပ်သည်"ဟု ဖိလစ်ပိုင်ကျန်းမာရေးအစည်းအရုံးမှ ဒုဥက္ကဋ္ဌ ဘာနီတိုအေတီရန်ဇာက ပြောသည်။

မနီလာမြို့ရှိ ဆေးရုံကြီးသုံးရုံက လူနာများ ပြည့်သွားသဖြင့် ကိုရိုနာဗိုင်းရပ်စ်လူနာများ ထပ်မံလက်မခံနိုင်တော့ကြောင်း ပြောကြားသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–စိုးသူရ**



# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး တရုတ်နှင့် ကုလသမဂ္ဂ ကြိုးပမ်း

**စိုးသူရ**


တရုတ်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်ရန် ကျန်းမာရေးလုပ်သားများက ပိုးသတ်ဆေးများ ပက်ဖျန်းစဉ်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအား ကိုရိုနာဗိုင်းရပ်စ်တားဆီးထိန်းချုပ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းပညာများ မျှဝေခဲ့ကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်ကုသရေးနှင့် နည်းပညာဆိုင်ရာအချက်အလက်များအား တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က နိုင်ငံပေါင်း ၁၈၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ လျင်မြန်စွာမျှဝေခဲ့ကြောင်း ၎င်းကော်မရှင်၏ ဒုတိယညွှန်ကြားရေးမှူး ဇန်ရီဇင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွေ့အကြုံများအား နိုင်ငံပေါင်း ၇၇ နိုင်ငံမှ ကိုယ်စားလှယ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်းပြီး အစည်းအဝေးတစ်ရပ်ကျင်းပကာ မျှဝေပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးနှင့် ကုသရေးဆိုင်ရာ အသိပညာများဖြန့်ဝေရန် အွန်လိုင်းစင်တာတစ်ခုအား တည်ထောင်ခဲ့သည်။ ဇန်က ပြောကြားရာတွင် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နည်းပညာဖလှယ်ရေးအစည်းအဝေး အကြိမ် ၃၀ ခန့် ကျင်းပခဲ့ကြောင်း သိရသည်။ ၎င်းကျင်းပခဲ့သော ဗီဒီယိုကွန်ဖရင့်များသည် နိုင်ငံတကာမှ လိုအပ်သော အကူအညီများသည် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကုသရေးလုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုကြောင်း ဇန်က ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဆင်းရဲချို့တဲ့သော နိုင်ငံများအား ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ပေးအပ်သွားမည်ဟု ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်သည် လူသားထုတစ်ရပ်လုံးကို အန္တရာယ်ပေးနေသောကြောင့် တိုက်ဖျက်ရမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။ "ကျွန်တော်တို့အနေနဲ့ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ အားနည်းနေတဲ့ လူသန်းပေါင်းများစွာကို အကူအညီပေးရမှာဖြစ်ပါတယ်။ ဒါဟာ လူသားအချင်းချင်းမှာ အခြေခံကျတဲ့ ပေါင်းစည်းညီညွတ်ခြင်းတစ်ရပ်ဖြစ်ပါတယ်"ဟု သူက ပြောကြားသည်။ ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး အစီအမံများကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ တာဝန်ရှိသူ မာခ့်လောကွတ်က ပြောကြားသည်။ ယခုအစီအစဉ်အရ မရှိမဖြစ်လိုအပ်သော ဓာတ်ခွဲခန်းသုံး ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်ရေးကိရိယာများ၊ ဆေးဝါးများ၊ လက်ဆေးရန်နေရာများ၊ ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်အသိပညာပေးလုပ်ငန်းများကို အာရှ၊ လက်တင်အမေရိကဒေသတို့တွင် တည်ထောင်ဆောင်ရွက်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်သွားမည်ဟု ၎င်းက ပြောကြားသည်။

ဂူတာရက်စ်က ကမ္ဘာကြီးသည် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ခံစားနေရပြီး လူသားပေါင်းများစွာ၏ အသက်အန္တရာယ်နှင့် ကမ္ဘာ့စီးပွားရေးကို နှောင့်ယှက်နေကြောင်း ပြောကြားသည်။ အားနည်းသောသူများကို ကူညီခြင်းသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အရေးကြီးကြောင်း ပြောကြားသည်။ ရန်ပုံငွေကို ပြည့်စုံစွာထောက်ပံ့ပြီးပါက လူ့အသက်ပေါင်းများစွာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများအား ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးနိုင်မည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ**

# တစ်ကမ္ဘာလုံးခံစားနေရသည့် ကိုရိုနာဗိုင်းရပ်စ် လှိုင်းဂယက်

**■ အောင်ကျော်ကျော်**

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ နှစ်သောင်းကျော်ရှိပြီး ကူးစက်ခံရသူ လေးသိန်းကျော် မြင့်တက်လျက်ရှိသည့်အတွက် ပြည်သူသုံးဘီလီယံကျော်သည် ခရီးသွားလာမှုများ ပိတ်ပင်ခြင်းခံနေရပြီး အစိုးရများကလည်း ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို မဟာဗျူဟာနည်းလမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ကမ္ဘာ့နိုင်ငံများ မည်သို့ဆိုးရွားစွာ ခံစားနေရသလဲဆိုသည်ကို အနည်းငယ် ဖော်ပြပါမည်။

**နိုင်ငံအများ ပေါင်းစည်းအားဖြင့်သာ အနိုင်ရနိုင်**

ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ အသက်နှင့် အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဆိုးကြီးကို လူသားမျိုးနွယ်တစ်ခုလုံး၏ ပေါင်းစည်းအင်အားဖြင့် တိုက်ဖျက်မှသာ အနိုင်ရနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် တစ်နိုင်ငံတည်း လှုပ်ရှားမှုဖြင့် တိုက်ဖျက်အနိုင်ယူနိုင်မည် မဟုတ်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

**လူသေဆုံးမှု ဒုတိယအများဆုံးနိုင်ငံ**

နိုင်ငံပေါင်း ၁၈၂ နိုင်ငံနှင့် အခြားသော နယ်မြေဒေသများတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၂၀၈၀၀ ကျော်မြင့်တက်လာခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာန၏ စစ်တမ်းများအရ သိရသည်။ ယင်းနိုင်ငံများအနက် စပိန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်သည် တရုတ်နိုင်ငံ၏ သေဆုံးမှုအရေအတွက်ထက် ပိုမိုများပြားလာခဲ့ပြီး အီတလီနိုင်ငံပြီးနောက် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

စပိန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်းက ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၇၀၀ ကျော်ရှိခဲ့သည့်အတွက် စုစုပေါင်း သေဆုံးသူဦးရေ ၃၄၀၀ ကျော်ရှိလာခဲ့သည်။ ကန်ဒေါ်လာ ၄၆၇ သန်းတန်ဖိုးရှိ ဆေးဝါးထောက်ပံ့မှုများကို တရုတ်နိုင်ငံမှ ဝယ်ယူရန် စပိန်အစိုးရက ကမ်းလှမ်းထားကြောင်း သိရ သည်။

အီတလီနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၆၈၃ ဦးထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၇၅၀၃ ဦးအထိ မြင့်တက်လာခဲ့သည်။

မတ် ၂၅ ရက် ဆေးမှတ်တမ်းများအရ ပြင်သစ်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့်


ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အီဖယ်မျှော်စင်အနီး ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသွားများကို တွေ့ရစဉ်။

၂၃၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူအရေအတွက် ၁၃၃၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပါရီမြို့ရှိ မြေအောက်ရထားနှင့် မီးရထားသွားလာမှုများကို လျှော့ချခဲ့သည်။

> "ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ အသက်နှင့် အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီးကို လူသားမျိုးနွယ်တစ်ခုလုံး၏ ပေါင်းစည်းအင်အားဖြင့် တိုက်ဖျက်မှသာ အနိုင်ရနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် တစ်နိုင်ငံတည်း လှုပ်ရှားမှုဖြင့် တိုက်ဖျက်အနိုင်ယူနိုင်မည် မဟုတ်ပါကြောင်း"

စပိန်၊ အီတလီ၊ ပြင်သစ် အပါအဝင် ဥရောပနိုင်ငံခြောက်နိုင်ငံတို့က ဒေသတွင်း ဥရောပစီးပွားရေးဇုန် တည်ငြိမ်မှုရှိစေရေးအတွက် ဥရောပနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့အား တောင်းဆိုထားကြသည်။

**စတော့ရှယ်ယာဈေးကွက်များ ဦးမော့လာ**

အနည်းငယ် ယိမ်းယိုင်လျက်ရှိသော အမေရိကန်စီးပွားရေးကို တောင့်တင်းခိုင်မာမှုရှိစေရန် ရည်ရွယ်ပြီး အမေရိကန်ကွန်ဂရက်က ကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံခန့်ကို မတည်ပေးလိုက်သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ထိခိုက်သွားသည့် စတော့ရှယ်ယာဈေးကွက်များ ပြန်လည်ဦးမော့လာခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးသောင်းကျော်ရှိသော နယူးယောက်မြို့တွင် စီးပွားရေးတိုးတက်မှုအခြေအနေ အနည်းငယ်ထိခိုက်မှုများရှိသော်လည်း မကြာမီအချိန်တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်မားမှုမရှိသော ပြည်နယ်များတွင် လုပ်ငန်းများ ပြန်လည်လည်ပတ်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ "ကျွန်တော့်အနေနဲ့ နိုင်ငံအတွင်း လည်ပတ်နေတဲ့ ယန္တရားများကို ယခင်ကရှိခဲ့သည့်အတိုင်း ပြန်လည်လည်ပတ်စေချင်ပါတယ်။ ဒါပေမယ့် ဘယ်အရာကိုမှ အလျင်စလို မဆုံးဖြတ်ချင်ပါဘူး"ဟု သမ္မတ ထရမ့်က ဆိုသည်။

နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ထောက်ခံမဲအများဆုံးရရှိရန် ကြိုးပမ်းလျက်ရှိသော သမ္မတ ထရမ့်အနေဖြင့် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် နိုင်ငံ၏စီးပွားရေး ပျက်ကပ်ဆိုက်မည့်အရေးကို ပူပန်လျက်ရှိသည်။ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများကို အီစတာပွဲတော်မတိုင်မီ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် သမ္မတ ထရမ့်က မျှော်လင့်ထားသည်။

အိန္ဒိယနိုင်ငံတွင်လည်း ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာခြင်းကြောင့် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော ပြည်သူများသည် နေအိမ်အတွင်းမှာသာ နေထိုင်နေရသည်။ ကမ္ဘာ့ဒုတိယလူဦးရေ အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရက်သတ္တသုံးပတ်ကြာ ခရီးသွားလာမှုကန့်သတ်ခြင်းကို မတ် ၂၅ ရက်တွင် စတင်ခဲ့သည်။

မတ် ၂၅ ရက်တွင် ရုရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် လူသုံးဦး သေဆုံးခဲ့ပြီး ကူးစက်ခံရမှုအရေအတွက် မြင့်တက်လျက်ရှိသည်။ လာမည့်ရက်သတ္တပတ်မှစပြီး နိုင်ငံအတွင်း အားလပ်ရက်များအဖြစ် သတ်မှတ်ကာ ပြည်သူများအား နေအိမ်အတွင်းမှာသာ နေထိုင်ရန်နှင့် အာဏာပိုင်များ၏ ဗိုင်းရပ်စ်ပိုးကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များကို လိုက်နာကြရန် သမ္မတ ပူတင်က ပြောကြားခဲ့သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လူထုဆန္ဒခံယူပွဲ ကျင်းပရေးကိုလည်း ရက်ရွှေ့ဆိုင်းခဲ့သည်။

**ဗိုင်းရပ်စ်တိုက်ဖျက်ရေး စည်းဝေးမည်**

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ဂျီ-၂၀ နိုင်ငံခေါင်းဆောင်များက ဗီဒီယိုမှတစ်ဆင့် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များကလည်း အလားတူ အစည်းအဝေးကျင်းပကာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်သည်။

တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်း လျော့ကျသွားသည့်အတွက် ဟူပေပြည်နယ်အတွင်းရှိ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ပြန်လည်ဖြေလျှော့လျက်ရှိသည်။ ပြည်နယ်အတွင်းရှိ မီးရထားများနှင့် ဘတ်စ်ကားများ ပြန်လည်စတင်ပြေးဆွဲပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် အရှေ့အလယ်ပိုင်းဒေသများသို့လည်း ပျံ့နှံ့လျက်ရှိသည်။ မာလီနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးကို ပထမဆုံးအကြိမ် တွေ့ရှိကြောင်း ကြေညာခဲ့ပြီး အခြားနိုင်ငံများကလည်း အရေးပေါ်အခြေအနေများ ကြေညာထားသည်။

ဂျပန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာခြင်းကြောင့် အိုလံပစ်အားကစားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နွေရာသီတွင် ကျင်းပရန်လည်း ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။ တိုကျိုမြို့အုပ်ချုပ်ရေးမှူးက ပြည်သူများအား နေအိမ်အတွင်းမှာသာ နေထိုင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် ဥရောပဘောလုံးပွဲများနှင့် တင်းနစ်ပြိုင်ပွဲများကိုလည်း ပိတ်ပင်ထားသည်။

ယင်းသို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းခြင်းနှင့် ခရီးသွားလာမှုများ ကန့်သတ်ခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအနေဖြင့် ဒုက္ခရောက်ကာ အိပ်မက်ဆိုးမှ နိုးထလာမည့်အချိန်ကို မျှော်လင့်စောင့်စားလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား-အေအက်ဖ်ပီ**




# ကိုဗစ်-၁၉ ပျံ့နှံ့မှုထိန်းချုပ်ရန် ဂျီ-၇ နိုင်ငံများ လက်တွဲဆောင်ရွက်မည်

**တိုကျို မတ် ၂၆**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရန် လက်တွဲဆောင်ရွက်မည်ဟု စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံ (ဂျီ-၇)မှ နိုင်ငံခြားရေးဝန်ကြီးများက မတ် ၂၅ ရက်တွင် အတည်ပြုခဲ့သည်။

ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အမေရိကန်နိုင်ငံတွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဗီဒီယိုကွန်ဖရင့်ဖြင့်သာ ပြောင်းလဲပြုလုပ်ခဲ့သည်။ ယခုအစည်းအဝေးမှာ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် ပထမဆုံးသော ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးဖြစ်သည်။ ဂျီ-၇ နိုင်ငံများက ကိုဗစ်-၁၉ တိုက်ဖျက်ရေး သင်ခန်းစာများ၊ ဗဟုသုတများ မျှဝေမည်ဖြစ်သလို နယ်စပ်ဂိတ်များ ထိန်းချုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ပြီး ဆေးဝါးများ၊ ကာကွယ်ဆေးများ ပူးတွဲထုတ်လုပ်ရေးတွင် လက်တွဲဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးများက သဘောတူခဲ့သည်။

ကိုဗစ်-၁၉ ပျံ့နှံ့မည်ကို စိုးရိမ်နေသည့် ဖွံ့ဖြိုးဆဲတိုင်းပြည်များသို့ ပံ့ပိုးမှုပြုလုပ်မည့် အစီအမံလုပ်ဆောင်ရန်လည်း ၎င်းတို့က သဘောတူခဲ့သည်။ တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ တစ်နှစ်ခန့် ရွှေ့ဆိုင်းလိုက်သည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အားကစားပြိုင်ပွဲများကို ကျင်းပနိုင်သည့်အချိန် ကျင်းပလိုကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆုမိုတီဂီက ပြောသည်။ ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများက ဒုံးကျည်ပစ်လွှတ်မှုများ ဆက်တိုက်လုပ်ဆောင်နေသည့် မြောက်ကိုရီးယားနိုင်ငံအရေး ဆွေးနွေးခဲ့ကြသည်။ ဒုံးကျည်ပစ်လွှတ်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက သည်းခံနိုင်လိမ့်မည်မဟုတ်ဟု ၎င်းတို့ကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အပြီးတိုင် နျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့က ထပ်လောင်းအတည်ပြုခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

# ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များ ကိုရိုနာဗိုင်းရပ်စ်အရေး ဆွေးနွေးပွဲကျင်းပမည်


ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

**ဘာစီလိုနာ မတ် ၂၆**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လူပေါင်း ၂၁၀၀၀ ကျော် သေကျေခဲ့ပြီး လူပေါင်းသုံးဘီလီယံခန့်အား ခရီးအသွားအလာပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များသည် အွန်လိုင်းမှ တစ်ဆင့် မတ် ၂၇ ရက်တွင် ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာ့နိုင်ငံများအား အထက်ပါကိုရိုနာဗိုင်းရပ်စ် အန္တရာယ်ကို ပူးပေါင်းတိုက်ဖျက်ရန် ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့လူသားများအား ခြိမ်းခြောက်နေပြီး ယင်းဗိုင်းရပ်စ်ဖြစ်ပွားမှုကို ပြန်လည်တွန်းလှန်ရန် လိုအပ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုသည် အရေးကြီးကြောင်း ဂူတာရပ်စ်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေမှုကြောင့် အိန္ဒိယနိုင်ငံတွင် ခရီးသွားလာမှုများကို ပိတ်ပင်ခဲ့ပြီး ရုရှားနိုင်ငံကလည်း နိုင်ငံတကာလေကြောင်း ခရီးစဉ်များကို ရပ်နားခဲ့သည်။

စီးပွားရေးပညာရှင်များ၏ပြောကြားချက်အရ ဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် တစ်ကမ္ဘာလုံးတွင် ချမှတ်ထားသော ကန့်သတ်မှုများသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို ဖြစ်စေခဲ့သည်ဟု ပြောကြားသည်။ ယခုနှစ်၏ ပထမခြောက်လအတွင်း စက်မှုထိပ်သီးနိုင်ငံ ၂၀ ကို တုန်လှုပ်မှုများ ဖြစ်လာစေနိုင်သည်ဟု စီးပွားရေးအကဲဖြတ်အေဂျင်စီဖြစ်သော မူဒီအေဂျင်စီကပြောကြားသည်။

အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာနိုင်ပြီး အလုပ်လက်မဲ့များ၏ ၃၀ ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုမှ ဖြစ်နိုင်သည်ဟု စိန့်လူးဝစ်ပြည်ထောင်စု အရန်ရန်ပုံငွေဘဏ်မှ ဥက္ကဋ္ဌ ဂျိန်းစ်ဘားလတ်က ပြောကြားသည်။

ဥရောပဇုန်တွင်လည်း အလုပ်လက်မဲ့နှုန်းမှာ ၁၂ ရာခိုင်နှုန်းသို့ တိုးတက်လာနိုင်ကြောင်း လန်ဒန်အခြေစိုက် Capital Economic မှ ဒေးဗစ်အော့ဆလီက ပြောကြားသည်။ ကမ္ဘာကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ကျန်းမာရေးစနစ်နှင့် စီးပွားရေးကဏ္ဍတို့တွင် စိန်ခေါ်မှုများရှိလာသည့်အတွက် စက်မှုထိပ်သီးနိုင်ငံ ၂၀ ထိပ်သီးအစည်းအဝေးမှ တစ်ဆင့် ညီညွတ်သော စုပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်သွားရမည်ဟု ဆော်ဒီဘုရင်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် လူပေါင်း ၁၀၅၀ ခန့် သေဆုံးပြီး အတည်ပြုကူးစက်မှုပေါင်း ၇၀၀၀၀ ရှိကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်မှ ရေတွက်မှုများအရသိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဆိုင်ရာ နိုင်ငံတကာသတင်းများစုစည်းမှု

**မလေးရှားဘုရင်နှင့် ဘုရင်မတို့အား ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ သီးခြားစောင့်ကြည့်**

မလေးရှားဘုရင် ဝူတန် အဒူလာဝူတန် အာမက်ဆာဟ်နှင့် ကြင်ရာတော် အာဇီဇက် အမီနာ မိုင်မာနာ အစ်ကန်ဒါရီတို့သည် ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်ခြင်းခံနေရကြောင်း ဘုရင့်နန်းတော်က ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

နန်းတော်အတွင်းရှိ အလုပ်သမားအများအပြား ဗိုင်းရပ်စ်ကူးစက်ခြင်းခံရသည့်အတွက် ဘုရင်နှင့် သူ၏ကြင်ရာတော်တို့အား သီးခြားစောင့်ကြည့်ခြင်းဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာသည့်အတွက် မတ် ၁၈ ရက်မှစ၍ သွားလာမှုများ စတင်ကန့်သတ်လိုက်ပြီး စာသင်ကျောင်းများနှင့် ဈေးဆိုင်များလည်း ပိတ်ထားခဲ့သည်။ ပြည်သူအားလုံးကိုလည်း နေအိမ်အတွင်းတွင်သာ နေထိုင်ကြရန် အာဏာပိုင်များက တောင်းဆိုထားသည်။

လက်ရှိအချိန်အထိ မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၃၁ ဦးရှိပြီး သေဆုံးသူ ၂၃ ဦးရှိကြောင်း သိရသည်။

**လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးရှိလာ**

လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးအား ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ခြောက်ဦးအထိ ရှိလာခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖူသောင်မောင်ပက်က မတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ယခုထပ်မံတွေ့ရှိခဲ့သော ကူးစက်လူနာသုံးဦးသည် ယခင်ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သော လူနာသုံးဦးနှင့် ထိတွေ့ဆက်ဆံခဲ့သူများဖြစ်ပြီး ဗီယင်ကျန်းမြို့ မစ်တပ်ဖတ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ဖူသောင်မောင်ပက်က ဆိုသည်။

ယင်းလူနာသုံးဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**တရုတ်နိုင်ငံ ဝူဟာန်မြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ**

တရုတ်နိုင်ငံ ဝူဟာန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်း မရှိခဲ့ကြောင်း မတ် ၂၅ ရက် ဆေးမှတ်တမ်းများအရ သိရသည်။

ဟူပေပြည်နယ်အတွင်း ဗိုင်းရပ်စ်ကူးစက်ခြင်းခံရသူ ထပ်မံမတွေ့ရှိကြောင်း ဟူပေပြည်နယ် ကျန်းမာရေးကော်မရှင်က မတ် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ လျော့ကျလျက်ရှိသည့်အတွက် ဧပြီ ၈ ရက်တွင် ခရီးသွားလာမှုပိတ်ပင်ခြင်းများ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်။

**တရုတ်(တိုင်ပေ)တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၂ ဦးရှိလာ**

တရုတ်(တိုင်ပေ)တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၂ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း တရုတ်(တိုင်ပေ) ဗိုင်းရပ်စ်ထိန်းချုပ်ရေးအေဂျင်စီက ယနေ့ပြောကြားခဲ့သည်။

အသစ်ထပ်မံတွေ့ရှိခဲ့သူ ၁၇ ဦးအနက် ၁၅ ဦးမှာ နိုင်ငံရပ်ခြားသို့ ခရီးသွားလာခဲ့ပြီး ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ၎င်းတို့သည် ဗြိတိန်၊ အမေရိကန်၊ နယူးဇီလန်၊ မလေးရှားနှင့် မက္ကဆီကို နိုင်ငံများသို့ ခရီးသွားခဲ့သည်ဟု အဆိုပါအေဂျင်စီက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ ကျန်နှစ်ဦးမှာ ယခင် ဗိုင်းရပ်စ်ကူးစက်ခံရသူများနှင့် ထိတွေ့ဆက်ဆံခဲ့သူများဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၂၅၂ ဦးအနက် ၂၁၂ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ယင်းလူနာများအနက် ၂၉ ဦးမှာ ရောဂါအခြေအနေ ပြန်လည်သက်သာလာခဲ့ပြီး သေဆုံးသူ နှစ်ဦးရှိကြောင်း သိရသည်။

**ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဂျပန်ထူထောင်**

ဂျပန်အစိုးရက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ယနေ့ စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

အဆိုပါလုပ်ငန်းအဖွဲ့သည် ဆေးပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာပြီး နိုင်ငံအတွင်း ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးအခြေအနေနှင့် စီးပွားရေးကို ထိခိုက်စေသည့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာရန် အစိုးရက လုပ်ငန်းအဖွဲ့အား အာဏာလွှဲပြောင်းပေးထားသည်။ လုပ်ငန်းအဖွဲ့အနေဖြင့် အရေးပေါ်အခြေအနေကြေညာပါက သက်ဆိုင်ရာပြည်နယ် အုပ်ချုပ်ရေးမှူးများက ပြည်နယ်များအတွင်းရှိ စာသင်ကျောင်းများ၊ ဈေးဆိုင်များနှင့် ရုပ်ရှင်ရုံများကို ပိတ်ပင်ရန် ကြေညာမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၀၀ ကျော်ရှိပြီး ၅၂ ဦး သေဆုံးခဲ့သည်။ ကူးစက်ခံရသူ ၁၃၀၀ ကျော်တွင် ဒိုင်းမွန်းပရင့်စ် ဇိမ်ခံသင်္ဘောပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၀၀ ကျော်ပါဝင်ခြင်းမရှိပေ။

**နယူးဇီလန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈ ဦး ထပ်မံတွေ့ရှိ**

မတ် ၂၆ ရက်ဆေးမှတ်တမ်းများအရ နယူးဇီလန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်သူအရေအတွက် ၂၈၃ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရောဂါပိုးထပ်မံတွေ့ရှိခဲ့သူ ၇၈ ဦးအား နိုင်ငံအတွင်း ခရီးသွားလာမှုစတင်ကန့်သတ်သည့် ပထမဆုံးနေ့တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းလူနာအများစုသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ၊ လူအများအပြား တက်ရောက်ခဲ့သည့် လူထုအစည်းအဝေးပွဲများ၊ ဝယ်လင်တန်မြို့တွင် ကျင်းပခဲ့သည့် မင်္ဂလာဆောင်အခမ်းအနားနှင့် အမေရိကန်နိုင်ငံသို့ အုပ်စုလိုက် ခရီးထွက်ခြင်းများကြောင့် ဗိုင်းရပ်စ်ကူးစက်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

နယူးဇီလန်နိုင်ငံတွင် မတ် ၂၅ ရက်က အရေးပေါ်အခြေအနေကြေညာခဲ့ပြီး မတ် ၂၆ ရက်တွင် ခရီးသွားလာမှု ကန့်သတ်ခြင်းကို စတင်ခဲ့ကြောင်း သိရသည်။

**ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှုအများဆုံး အီတလီနိုင်ငံဖြစ်လာ**

မတ် ၂၆ ရက် ဆေးမှတ်တမ်းများအရ အီတလီနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၆၈၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၇၅၀၃ ဦးထိ မြင့်တက်လာခဲ့ပြီး ကူးစက်ခံရသူ ၇၄၃၈၆ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း စပိန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၇၀၀ ခန့်ရှိပြီး စပိန်နိုင်ငံက ဒုတိယ သေဆုံးသူအများဆုံးဖြစ်လာခဲ့သည်။

**ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုခံရသူ ၈၄၀ ရှိ**

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၄၀ ရှိပြီး သုံးဦးသေဆုံးခဲ့ကြောင်း မတ် ၂၆ ရက် ဆေးမှတ်တမ်းများအရ သိရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြည်သူများအား လာမည့်ရက်သတ္တပတ်မှစ၍ နေအိမ်အတွင်းမှာသာနေထိုင်ရန်နှင့် လစာအပြည့်အဝခံစားခွင့်ရှိမည်ဖြစ်ကြောင်း မတ် ၂၅ ရက်တွင် ကြေညာခဲ့သည်။ သို့သော် ဆေးရုံများ၊ ဆေးဆိုင်များ၊ ဈေးဆိုင်များ၊ ဘဏ်များ၊ ပို့ဆောင်ရေးနှင့် အစိုးရအဖွဲ့အစည်းများသည် ပုံမှန်အတိုင်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်စေရမည်ဟု ပူတင်က ရုပ်သံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဧပြီ ၂၂ ရက်တွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ လူထုဆန္ဒခံယူပွဲကို ရွှေ့ဆိုင်းမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်ရက်ကို ပြန်လည်ကြေညာမည်ဖြစ်ကြောင်း ပူတင်က ဆိုသည်။

အောင်ကျော်ကျော်-စုစည်းသည်

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၃)
# ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲတာဝန်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ



မောင်စာဂ

ရွေးကောက်ပွဲတစ်ခုကျင်းပမည်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအပြင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဌာနဆိုင်ရာဝန်ထမ်းများလည်း ပါဝင်ဆောင်ရွက်ကြရသည်။ မည်သို့ဆောင်ရွက်ကြရသနည်း။ မည်သို့တာဝန်ရှိကြသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

**ရွေးကောက်ပွဲကျင်းပရန် တာဝန်နှင့်လုပ်ပိုင်ခွင့်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ တို့အရ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်နှင့် ရွေးကောက်ပွဲများကိုကြီးကြပ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသည်။ ထို့ပြင် ရွေးကောက်ပွဲများကိုကြီးကြပ်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းနိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။

တစ်ဆက်တည်းပင် လွှတ်တော်ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းစသည့် လုပ်ပိုင်ခွင့်များလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင်ရှိပါသည်။

**ရွေးကောက်ပွဲ ကြီးကြပ်ရန်တာဝန်**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ခ)နှင့် (ဂ) ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ရွေးကောက်ပွဲများကို ကြီးကြပ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်တို့၏ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကို ဖွဲ့စည်းသည်။

ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသော မူဝါဒများနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းသည်။

**ဌာနဆိုင်ရာများပါဝင်လာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်ခြောက်ဦး၊ သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာနကိုးခုမှ တာဝန်ခံအရာရှိ ကိုးဦးနှင့် ရွေးကောက်ပွဲအရာရှိတစ်ဦး စုစုပေါင်း ၁၆ ဦးပါဝင်သည်။ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌဖြစ်ပြီး သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရသည်။

အစိုးရဌာန ကိုးခုဟုဆိုရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်တွင်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဥပဒေရုံး၊ စာရင်းစစ်ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့တို့ဖြစ်သည်။ ယင်းဌာန ကိုးခုတွင် တာဝန်ထမ်းဆောင်နေရသော တာဝန်ခံအရာရှိများသည် သက်ဆိုင်ရာအဆင့်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်များဖြစ်ကြသဖြင့် ၎င်းတို့သည် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့်ကြေညာခြင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာပြုစုထိန်းသိမ်းခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်းတို့ဖော်ဆောင်ခြင်း၊ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်းဟူ၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များအဖြစ် ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာန ကိုးခုတွင် တာဝန်ထမ်းဆောင်နေကြရသော တာဝန်ခံအရာရှိများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များဖြစ်ကြပြီး ရွေးကောက်ပွဲလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြီးကြပ်ခွင့်ရရှိကြသည့် တာဝန်ရှိသူများဖြစ်ကြသည်။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပြုတိုင်းပြုတိုင်း ပါဝင်ဆောင်ရွက်ကြရသည်။ ထိုသူများသည် မိမိ၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရင်းနှင့် နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ရကြသည်။

**ရွေးကောက်ပွဲကြိုတင်မဲပေးခြင်းတာဝန်**

ရွေးကောက်ပွဲတစ်ခုတွင် မဲရုံသို့ မဲဆန္ဒရှင်ကိုယ်တိုင်သွားရောက်မဲပေးရသည်။ မဲရုံသို့ ကိုယ်တိုင်သွားရောက်ဆန္ဒမဲပေးနိုင်ခြင်းမရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်းရှိသည်။ မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည့် တပ်မတော်သားများနှင့် အတူနေမိသားစုများအတွက် သက်ဆိုင်ရာတပ်မှူးကတာဝန်ယူ၍ ကြိုတင်ဆန္ဒမဲရယူခြင်းကို ဆောင်ရွက်ရသည်။ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသောအတွင်းလူနာများအတွက် သက်ဆိုင်ရာဌာနအကြီးအမှူးကတာဝန်ယူ၍ လည်းကောင်း၊ နိုင်ငံပြင်ပတွင်ရောက်ရှိနေသူ မဲဆန္ဒရှင်များအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးတို့မှတာဝန်ယူ၍ လည်းကောင်း ကြိုတင်ဆန္ဒရယူခြင်းကို ဆောင်ရွက်ကြရသည်။

ထိုသူများသည်လည်း နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ မိမိတို့၏ဌာနဆိုင်ရာတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသည်။

**မဲရုံတွင်ကြီးကြပ်ခြင်းတာဝန်**

ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံကိုကြီးကြပ်တာဝန်ယူရသည်မှာ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ဖြစ်ကြသည်။ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၃၉ အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်သည့်သူများကို မဲရုံမှူးများအဖြစ်ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များကို ဖြစ်နိုင်သရွေ့ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံအများ ယုံကြည်လေးစားခြင်းခံရသူများကို ခန့်အပ်သည်။ ထို့ကြောင့် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ခန့်အပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ကြရသည်။

**ရွေးကောက်ပွဲလုံခြုံရေးတာဝန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု**

ရွေးကောက်ပွဲတစ်ခုကျင်းပမည်ဆိုလျှင် လုံခြုံရေးက အရေးကြီးသည်။ ရွေးကောက်ပွဲမကျင်းပမီ ဆန္ဒမဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းကိရိယာ စာရွက်စာတမ်းများ သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ဆန္ဒမဲပေးခြင်း၊ မဲရလဒ်ကြေညာခြင်းစသည့် လုပ်ငန်းများအပါအဝင် ရွေးကောက်ပွဲကာလတစ်လျှောက်လုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံမှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်၍ ရွေးကောက်ပွဲလုံခြုံရေးတာဝန်များယူကြရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့၏ ဌာနဆိုင်ရာတာဝန်များကိုထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ကြရသည်။

အချို့သော မဲရုံတော်တော်များများတွင်လည်းသက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဘေးအန္တရာယ်လုံခြုံမှုရှိစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုပေးနိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက ပါဝင်၍ ရွေးကောက်ပွဲတာဝန်များ ထမ်းဆောင်ပေးရသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်သည်။

**ဌာနဆိုင်ရာလုပ်ငန်းတာဝန်နှင့် ရွေးကောက်ပွဲတာဝန်**

ရွေးကောက်ပွဲလုပ်ငန်းတာဝန်သည် နိုင်ငံတော်တာဝန်ဖြစ်သည်။ ပြည်သူနှင့်နိုင်ငံတော်အတွက် အရေးကြီးသောလုပ်ငန်းတာဝန်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားများက မိမိတို့ကိုယ်စား ပြည်သူနှင့် နိုင်ငံတော်အတွက် အရေးအရာများကိုဆောင်ရွက်နိုင်ရန် မိမိတို့၏ကိုယ်စားလှယ်များကို ဆန္ဒမဲပေး၍ ရွေးချယ်ပေးရသည့်လုပ်ငန်းဖြစ်သည်။ ဥပဒေနှင့်အညီ လွတ်လပ်ရသည်။ မျှတစွာဆောင်ရွက်ရသည်။ မွန်မြတ်သန့်စင်သောလုပ်ငန်းဟုလည်း ခေါ်ဆိုနိုင်သည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရင်း နိုင်ငံတော်တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းသည် တန်ဖိုးထား၍ ဂုဏ်ယူစရာပင်ဖြစ်သည်။ မိမိတို့၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကိုလည်း မပျက်မယွင်း လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရပါမည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ခွင့်ရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ နိုင်ငံ့တာဝန်ဖြစ်သော ရွေးကောက်ပွဲလုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ကြစေလိုကြောင်းပါ။

- **ဌာနဆိုင်ရာဝန်ထမ်းများ၊ မိမိတို့၏ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်နိုင်ကြပါစေ၊**
- **နိုင်ငံ့တာဝန်ဖြစ်သည့် ရွေးကောက်ပွဲတာဝန်များကိုလည်း စွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊**
- **ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ရွေးကောက်ပွဲ တာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ကြပါစေ။ ။**

**ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်တာဝန်ဖြစ်သည့် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရရှိခြင်းသည် ဂုဏ်ယူစရာ...**

# COVID - 19 ကာကွယ်ရေးပညာပေး

## Guideline for Home Quarantine

## အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ (အနှစ်ချုပ်)

### အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာနေထိုင်ရမည့်သူများလိုက်နာရန်-

(၁) မိမိနေအိမ်သို့ပြန်ရောက်ပြီး (၁၄)ရက်အတွင်း နေအိမ်တွင် သီးခြားအခန်းဖြင့် သီးသန့်ခွဲခြား နေထိုင်ပါ။ လေဝင်/လေထွက်ကောင်းစေရန် ပြတင်းပေါက်များကိုဖွင့်ထားပါ။

(၂) အိမ်သားများနှင့်အတူ ရောနှောနေထိုင်ခြင်း မပြုဘဲ တစ်ဦးနှင့်တစ်ဦး ၁မီတာ (၃ပေ)အထက် အကွာတွင် နေထိုင်ပါ။ မိသားစုနှင့်အတူတကွ စားသောက်ခြင်းမပြုပါနှင့်။

(၃) ဖြစ်နိုင်လျှင် ရေချိုးခန်း၊ အိမ်သာ သီးသန့်သုံးပါ။ အကယ်၍ အတူမျှဝေသုံးစွဲရလျှင် မိမိ အသုံးပြုခဲ့သော ရေပိုက်ခေါင်း၊ တံခါးလက်ကိုင်စသည်တို့ကို 1:50 Hypochlorite Solution (1,000ppm) ဖြင့် ဆေးကြောသန့်ရှင်းပါ။

*(ဖျော်စပ်နည်း-(1:50 Hypochlorite Solution(1,000ppm) ရရှိနိုင်ရန် ရေ(၁)လီတာတွင် ၅% အိမ်သုံး အရောင်ချွတ်ဆေး (Bleaching Powder) လက်ဖက်ရည်ဇွန်း (၄)ဇွန်းထည့်၍ ဖျော်ပါ)*

(၄) အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်။ အခြားသူများနှင့် အနီးကပ်ပြောဆိုခြင်း လုံးဝ ရှောင်ကြဉ်ပါ။ မိမိ၏ Mobile ဖုန်းနှင့် အင်တာနက်တို့မှ တစ်ဆင့်သာ ဦးစားပေးဆက်သွယ် ပြောဆိုပါ။

(၅) လူစုလူဝေးရှိသောနေရာများသို့ လုံးဝ(လုံးဝ) သွားရောက်ခြင်းမပြုရပါ။ ဤအချက်သည် အလွန်အရေးကြီး၍ အထူးသတိပြုရှောင်ကြဉ်ပါ။

(၆) ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀)ကြာအောင် လက်ကိုမကြာခဏစနစ်တကျ ဆေးကြောပါ။ အကယ်၍ ဆပ်ပြာနှင့်ရေ မရနိုင်ပါက အနည်းဆုံး Alcohol ၆၀% ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။ (နှာချေ၊ ချောင်းဆိုးပြီးသည့်အခါတိုင်း၊ အများသုံး ပစ္စည်းများ မကိုင်တွယ်မီနှင့် ကိုင်တွယ် ပြီးတိုင်း၊ အစာမစားမီ နှင့် အစာစားပြီးတိုင်း) လက်ဆေးပါ။

(၇) မိမိနှင့် အခြားသူများ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို လက်ဖြင့်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(၈) မိမိ၏မိသားစု (သို့မဟုတ်) အခြားသူများနှင့် မဖြစ်မနေ ဆက်ဆံပြောဆိုရပါက ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask)ဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပြီးမှ ပြောဆိုပါ။

(၉) နှာချေ၊ ချောင်းဆိုးလျှင် တစ်ခါသုံးတစ်ရှူးကို အသုံးပြုရပါမည်။ အသုံးပြုပြီးသော တစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)၊ လက်အိတ်တို့ကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် စနစ်တကျလက်ပြန်ဆေးပါ။

(၁၀) တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ (ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာ ခင်း၊ ခေါင်းအုံးစွပ် စသည်)များ သီးသန့်ထားရှိပါ။ အသုံးပြုပြီးသော မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စောင်၊ အဝတ်အစားများ လျှော်ဖွတ်ရာတွင် အကောင်းဆုံး နည်းလမ်းမှာ Sodium Hypochlorite Solution (၁)ဆနှင့် ရေ အဆ(၂၀) ရောနှောထားသော ဆေးရည်ဖြင့် နာရီဝက်(မိနစ်၃၀)စိမ်ပြီးမှ အဝတ်လျှော်စက် အသုံးပြုလျှော်ဖွတ်ခြင်းဖြစ်သည်။

(၁၁) ကိုယ်အပူချိန်ကို တစ်နေ့ (၂)ကြိမ်တိုင်းပါ။ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း စတဲ့လက္ခဏာများ ပေါ်ပေါက်လာပါက ပါးစပ်နှင့်နှာခေါင်းစည်းတပ်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားပါ။

**မိမိထံမှတစ်ဆင့် မိသားစုဆွေမျိုးများနှင့်ပတ်ဝန်းကျင် မိမိရပ်ရွာသို့ ရောဂါကူးစက်ခြင်းမရှိစေရန် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။**

### မိသားစုဝင်များလိုက်နာရန်-

(၁) အသွား/အလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာနေထိုင်ရမည့်သူအတွက် နေအိမ်တွင် သီးခြားအခန်းပြင်ဆင်ထားပေးပါ။

(၂) ထိုသူအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများ (ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း စသည်) တို့ကို သီးသန့်ပြင်ဆင်ပေးထားပါ။

(၃) အနီးကပ်နေထိုင်ခြင်းနှင့် ရင်းနှီးစွာပူးကပ်နေထိုင်ခြင်းတို့မပြုရပါ။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၁မီတာ(၃ပေ)အကွာတွင် နေထိုင်ပါ။ အတူတကွစားသောက်ခြင်းမပြုပါနှင့်။

(၄) မိသားစုဝင်များအနေဖြင့် လက်ကို ဆပ်ပြာဖြင့် မကြာခဏစနစ်တကျ စင်ကြယ်စွာ ဆေးကြောပါ။ လူထူထပ်သောနေရာ၊ လူစုလူဝေးရှိရာနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(၅) အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူကို သတ်မှတ် ထားသော အိမ်ခန်းတွင်သာ နေထိုင်စေပါ။ နေအိမ်ပြင်ပသို့ သွားလာခြင်းကို လုံးဝ(လုံးဝ) မပြုစေရန်စောင့်ကြပ်ကြည့်ရှုပါ။

(၆) ထိုသူ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့ ပုံမှန်သတင်းပို့ပါ။ စိတ်ပိုင်းဆိုင်ရာ အားငယ်မှုမရှိစေရန် ကူညီပေးပါ။

(၇) အကယ်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် ရောဂါလက္ခဏာ တစ်စုံတစ်ရာ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားပါ။


(၈) အခြေခံကျန်းမာရေးပညာရှင်များမှ မိမိအိမ်သို့လာရောက်၍ ကူးစက်ရောဂါကာကွယ်ထိန်းချုပ် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက ကူညီဆောင်ရွက်ပါ။

**အသွားအလာကန့်သတ်၍ မိမိအိမ်တွင်သာ နေထိုင်ရမည့်သူကို မိသားစုအနေဖြင့် လမ်းညွှန်ချက်အတိုင်း နည်းစနစ်တကျ ကူညီစောင့်ရှောက်ပေးခြင်းဖြင့် မိမိ၏ မိသားစုအပါအဝင် ရပ်ရွာအတွင်းသို့ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ပါ။**

COVID-19

အသေးစိတ်သိရှိလိုပါက ဤနေရာကို Scan ဖတ်ပါ။


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



## ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုတာ -

ပြင်းထန်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပြီး လူတွေကို ကူးစက်နိုင်တယ်။

COVID-19 က ၂၀၁၉ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ဖြစ်တယ်။




## ဘယ်လို ကူးစက်ခံရနိုင်လဲ -


- ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့ရင်
- ရောဂါခံစားနေရသူ နှာချေ ချောင်းဆိုးရာက ထွက်လာတဲ့ ရောဂါပိုး အစက်အမှုန်တွေ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်ရင်
- ရောဂါပိုး တင်ကျန်နေတဲ့ အရာဝတ္ထုတွေကို ကိုင်တွယ်ထားတဲ့လက်နဲ့ မိမိမျက်လုံး နှာခေါင်း ပါးစပ်တွေကို ကိုင်တွယ်မိရာမှ တစ်ဆင့် ကူးနိုင်ပါတယ်။



## ရောဂါလက္ခဏာတွေက -


- အဖျားကြီးခြင်း
- ချောင်းခြောက်ဆိုးခြင်း
- အသက်ရှူရခက်ခြင်း
- အင်အားကုန်ခန်းခြင်း

(အကြောင်းကြားမှုပြီး ရောဂါလက္ခဏာ ဖုံးကွယ်ထားခြင်းကို ရှောင်ပါ။)



## ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ -

- ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့တာ ရှောင်
- လက်ကို စင်ကြယ်အောင် မကြာခဏ ဆေးပါ။
- လက်မဆေးဘဲ မျက်စိ၊ နှာခေါင်း ပါးစပ်တွေကို မကိုင်ပါနဲ့
- အာဟာရပြည့်ဝအောင် စားပါ၊ ကောင်းမွန်စွာ အိပ်စက်အနားယူပါ။
- လူစုလူဝေးတဲ့နေရာတွေကို ရှောင်ကြဉ်ပါ။



## မိမိ ဖျားနာရင် ဘာလုပ်သင့်လဲ -

- ဖျားနေရင် အိမ်မှာပဲ နေပါ။
- ကိုရိုနာဗိုင်းရပ်စ်ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။
- စောစောပြော စောစောသိ အားလုံးအကျိုးရှိ





## သတင်းစုံကဏ္ဍ

### အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ အန္တရာယ်ကင်းပရိတ်တရားတော်များကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက သံဃာအပါး ၄၀ တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က "ဆရာတော်သံဃာတော်များက မတ် ၂၇ ရက် နံနက်၁၀ နာရီအထိ အသံမစဲ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ကျေးရွာတွင် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ဆရာတော်အရှင်သူမြတ် ၂၇ ပါးတို့က တောင်ကလပ် ကြေးဘုရားကြီးအနီး၊ ဆင်နှစ်ကောင်စောင်းတန်း၊ ပတ္တမြားစောင်းတန်း အစရှိသည့် တောင်ကလပ်အခြေလမ်းတစ်လျှောက်နှင့် ပုပ္ပားတောင်ကလပ်သွားကားလမ်း၊ အောင်သိဒ္ဓိကုန်းတို့တွင် ကားဖြင့်လှည့်လည်ကာ အန္တရာယ်ကင်းပရိတ်တော်များကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ရွတ်ဖတ်ခဲ့ကြသည်။

ထို့ပြင် ငြိမ်းချမ်းရေးပရဟိတအဖွဲ့က ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်များနှင့် စနစ်တကျလက်ဆေးနည်းများ၊ ရောဂါဖြစ်ပွားသူ၏လက္ခဏာများနှင့် ကူးစက်ခြင်းမခံရစေရန် ဆောင်ရွက်သင့်သည့် နည်းလမ်းများပါဝင်သည့် ပညာပေးလက်ကမ်းစာစောင် ၅၀၀ ကို ရပ်နီးရပ်ဝေးမှဈေးသည်များနှင့် ဘုရားဖူးရောက်ရှိနေကြသည့် ခရီးသွားဧည့်သည်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### မုံရွာမြို့ဝင်ပေါက်များမှဝင်ရောက်လာသူများအား အပူချိန်စစ်ဆေးမှုစတင်

**မုံရွာ**

မုံရွာမြို့၏ဝင်ပေါက်များမှ မြို့တွင်းဝင်လာသူများကို အပူချိန်တိုင်းတာစစ်ဆေးသည့်လုပ်ငန်းများ မတ် ၂၄ ရက် ညနေပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

"မုံရွာမြို့တွင်းဝင်ရောက်နိုင်တဲ့ တိုးဂိတ်တွေ၊ ရေယာဉ်ဆိပ်တွေ၊ လေဆိပ်တွေမှာ အပူချိန်တိုင်းတာတာတွေကို အဖွဲ့တွေခွဲပြီး နေ့စဉ် စစ်ဆေးတာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မုံရွာမြို့နယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တားဆီးကာကွယ်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

တိုင်းတာခြင်းများဆောင်ရွက်စဉ် အပူချိန်မြင့်မားသူများတွေ့ရှိပါက ကျန်းမာရေးဌာနနှင့်ပူးပေါင်းချိတ်ဆက်၍ စစ်ဆေးမှုများဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အကယ်၍ သံသယလူနာများတွေ့ပါက ထားရှိရန်အတွက် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် သီးသန့်ခန်းများ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ ယာယီကွန်တိန်နာပုံးများဖြင့်လည်း သီးသန့်လူနာများထားရှိနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသ

**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်ဘုတ်တွင် COVID–19 ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အဆိုပါမြေစိုက်နံရံကပ်စာစောင်တွင် COVID–19 ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကမ္ဘာ့နိုင်ငံများ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ၊ ကူးစက်ရောဂါများကို ထိရောက်စွာကာကွယ်နိုင်ရန် စနစ်တကျလက်ဆေးနည်းများနှင့် မြို့နယ်အတွင်းCOVID–19 ရောဂါ ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ရုပ်ပြများ၊ နိုင်ငံတော်အစိုးရ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို အသိပညာပေးပြသထားပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်သူတိုင်းကို ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

**မယု(ငဖဲ)**

# ဂန့်ဂေါ-ဟားခါး၊ ဂန့်ဂေါ-ကလေး ကားလမ်းဆုံ၌ ကျန်းမာရေးစစ်ဆေး



**ဂန့်ဂေါ မတ် ၂၆**

ဂန့်ဂေါမြို့ ဂန့်ဂေါ–ဟားခါးကားလမ်း၊ ဂန့်ဂေါ–ကလေးကားလမ်းဆုံတွင် ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များပါ ခရီးသည်များအား ဂန့်ဂေါမြို့နယ် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် နံနက်ပိုင်းက ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးလျက်ရှိပြီး COVID–19 အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ကလေးမြို့၊ ဟားခါးမြို့နှင့် ဂန့်ဂေါမြို့သို့ အသွား/အပြန်ကားများရှိ ခရီးသည်များအား ကိုယ်အပူချိန်စမ်းသပ်စစ်ဆေး၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ COVID–19 အသိပညာပေးခြင်းနှင့် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများနှင့် ရောဂါကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများကို အသိပညာပေး ပြောကြားခဲ့သည်။

**စိန်ကျော်**

# အိမ်မဲမြို့၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်

**အိမ်မဲ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့တွင် ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် နံနက် ၇ နာရီက စတင်ကာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်–အိမ်မဲ အဝေးပြေးယာဉ်လိုင်းများအပြင် (ရန်ကုန်–မြောင်းမြ–လပွတ္တာ) ကားများမှ အိမ်မဲမြို့တွင်းသို့ဆင်းမည့် ခရီးသွားပြည်သူများအား အဖျားတိုင်းကိရိယာဖြင့် ကျန်းမာရေးစစ်ဆေးပြီး လက်ဆေးကန်များထားရှိကာ လက်များကိုစင်ကြယ်စွာ ဆေးကြောကြရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်
(ပြန်/ဆက်)**



# မိုင်းယုမြို့၌ COVID-19 ကာကွယ်နိုင်ရေး အသိပညာပေး

**မိုင်းယု မတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် COVID–19 ရောဂါ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းနှင့် အသိပညာပေးမှုများကို မတ် ၂၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

COVID–19 ရောဂါ ကာကွယ်ရေးနှင့် သက်ဆိုင်သည့် နှာချေချောင်းဆိုးသည့်အခါ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုနည်း၊ မကြာခဏ လက်ဆေးခြင်း၊ ဆောင်ရန်ရှောင်ရန် နည်းလမ်းများပါဝင်သည့် ဓာတ်ပုံများ၊ နံရံကပ်စာစောင်များ ပြသခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့၌ လည်းကောင်း၊ မြို့မရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းရှေ့၌လည်းကောင်း ပြသထားသည်။



ထို့ပြင် မိုင်းယုမြို့ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆရာဝန်ဦးဆောင်သည့်ကျန်းမာရေးအဖွဲ့က မြို့မရပ်ကွက်ရှိ ဘုန်းကြီးကျောင်း၌ လတ်တလောသတင်းမှန်အခြေအနေများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ နိုင်ငံခြားမှပြန်လာသူများ မိမိပတ်ဝန်းကျင်နှင့် အိမ်သားများတွေ့ခဲ့လျှင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့နိုင်ရန်၊ အလှူ မင်္ဂလာဆောင်များ၊ ပွဲလမ်းသဘင်များ မလုပ်ကြရန်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် လူစုလူဝေးမလုပ်ကြရန် စသည့်အခြေအနေများကို လော်စပီကာဖြင့် မြန်မာဘာသာနှင့် ရှမ်းဘာသာစကားတို့ဖြင့် အသိပညာပေးမှုများ ပြုလုပ်လျက်ရှိသည်။

**ကိုကိုနိုင်(မိုင်းယု)**

## COVID-19 စောင့်ကြည့်လူနာများ သောက်သုံးရေအတွက် ဂါလန် ၅၀၀၀၀ ဆံ့ မြေသားရေကန်တူးဖော်

**ပဲခူး မတ် ၂၆**

ပဲခူးမြို့ ကလိခြောက်ထပ်ဆေးရုံအနီး တိုင်းဒေသကြီးကုသရေးဦးစီးဌာနရုံးတွင် ထားရှိမည့် COVID–19 စောင့်ကြည့်လူနာများ သောက်သုံးရေအဖြစ်အသုံးပြုနိုင်ရေးအတွက် မြေသားရေကန်တစ်ကန် တူးဖော်ပြီးစီးကြောင်း သိရသည်။

တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်လျက် ပဲခူးမြို့ပေါ် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ အလျား ၄၅ ပေ၊ အနံပေ ၃၀၊ အနက်ခုနစ်ပေရှိ ဂါလန် ၅၀၀၀၀ ဆံ့ မြေသားရေကန်အား သောက်သုံးရေချို သိုလှောင်အသုံးပြုနိုင်ရေး တူးဖော်ဆောင်ရွက်ခြင်းဖြစ်ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်သဖြင့် သောက်သုံးရေချိုများ သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

■

## ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏လုပ်ငန်းများ ခေတ္တရပ်ဆိုင်းထား

**ရန်ကုန် မတ် ၂၆**

COVID-19 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများအား မတ် ၂၅ ရက်မှစ၍ ခေတ္တရပ်ဆိုင်းထားပြီး ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သိရသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုမှုများကို မတ် ၂၃ ရက်တွင် စတင်ရပ်ဆိုင်းခဲ့ပြီး ယင်းနေ့တွင် မော်တော်ယာဉ်လုပ်ငန်းလိုင်စင်ဆောင်ရွက်မှုများကို ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး (မြင်သာ)မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက "COVID-19 ရောဂါကြိုတင်ကာကွယ်ရေးနဲ့ ကူးစက်ပျံ့နှံ့မှုမဖြစ်စေဖို့အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုမှုတွေကို မတ် ၂၃ ရက်မှာ စပိတ်ပါတယ်။ အသိပညာပေးဟောပြောတဲ့သင်တန်းတွေ၊ ရေးဖြေ၊ လက်တွေ့စစ်တာတွေ ပိတ်လိုက်တယ်။ လာရောက်ဆောင်ရွက်သူက နေ့စဉ် ၁၀၀ ကျော်ရှိပြီး စုပြုံနေတဲ့အနေအထားဖြစ်လို့ ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ နောက်ပြီး မော်တော်ယာဉ်လုပ်ငန်းလိုင်စင်ဆောင်ရွက်တဲ့နေရာမှာ မြင်သာရုံးမှာက သက်တမ်းတိုးတဲ့ယာဉ် အနည်းဆုံး ၅၀၀ ကနေ အများဆုံး ၁၀၀၀ ကျော်အထိ နေ့စဉ်ရှိပါတယ်။ လာရောက်သက်တမ်းတိုးတဲ့အခါ ယာဉ်တစ်စီးမှာ ယာဉ်မောင်းတစ်ဦးနဲ့ စာရွက်စာတမ်းကိစ္စဆောင်ရွက်မယ့်သူတစ်ဦး ပါပါတယ်။ အဲဒီလိုဆိုတော့ ယာဉ်အစီး ၅၀၀ ဆို လူ ၁၀၀၀ ဖြစ်မယ်။ အစီး ၁၀၀၀ ဆိုရင် လူ ၂၀၀၀ လောက်ဖြစ်သွားတယ်။အဲဒါကြောင့် ဧပြီ ၃၀ ရက်အထိ ခေတ္တရပ်ဆိုင်းတာဖြစ်ပြီး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးမယ့်ရက်ကိုလည်း တရားဝင်ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါတယ်။ ပြန်လည်ဖွင့်လှစ်တဲ့အခါကျရင်လည်း Online Booking စနစ်နဲ့ပဲ ဆောင်ရွက်သွားမှာဖြစ်ပြီး မပိတ်ခင်က Booking လုပ်ထားတဲ့သူတွေလည်း ပြန်ဖွင့်တဲ့အခါကျရင် ပြန်လည်လျှောက်ထားရမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထိုသို့ ခေတ္တရပ်ဆိုင်းခဲ့ခြင်းကြောင့် သက်တမ်းတိုးခွင့်မရသည့်ယာဉ်များအနေဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖမ်းဆီးအရေးယူမှုမခံရစေရန် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

"မနေ့က YRTA ရုံးချုပ်မှာလုပ်တဲ့ အစည်းအဝေးမှာ YRTA ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဒီကာလအတွင်းမှာ ဖမ်းဆီးအရေးမယူဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က တာဝန်ရှိသူကို ပြောကြားထားပြီးဖြစ်ပါတယ်။ သက်တမ်းလွန်ယာဉ်ဆိုပေမယ့် နှစ်ကျော်တဲ့ယာဉ်တွေတော့ မပါဘူးပေါ့။ လောလောလတ်လတ် ဒီ ၂၀၂၀ မတ်လကုန်မှာကျော်တဲ့ ယာဉ်တွေကို ပြောတာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောပြသည်။

**ကိုထက်**

## မန္တလေး က-ည-နရုံး၌ ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုခြင်းများ ခေတ္တဆိုင်းငံ့ထား

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် မတ် ၂၃ ရက်မှစ၍ ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုနေခြင်းများကို ခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

"ကျွန်တော်တို့ဒီမှာရှိတဲ့ ယာဉ်မောင်းလိုင်စင်အသစ်ထုတ်ပေးခြင်းကိစ္စနဲ့ပတ်သက်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲလုပ်တာမျိုးတွေ၊ ယာဉ်မောင်းလိုင်စင်အတွက် ဖြေဆိုတဲ့ကိစ္စတွေကို မတ် ၂၃ ရက်ကစပြီး ခေတ္တဆိုင်းငံ့ထားပါတယ်၊ လက်ရှိမှာ ပုံမှန်လည်ပတ်နေတာကတော့ ယာဉ်သက်တမ်းတိုးတာ၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးတာတွေရှိပါတယ်၊ ယာဉ်သက်တမ်းတိုးဆိုရင် အွန်လိုင်းဘုတ်ကင်စနစ်နဲ့သွားတယ်၊ အွန်လိုင်းဘုတ်ကင်ယူထားတဲ့သူတွေကတော့ ပုံမှန်သက်တမ်းတိုးရတော့ လာလုပ်ကြပါတယ်၊ နာမည်ပြောင်းကိစ္စတွေလည်း လာရောက်ဆောင်ရွက်နေကြပါတယ်၊ ရုံးမှာ လူဝင်လူထွက်ကများတယ်၊ COVID-19 နဲ့ပတ်သက်ပြီး လက်သန့်စင်ဆေးရည်ဘူးတွေလည်း ထားပေးကာ လက်ဆေးပြီးမှဝင်တာမျိုးလုပ်ပေးပါတယ်၊ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးပါတယ်၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေ လုပ်ကိုင်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးမြင့်က ပြောသည်။

မန္တလေး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဝင်ထွက်သွားလာမှုမှာ နေ့စဉ် လူဦးရေ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ



**မင်းတပ် မတ် ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ခရိုင်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံအရာရှိက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးဆိုင်ရာများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်အဆင့်ကော်မတီအဖွဲ့ဝင်များနှင့် INGO၊ NGO အဖွဲ့များက မင်းတပ်မြို့နယ်အတွင်းရှိ တောင်ဇလပ်ပန်းပင်များ၊ ချယ်ရီပင်များ၊ သစ်ခွပင်များနှင့် စိုက်ပျိုးရေးဆိုင်ရာအသီးအနှံများနှင့်ပတ်သက်၍လည်းကောင်း၊ နွေရာသီကာလတွင် တောမီးများ လောင်ကျွမ်းနေမှုနှင့်ပတ်သက်၍လည်းကောင်း ထိန်းသိမ်းလုပ်ဆောင်သင့်သည့် အချက်များကို ဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

**ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

## စစ်ကိုင်းမြို့ ဘော်ဂါကျောက်ပုတီးဝိုင်းအား ယာယီပိတ်သိမ်း

**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ်ရှိ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းကို ရက်အကန့်အသတ်မရှိ ယာယီပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းကို မတ် ၂၅ ရက်မှစတင်၍ ရက်အကန့်အသတ်မရှိ ယာယီပိတ်သိမ်းကြောင်း ဘော်ဂါကျောက်ပုတီးဝိုင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ပြောသည်။

စစ်ကိုင်းမြို့ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းကို ၂၀၁၂ -၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နံနက် ၆ နာရီမှ ၉ နာရီအထိ နေ့စဉ် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ လက်ရှိတွင် တရုတ်ကုန်သည်များအပါအဝင် နေ့စဉ် လူဦးရေ ၂၀၀ ခန့်သာ ဝင်ထွက် အရောင်းအဝယ်ပြုလုပ်နေကြကြောင်း ဘော်ဂါကျောက်ပုတီးဝိုင်းအကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။

''ကျောက်အရောင်းအဝယ်လုပ်တဲ့သူတွေက ဟိုအရင်တုန်းကလောက် မများတော့ဘူး၊ အခုဟာက ကုန်သည်တွေအပါအဝင် လူဦးရေ ၂၀၀ လောက်တော့ နေ့စဉ် အရောင်းအဝယ်လုပ်နေကြတယ်။ အခုပိတ်လိုက်တော့ သူတို့ဘာသာ အိမ်တွေမှာပဲ ချိတ်ဆက်အရောင်းအဝယ်ပြုလုပ်တော့တယ် ''ဟု ဘော်ဂါကျောက်ပုတီးဝိုင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ပြောသည်။

အလားတူ မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းကိုလည်း မတ် ၂၄ ရက် နံနက်ပိုင်းကစတင်ကာ ရက်အကန့်အသတ်မရှိ ယာယီပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း အဆိုပါကျောက်ဝိုင်းအကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။

**ခိုင်ဇေယျ**

## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ မတ် ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်အတွက် မတ် ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးထွဋ်ခိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူ-မင်းဘူး-စလင်းကားလမ်းဘေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မီးဘေးလုံခြုံစိတ်ချရမှုရှိစေရေး စနစ်တကျ ကိုင်တွယ်ရောင်းချရန်၊ ဆီသယ်ယာဉ်များမှတစ်ဆင့် ဆီသိုလှောင်ကန်များအတွင်း ဆီများဖြည့်တင်းရာတွင် မီးဘေးအန္တရာယ် အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ စက်သုံးဆီဆိုင်များ၌ တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်ဝါယာကြိုးများ ကြိုးခိုင်ကောင်းမွန်မှုရှိ-မရှိ အခါအားလျော်စွာ ကြပ်မတ်စစ်ဆေးသွားရန်နှင့် လျှပ်စစ်မီးအား စနစ်တကျသုံးစွဲကြရန်၊ မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိရေးနှင့် ရေလှောင်ကန်များ ရေဖြည့်တင်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စက်သုံးဆီဆိုင်များရှိ ဆီသိုလှောင်ကန်များနှင့် ဆီသယ်ယာဉ်များ မီးဘေးလုံခြုံစိတ်ချရမှုရှိ-မရှိ၊ လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှုရှိ-မရှိ လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရေစီးရေလာကောင်းမွန်စေရေး သောင်တူး

**ကျောင်းကုန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု ချောင်းသုံးခွတွင် အိမ်မဲချောင်းထဲသို့ ရေစီးရေလာကောင်းမွန်စေရေး သောင်တူးခြင်းလုပ်ငန်းကို မတ် ၂၅ ရက် နံနက်ပိုင်းက လုပ်ဆောင်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ကြသည်။

မိုးရာသီ ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက် ဒါးကမြစ်နှင့် အိမ်မဲချောင်းဆုံ သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ရာ ယခုမိုးရာသီမရောက်မီ အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောကြားသည်။

**ဝင်းကြိုင်**
**(ပြန်/ဆက်)**



## ကျောင်းရှေ့အဝင်လမ်း ကွန်ကရစ်ခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**ငါ့သရောက် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၁) မြောက်ကုန်းရပ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရှေ့လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ကွန်ကရစ်ခင်းခြင်း လမ်းအရှည် ပေ ၁၂၀၀၊ လမ်းအကျယ် ၁၂ ပေ၊ ကွန်ကရစ်ဒုခြောက်လက်မရှိကြောင်း သိရကာ မတ် ၂၁ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

## ကမ္ဘာ့ဘောလုံးလောကမှာ တန်ဖိုးအမြင့်ဆုံးလူငယ်ကစားသမားအဖြစ် ဂျာဒန်ဆန်ချို ဖော်ပြခံရ



ဘောလုံးအားကစားဆိုင်ရာ လေ့လာမှုရဲ့ သုတေသနအဖွဲ့ဖြစ်တဲ့ စီအိုင်အီးအက်စ်ရဲ့ ဖော်ပြချက်အရ အင်္ဂလန်ကြယ်ပွင့်ကစားသမား ဂျာဒန်ဆန်ချိုဟာ ကမ္ဘာ့ဘောလုံးလောကမှာ တန်ဖိုးအမြင့်ဆုံးလူငယ်ကစားသမားအဖြစ် ဖော်ပြခံခဲ့ရတယ်လို့ သိရပါတယ်။

ခန့်မှန်းတွက်ချက်မှုတွေအရ ဒေါ့မွန်လူငယ်ကစားသမား ဂျာဒန်ဆန်ချိုဟာ ယူရို သန်း ၂၀၀ နီးပါး တန်ဖိုးရှိကြောင်းနဲ့ အခြားသောဒေါ့မွန်လူငယ်ကစားသမားတစ်ဦးကလည်း ဂျာဒန်ဆန်ချိုနဲ့အတူ စီအိုင်အီးအက်စ်ရဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားစာရင်းဝင်အဖြစ် ဖော်ပြခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီကစားသမားကတော့ ဂျာဒန်ဆန်ချိုရဲ့ ဒေါ့မွန်အသင်းကစားဖော် နော်ဝေတိုက်စစ်မှူး ဟာလန်းဖြစ်ပြီး ဟာလန်းဟာ တန်ဖိုးယူရို ၁၀၁ သန်းနဲ့ ဒုတိယတန်ဖိုးအများဆုံးကစားသမားအဖြစ် ဖော်ပြခံခဲ့ရတာဖြစ်ပါတယ်။

အခြားသောအင်္ဂလန်လူငယ်ကြယ်ပွင့်ကစားသမား သုံးဦးဟာလည်း စီအိုင်အီးအက်စ်ရဲ့ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးလူငယ်ကစားသမား ၁၀ ဦးစာရင်းမှ ပါဝင်လာခဲ့ပြီး အဲဒီကစားသမားသုံးဦးကတော့ ချယ်လ်ဆီးအသင်းရဲ့ လူငယ်ကစားသမား အိုဒိုအီ၊ မန်ယူအသင်းရဲ့လူငယ်ကစားသမား ဂရင်းဝုဒ်နဲ့ မန်စီးတီးအသင်းလူငယ်ကစားသမား ဖီးလ်ဖိုဒန်တို့ပဲဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ချယ်လ်ဆီးအသင်းက အီမာဆင်နဲ့ ဗစ်တာမော့ဆက်တို့ကို ရောင်းချမည်

ချယ်လ်ဆီးအသင်းဟာ အသင်းအတွက် ဘယ်နောက်တန်း ကစားသမားတစ်ဦးကို ခေါ်ယူဖို့ ရှိနေတဲ့အတွက် အသင်းရဲ့ ကစားသမားနှစ်ဦးဖြစ်တဲ့ အီမာဆင်နဲ့ ဗစ်တာမော့ဆက်တို့ကို ရောင်းချဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ အီမာဆင်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ ဂျူဗင်တပ်အသင်းဆီ ရောင်းချဖို့ အသင့်ရှိနေပြီး ဂျူဗင်တပ်အသင်းကလည်း ရိုးမားအသင်းရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အီမာဆင်ကို အီတလီစီးရီးအေသို့ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းက ဗစ်တာမော့ဆက်ကို ရောင်းချဖို့ရှိနေတာကြောင့် အင်တာမီလန်အသင်းက အသက် ၂၉ နှစ်အရွယ်ရှိ ဗစ်တာမော့ဆက်ကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ဒေါ့မွန်အသင်းရဲ့ တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး မန်ယူအသင်းကလည်း ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

## မန်ယူအသင်းက ကူလီဘာလီကို ခေါ်ယူမည်ဆိုပါက စမောလင်းက ရိုးမားသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့မည်

မန်ယူအသင်းအနေနဲ့ နာပိုလီ နောက်တန်းကစားသမားကူလီဘာလီကို စာချုပ်ချုပ်ဆိုခေါ်ယူမယ်ဆိုပါက စမောလင်းအနေနဲ့ ရိုးမားအသင်းမှာ အငှားစာချုပ်နဲ့ ကစားနေရာကနေ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေပြီး မန်ယူအသင်းကလည်း စမောလင်းကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ကူလီဘာလီဟာလည်း မကြာသေးတဲ့ကာလအတွင်းက ပရီမီယာလိဂ်ဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ကူလီဘာလီရဲ့ ပြောင်းရွှေ့ကြေးကို နာပိုလီအသင်းက ပေါင်သန်း ၉၀ သတ်မှတ်ထားပြီး မန်ယူအသင်းအနေနဲ့ ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် အသင်းရဲ့ခံစစ်ပိုင်းမှာ မာကွိုင်ယာနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်မယ့် ကစားသမားအဖြစ်လည်း နည်းပြဆိုးရှားက သတ်မှတ်ထားတာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ နောက်တန်းကစားသမား စမောလင်းကို အသင်းကနေ အငှားစာချုပ်နဲ့ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် ပြီးခဲ့တဲ့ နွေရာသီဈေးကွက်အတွင်းက စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ နဲ့ ခေါ်ယူအားဖြည့်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ နောက်တန်းမှာ မာကွိုင်ယာ၊ လင်ဒီလော့ဖ်၊ အဲရစ်ဘိုင်လီ၊ ဖီးလ်ဂျုံးစ်တို့ ရှိနေတာဖြစ်တဲ့အတွက် စမောလင်းနဲ့ ရိုဂျိုတို့ကို အသင်းကနေ အငှားနဲ့ ထွက်ခွာခွင့်ပြုခဲ့တာဖြစ်ပြီး လက်ရှိမှာ စမောလင်းကို အငှားချထားရာကနေ အမြဲတမ်းစာချုပ်နဲ့ ထွက်ခွာခွင့်ပြုဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## မြန်မာ ယူ-၁၉ အသင်းကို အင်အားပိုမိုတောင့်တင်းစေရန် ကစားသမားသစ် အင်အားဖြည့်တင်းမည်

ရန်ကုန် မတ် ၂၆

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းသည် အင်အားပိုမိုတောင့်တင်းစေရန် ကစားသမားသစ်များ ထပ်မံအင်အားဖြည့်တင်းမည်ဖြစ်သည်။

**ပြန်လည်စတင်မည်**

သို့သော် မြန်မာယူ-၁၉ အသင်းသည် လက်ရှိတွင် လေ့ကျင့်မှုရပ်နားထားပြီး ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်းပွဲအားလုံးကို မတ် ၂၄ ရက်မှစ၍ ရပ်နားထားသောကြောင့် လေ့ကျင့်မည့်အစီအစဉ်အား အစောဆုံး သင့်တော်ချိန်အပြီးမှ ပြန်လည်စတင်မည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲအတွက် အဓိကပြင်ဆင်နေသော်လည်း ပြိုင်ပွဲရွှေ့ဆိုင်းသွားသောကြောင့် ပြင်ဆင်မည့်အစီအစဉ်များ ပြောင်းလဲရမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် နှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ရွေးချယ်ထားသည့် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းသည် ပြည်တွင်းပြိုင်ပွဲ ပြန်လည်စတင်မည့်အပေါ်မူတည်၍ ပြန်လည်လေ့ကျင့်မည်ဖြစ်ပြီး ကစားသမားသစ်အချို့ အင်အားဖြည့်တင်းရန် စီစဉ်လျက်ရှိသည်။

**ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်**

မြန်မာယူ-၁၉(ခ) Junior Lions အသင်းသည် MNL-2 ပထမအကျော့ပွဲစဉ်များကို ကစားသမား ၂၄ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် မူတည်၍ ကစားသမားသစ်အချို့ အင်အားဖြည့်တင်းကာ အပြောင်းအလဲပြုလုပ်မည် ဖြစ်သည်။ မြန်မာ ယူ-၁၉(ခ) Junior Lions အသင်းသည် MNL-2 ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိနေပြီး ပထမအကျော့အပြီးတွင် ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီလက ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။

ရှိုင်းထက်ဇော်

# အနုပညာ

## တရားဝင် TikTok အကောင့် ဖွင့်လိုက်တဲ့ TWICE



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ အဖွဲ့ရဲ့ တရားဝင် TikTok အကောင့်ကို ဖွင့်လိုက်ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုဖွင့်လှစ်လိုက်တာကြောင့် အနာဂတ်မှာ အဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို TikTok ပေါ်ကနေတစ်ဆင့် ပရိသတ်တွေထံ ပို့ဆောင်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါဟာ အဖွဲ့အနေနဲ့ ပရိသတ်တွေနဲ့ ဆက်သွယ်တဲ့ နောက်ထပ်နည်းလမ်းတစ်ခုလည်း ဖြစ်လာမှာပါ။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီ အင်တာတိန်းမန့်က အမေရိကန်ရဲ့ အောင်မြင်တဲ့ အေဂျင်စီတစ်ခုဖြစ်တဲ့ ရီပတ်ဗလစ်ရက်ကော့ဒ်နဲ့ TWICE ရဲ့ ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တာဟာ TWICE အနေနဲ့ အနောက်မီဒီယာမှာ ပိုမိုဝင်ဆံ့ဖို့ ကြိုးပမ်းမှုတစ်ခုလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းတင်ဆက်သည်

## Elle ရဲ့မျက်နှာဖုံးရှင်ဖြစ်လာတဲ့ ကင်မ်ဆိုးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်မ်ဆိုးယန်ဟာ Elle မဂ္ဂဇင်းရဲ့ လာမယ့်လအတွက် ထုတ်ဝေသွားမယ့် မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ်ဖော်ပြခံခဲ့ရပြီး လတ်တလောမှာ အဆိုပါမဂ္ဂဇင်းအတွက် ရိုက်ကူးထားတဲ့ မင်းသားရဲ့ အလှဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် နွေဦးအတွက် ရည်ရွယ်ပုံဖော်ထားတဲ့ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံတွေမှာ ကင်မ်ဆိုးယန်ဟာ ဖက်ရှင်ကျတဲ့ အပြင်အဆင်မျိုးအပြင် ကျော်ကြားတဲ့ ဆွစ်ဇာလန်ထုတ်လက်ပတ်နာရီ အမှတ်တံဆိပ်ဖြစ်တဲ့ Mido ရဲ့ ထုတ်ကုန်သစ်တွေကိုလည်း ဝတ်ဆင်ရိုက်ကူးခဲ့တာ တွေ့ရပါတယ်။ ကင်မ်ဆိုးယန်ဟာ အဆိုပါဓာတ်ပုံတွေမှာ ပိုမိုရင့်ကျက်ပြီး ဆွဲဆောင်မှုရှိတဲ့ အသွင်ကို ဆောင်နေတာကိုလည်း တွေ့ရပါတယ်။

ကင်မ်ဆိုးယန်ဟာ မကြာမီမှာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာဖို့ရာလည်း စီစဉ်ထားပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ် ကင်မ်ဆိုးယန် ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲကို tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး I'm Psycho But It's Okay လို့ အမည်ရကြောင်းလည်း သိရပါတယ်။

ကင်မ်ဆိုးယန်ဟာ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့သည်မှ လက်ရှိအချိန်အထိ အောင်မြင်တဲ့ ဇာတ်လမ်းတွဲပေါင်းများစွာကို ဖန်တီးနိုင်ခဲ့သူ မင်းသားတစ်ဦးလည်း ဖြစ်ပါတယ်။ မကြာမီ ထုတ်လွှင့်ပြသသွားမယ့် သူ့ရဲ့ ဇာတ်လမ်းတွဲက ကင်မ်ဆိုးယန်အတွက် အောင်မြင်မှုတွေ ထပ်ဆောင်းသယ်ဆောင်ပေးနိုင်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



## COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြော



**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါမပြန့်ပွားရေးနှင့် သံသယလူနာတွေ့ရှိပါက မည်ကဲ့သို့လိုက်နာဆောင်ရွက်ရမည့်အချက်များ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့အသုံးချရမည့် နည်းလမ်းများသင်ကြားပြသသည့် အခမ်းအနားကို အဆိုပါအသင်းချုပ် ပထမထပ်မင်္ဂလာခန်းမ၌ မတ် ၂၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမို့မို့သိင်္ဂီက ကျန်းမာရေးအသိပညာပေးဟောပြောကာ လက်တွေ့သရုပ်ပြသရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်းက "စီးပွားရေးနဲ့စက်မှုကဏ္ဍပေါ်မှာ စီးပွားရေးထိခိုက်မှုတွေ တတ်နိုင်သမျှနည်းအောင် လျှော့ချဖို့အတွက် စဉ်းစားတဲ့အခါ ကျန်းမာရေးအသိပညာပေးမှုက အရေးကြီးတယ်ဆိုတာတွေ့ရတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဒီလိုမျိုး အသိပညာပေးသင်ကြားမှုတွေ လုပ်ဆောင်တာဖြစ်ပါတယ်။ လူစုလူဝေးမဖြစ်စေဘဲ လူနည်းနည်းနဲ့ ထိရောက်မှုအများဆုံးဖြစ်အောင် လူများများနဲ့ လုပ်နေရတဲ့ CMP လုပ်ငန်းတွေဖြစ်တဲ့ အထည်ချုပ်နဲ့ အခြားလုပ်ငန်းတွေက ကိုယ်စားလှယ်တွေကို ဦးစားပေးပြီး တက်ရောက်စေတာဖြစ်ပါတယ်။ သင်တန်းမှာလည်း လူ ၅၀၀ ဆံ့ အခန်းမှာ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာစီ ထားရှိစီစဉ်ထားတာဖြစ်ပါတယ်။ စက်ရုံတစ်ခုချင်းစီကို ကိုယ်စားပြုတက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကတစ်ဆင့် စက်ရုံမှာကျန်ခဲ့တဲ့ လုပ်သားတွေနဲ့ အဲဒီလုပ်သားတွေရဲ့ မိသားစုအသိုင်းအဝိုင်းတွေကိုပါ အသိပညာတွေ မျှဝေသွားနိုင်ဖို့ရည်ရွယ်လုပ်ဆောင်တာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမို့မို့သိင်္ဂီက"COVID–19 ရောဂါဆိုတာဘာလဲ၊ ဘယ်လိုကူးစက်တတ်သလဲ၊ ကာကွယ်ရေးနည်းလမ်းတွေ၊ ဆောင်ရန်ရှောင်ရန်တွေက ဘယ်လိုရှိသလဲဆိုတာ စက်ရုံအလုပ်ရုံက ဝန်ထမ်းတွေ၊ ကြီးကြပ်သူတွေ၊ အလုပ်ရှင်တွေသိရှိအောင်လို့ ဒီနေ့မှာ အသိပညာပေးတာဖြစ်ပါတယ်။ စက်ရုံမှာ ဝန်ထမ်းတွေလုပ်ငန်းခွင်ဝင်ရောက်တဲ့အခါ ဝင်ပေါက်တစ်ခုတည်းထားဖို့၊ ကိုယ်အပူချိန်တိုင်းဖို့၊ ရောဂါကာကွယ်ရာမှာ အဓိကဖြစ်တဲ့ လက်ဆေးမှုတွေပြုလုပ်နိုင်အောင် လက်ဆေးကန်တွေထားရှိဖို့၊ အလုပ်သမားတွေလုပ်ငန်းခွင်မှာ တစ်ဦးနဲ့တစ်ဦး သုံးပေအကွာမှာ အလုပ်လုပ်နိုင်ဖို့ စတာတွေကို အသိပညာပေးတာဖြစ်ပါတယ်။ လက်ကိုမှန်ကန်စွာ ဆေးကြောနိုင်ဖို့အတွက်လည်း လက်ဆေးနည်းတွေသရုပ်ပြ လေ့ကျင့်သင်ကြားပေးပါတယ်" ဟု ပြောသည်။

အခမ်းအနားသို့ ကိုယ်စားပြုတက်ရောက်လာသည့် စက်ရုံတစ်ခုချင်းစီ၏ ကိုယ်စားလှယ်များအား ရောဂါလက္ခဏာ ရှိ–မရှိစမ်းသပ်နိုင်သည့် ကိုယ်ပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးရည်(Hand Gel) လေးလီတာဆံ့ ဂါလန်ပုံးတစ်ပုံးနှင့် 500 mL ဘူးသေးတစ်ဘူး၊ ဗီနိုင်း ကြော်ငြာနှင့် လက်ကမ်းကြော်ငြာများအား အခမဲ့ပေးဝေခဲ့ကြောင်း၊ MSME လုပ်ငန်းများကို အသိပညာပေးပို့ချသွားရန်လည်း စီစဉ်ထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။ **ကိုထက်**



## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ အထူးအစည်းအဝေးကျင်းပ

**တောင်ငူ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် တောင်ငူမြို့နယ်အတွင်းရှိမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဘာသာရေးအဖွဲ့အစည်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းနှင့် တောင်ငူမြို့နယ် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး) တို့က COVID–19 ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းကို နိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟုခံယူကာ မိမိကိုယ်တိုင် ကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ရပ်ကွက်၊ ကျေးရွာများသို့ ပြည်ပမှပြန်လာသူများ ( နိုင်ငံခြားသားများ/မြန်မာနိုင်ငံသားများ) ရှိပါက အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်ရန်နှင့် သံသယလူနာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့အသိပေးဆောင်ရွက်သွားရန်၊ မဖြစ်မနေလုပ်ဆောင်ရန်လိုအပ်သည့် သာရေး၊ နာရေးကိစ္စရပ်များကို လူဦးရေအနည်းဆုံးဖြင့် အကျဉ်းချုံးကျင်းပရန်၊ ပြည်သူများအထိတ်တလန့်ဖြစ်စေမည့် မမှန်သတင်းကောလာဟလများကို ဖန်တီးဖြန့်ဝေခြင်းမပြုရန်၊ စားသောက်ကုန်များ ဈေးတင်ရောင်းချခြင်းမရှိစေရန် ပြောကြားသည်။ **ကျော်လှ(တောင်ငူ)**

## ကျေးလက်ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် တကောင်းကျေးရွာအုပ်စု ပန်းပဲစုကျေးရွာ၌ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မောင်မောက်ကုမ္ပဏီက စက်ရေတွင်း တွင်းနက်တူးဖော်ခြင်းနှင့် ရေစက်ရုံ၊ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် တာဝန်ခံများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

## ချင်းပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များ၌ COVID-19 ကာကွယ်ထိန်းချုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**ဟားခါး မတ် ၂၆**

COVID–19 ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် တာဝန်ရှိသူများသည် မတ် ၂၅ ရက် ညနေ ၄ နာရီက ဟားခါးမြို့ အဝေးပြေးကားဂိတ်သို့ ရောက်ရှိရာ သက်ဆိုင်ရာမော်တော်ယာဉ်ဂိတ်များ၊ ခရီးသွားပြည်သူများအား ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့်အတူ ချင်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်မှူး ဦးမျိုးလွင်ဦး၊ ပြည်နယ်လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနမှူး ဦးစောမြင့်လွင်၊ အမှတ်(၁၆)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် အဝေးပြေးကားဂိတ်များတွင် ယာဉ်များ ပုံမှန်ပြေးဆွဲနိုင်ရေး၊ ယာဉ်မထွက်မီ ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ခရီးသွားပြည်သူများ သိရှိလိုက်နာစေရေး ကြော်ငြာပေးရန်နှင့် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်တို့ကို သက်ဆိုင်ရာဂိတ်မှူးများ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား လမ်းညွှန်မှာကြားပြီး ခရီးသွားပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်အတူ ဒေသတွင်းထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့က မိဘပြည်သူများထံ ထုတ်ပြန်ထားသော မေတ္တာရပ်ခံပန်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ချင်းပြည်နယ် ဟားခါးမြို့အဝေးပြေးကားဂိတ်မှ အခြားမြို့ကြီးများသို့ မော်တော်ယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိရာ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အမိန့်နှင့်ညွှန်ကြားချက် တစ်စုံတစ်ရာမရှိဘဲ မော်တော်ယာဉ်များပြေးဆွဲခြင်းကို ရပ်နားမည်မဟုတ်ကြောင်း၊ ယာဉ်စီးခများလည်း ပုံမှန်သာဖြစ်ကြောင်း ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနမှူးထံမှ သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## ပင်စင်လာရောက်ထုတ်သူများအား လက်ဆေးပေးခြင်းနှင့် အအေးများလှူဒါန်း



**ရန်ကုန် မတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသူများအား COVID–19 ရောဂါကြိုတင်ကာကွယ်ရေး လက်ဆေးပေးခြင်းများနှင့် ပင်စင်လာရောက်ထုတ်ယူကြသော သက်ကြီးရွယ်အိုများအား သန်လျင်လူမှုကွန်ရက်မှ အမောပြေ အအေးများ တိုက်ကျွေးလှူဒါန်းမှုကို မတ် ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ ပင်စင်လာရောက်ထုတ်ယူသူများအား COVID– 19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် သန်လျင်မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က လာရောက်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များကူညီပေးကာ ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စီးပွားရေးဘဏ် (သန်လျင်) ခရိုင်ဘဏ်ခွဲ ခရိုင်မန်နေဂျာ ဒေါ်သက်သက်ရီနှင့် ဘဏ်ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူများအား ပင်စင်အမြန်ဆုံးထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

# ပလောက်၊ ပုလဲနှင့် ကာမိုင်းမြို့တို့၌ မီးလောင်မှုဖြစ်ပွား

**ပလောက် မတ် ၂၆**
တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးဘူဒါး၏ နေအိမ် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ယင်းနေအိမ်မှတစ်ဆင့် အနီးရှိ နေအိမ်တစ်လုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးဘူဒါးအား ပလောက်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

**ပလောက် (ပြန်/ဆက်)**

**ပုလဲ**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ၏ အနောက်ဘက် ပုလဲ - ဂန့်ဂေါကားလမ်းဘေးရှိ စက်သုံးဆီရောင်းဝယ်ရေးဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ပုလဲ - ဂန့်ဂေါကားလမ်း တောင်ဘက်ရှိ အာကာဖြိုး စက်သုံးဆီရောင်းဝယ်ရေးဆိုင်၌ မတ် ၂၅ ရက် ည ၉ နာရီတွင် ဆိုင်ပိုင်ရှင် ဦးအောင်ဇော်မိုး ကန့်ဒေါင့်ကျေးရွာ ပုလဲမြို့နယ်နေထိုင်သူသည် ဆီပီပါများထည့်ထားသည့် တဲရှေ့၌ မော်တော်ယာဉ်အား ဆီဖြည့်နေစဉ် တယ်လီဖုန်းမီးဖြင့် မီးထိုးကြည့်ရာမှ မြေစိုက်တဲနှစ်လုံးနှင့် ဆီပီပါ ၅၁ လုံး မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းနှင့် ဆိုင်ရှင် ဦးအောင်ဇော်မိုးအား ပုလဲမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်သိန်းစိုး(ပြန်/ဆက်)**

**ကာမိုင်း**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် လဝါးကျေးရွာအုပ်စု လဝါးကျေးရွာရပ်ကွက်(၃)၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ဆိုလာပြားနှင့် ဘက်ထရီအားသွင်းထားရာမှ အပူလွန်ကဲပြီး နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဖော်မော်မုန်ရာ၏ နေအိမ်(ယခင်တည်ဆောက်ထားသော သက်ငယ်အိမ်ဟောင်း)အမိုးပေါ်တွင် ထားရှိသည့် ဆိုလာပြား အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နှစ်ထပ်တိုက်နေအိမ်တစ်လုံး၊ မီးဖိုချောင်တစ်လုံးနှင့် စပါးကျီတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။



**ဖွဲ့သူရအောင် (ပြန်/ဆက်)**



စံအေး(ခ)အိုက်ပီးအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## သီပေါနှင့် ရွှေဘိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက သီပေါမြို့နယ် ဆွတ်လန်းကျေးရွာအနီး မူဆယ်-မန္တလေးလမ်းတွင် စံအေး(ခ)အိုက်ပီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၁၉၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ဝ၂ ကီလို၊ ငွေကျပ် ၆၉၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် စံအေး(ခ)အိုက်ပီးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

**ရွှေဘို**
အလားတူ မတ် ၂၅ ရက်က ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ် ပြည့်ဖြိုးသူဦးစီးအဖွဲ့သည် ရွှေဘိုမြို့ အမှတ် (၇)ရပ်ကွက် ချီပါစုရပ်နေ ဒေါ်ရီဆွေ၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဒေါ်ရီဆွေ၊ တစ်ရပ်ကွက်တည်းနေ ဇာနီစိုးနှင့်အတူ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးရောင်းချရငွေကျပ် ၁၂၀၀၀၀ ကို ရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မော်လမြိုင်မြို့ မင်းရွာကျေးရွာအနီး၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၊ နှစ်ဦးသေဆုံး

**မော်လမြိုင် မတ် ၂၆**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မတ် ၂၅ ရက် ညပိုင်းက မော်လမြိုင် -ကျိုက်မရောသွားကားလမ်း မင်းရွာကျေးရွာအနီး၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် ည ၈ နာရီခွဲခန့်က မော်လမြိုင်မှ ကျိုက်မရောသို့ ပင်လုံလမ်း ရန်မျိုးအောင်(၅) ရပ်ကွက် ကျိုက်မရောမြို့နေသူ အောင်မျိုး မောင်းနှင်လာသော ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရေတွင်းကုန်းကျေးရွာ ကျိုက်မရောမြို့နယ်နေသူ ထင်ဇော်လတ် မောင်းနှင်ပြီး နောက်တွင် အောင်မျိုး လိုက်ပါလာသော ဆိုင်ကယ်အား တိုက်မိခဲ့သဖြင့် ထင်ဇော်လတ်နှင့် အောင်မျိုး နှစ်ဦးလုံးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်မျိုးအား မော်လမြိုင်မြို့ မြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၁၁၀ စီး၊ သွင်းကုန် ၁၈၆၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၀၇ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၅၀ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၆၀ သန်း) စုစုပေါင်း ဖမ်းဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၁၀ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်(၁၉၇/၅) စံလောင်း ပန်စုံ ရှောင်ကွင်းလမ်းအတွင်းရှိ လမ်းဘေးချုံပုတ်အတွင်း၌ ချုံနွယ်များဖြင့် ဖုံးအုပ်ထားသော တရားမဝင် Chert (သို့မဟုတ်) Chalcedony ကျောက်တုံး အရွယ်အစားမျိုးစုံ ၁၅ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၅၀ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် တန် ၇၈၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၅၁ ဒသမ ၃၅၃၀ တန်၊ သစ်မာ ၁၉၇ ဒသမ ၂၈၈၀ တန်၊ အခြား ၃၃၉ ဒသမ ၇၁၁၄ တန် စုစုပေါင်း ၇၈၈ ဒသမ ၃၅၂၄ တန်၊ ပြစ်မှုကျူးလွန်သူ ၅၇ ဦး၊ ယာဉ်/ယန္တရား ၅၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ်လ ၂၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဥတုဘောဇနဆေးကျမ်းစာအုပ်တွင် ဗီတာမင်ဓာတ်နှင့် ပရိုတင်းဓာတ်များ ရရှိနိုင်သော အစားအစာများအကြောင်း ပါဝင်ပုံကို တင်ဆက်ထားသည့် ဆရာကျော်ထွဏ်း၏ "ဦးပေတလူနှင့် ဥတုဘောဇနကျမ်း" မျက်နှာဖုံးကာတွန်း၊ တောခွေးဝံပုလွေတို့၏ နေထိုင်ကျက်စားပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တောခွေးဝံပုလွေအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ အုပ်စိုးခန့်၏ ပန်းသီးအကောင်းများ ရွေးဝယ်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အုပ်စိုးခန့် ပါဝင်သည့် အကုန်ကောင်းပါတယ်" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအကျိုးသယ်ပိုးဆောင်ရွက်ပေးရာမှ မိမိတွင်လည်း ကောင်းကျိုးချမ်းသာကို ပြန်လည်ရရှိပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် ကလေးတို့ ပုံပြင်အပါအဝင် အင်္ဂလိပ်သဒ္ဒါ၊ ပဟေဠိကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**




## ကလော၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး တစ်ဦးသေဆုံး

**ကလော မတ် ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအနီးတွင် မတ် ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က အနက် ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ၁၂ ဘီးယာဉ်တစ်စီး ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ ကလောမြို့ အမှတ်(၁၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကလော) တပ်စိတ် ရဲအုပ် အောင်မိုးသူနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မကွေးမြို့ အောင်ဇေယျရပ်ကွက်နေသူ ကျော်စိုးဝင်း မောင်းနှင် ပြီး မကွေးမြို့ သိမ်ဂါရပ်ကွက်နေသူ နောင်လေး လိုက်ပါလာသည့် ၁၂ ဘီးယာဉ်သည် ကလောမှ သာစည်သို့ မောင်းနှင်လာစဉ် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၆၀/၄)နှင့် (၆၀/၅) ကြားအရောက်တွင် လမ်း၏ယာဘက် အနက် ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ကျော်စိုးဝင်းတွင် ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ပြီး နောင်လေးမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်စိုးဝင်းအား ကလောမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## တရားမဝင် ပိတောက်သစ်များ သယ်ဆောင်လာသော ယာဉ်အား ဖမ်းဆီးရမိ

**ပုလဲ မတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် မတ် ၂၅ ရက်က တရားမဝင် ပိတောက်သစ်များ သယ်ဆောင်လာသောယာဉ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်ဦး၊ ပုလဲမြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် လင်းလင်းထွန်းနှင့် ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် ည ၉ နာရီ ၁၁ မိနစ်က လက်တောင်းကြီးကျေးရွာ၏ အနောက်မြောက်ဘက် မြောက်ယမားဆည် မူလမြောင်းမကြီးလမ်းအတိုင်း ယာဉ်မောင်း ကိုမင်းအောင်ဆည်ကြီးကျေးရွာ ပုလဲမြို့နယ် မောင်းနှင်လာပြီး ယာဉ်နောက်လိုက် ကိုဇော်မျိုးနိုင်နှင့် ကိုကျော်ဦး (လိပ်စာတူ)တို့ လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်သစ် ကိုးတုံး( ၁ ဒသမ ၂၅၂၇ ) တန်ကို ဖမ်းဆီးရမိခဲ့သည်။

ယာဉ်ပိုင်ရှင်၊ ပစ္စည်းပိုင်ရှင် ကိုမင်းအောင်နှင့် ယာဉ်နောက်လိုက် ကိုဇော်မျိုးနိုင်၊ ကိုကျော်ဦးတို့အား သစ်တောဥပဒေပုဒ်မဖြင့် ပုလဲမြို့မရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်သိန်းစိုး(ပြန်/ဆက်)**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာ ပုံစံများအား e-mail ဖြင့် ပေးပို့နိုင်ကြောင်း အသိပေးကြေညာချက်

၁။ SAS စနစ်သို့ မိတ်ဆက်ကျင့်သုံးမည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)မှ စီမံခန့်ခွဲလျက်ရှိသော အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက် တောင်းခံလွှာပုံစံများအား ပြည့်စုံစွာ ဖြည့်စွက်၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ ၃-၄-၂၀၂၀ ရက်ထက် နောက်မကျစေဘဲ ပေးပို့ကြရန် ၁၂-၃-၂၀၂၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများနှင့် ဌာနမှဝန်ထမ်းများပါဝင်သော အဆိုပါ လုပ်ငန်းစဉ်တွင် COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အထက်အပိုဒ်-၁ ပါ ပုံစံများကို e-mail ဖြင့် ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ e-mailဖြင့် ပေးပို့လိုသည့် အခွန်ထမ်းပြည်သူများသည် Word Format File များကို အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)e-mail –tps1mto2@gmail.com နှင့် tps3mto2@gmail.com သို့ တိုက်ရိုက်တောင်းခံခြင်းဖြင့်လည်းကောင်း၊ PDF Format File များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website www.ird.gov.mm>media>Form for SAS Tax Offices တွင် Download ရယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ အထက်အပိုဒ်-၃ တွင် ဖော်ပြထားသည့် အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၏e-mail လိပ်စာများသို့ ပြန်လည်ပေးပို့ရန်ဖြစ်ပါကြောင်းနှင့် နောက်ဆုံးထားပေးပို့ရမည့်နေ့ကို ၈-၄-၂၀၂၀ ရက်သို့ တိုးမြှင့်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ ပုံစံများဖြည့်သွင်းခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးချက် Video File များကို www.ird.gov.mm>media>အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များတွင် လေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည်များရှိပါက အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) ဖုန်းနံပါတ်-၀၁-၆၅၇၅၃၆၊ ၀၁-၆၅၇၅၃၇၊ ၀၁-၆၅၇၅၈၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် အခွန်ထမ်းပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

(ပုံ) မင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ ထိန်စွန်း(၆)လမ်း၊ အမှတ်(၄၀၃)တွင် ကျွန်မ ဒေါ်ဝင်းဝင်းမြင့်မှ ဖူးပွင့်ပါဝါသောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပါသည်။ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မ ဒေါ်ဝင်းဝင်းမြင့်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော ဖူးပွင့်ပါဝါသောက်ရေသန့်အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်ဖြင့် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းမြင့်[၁၂/မဘန(နိုင်)၀၈၃၇၆၄]
ဖုန်း-၀၉-၄၅၇၄၅၉၈၄၉

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD,HIACE(အံ့တတုံ),SALOON
ကားအမျိုးမျိုးကို ငှားရမ်းပေးပါသည်။
09 515 8803
09 25 358 2510
https://www.facebook.com/kyawpanda

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၃-၂၀၂၀ရက်(စာ-၂၃) အများသိစေရန်ကြော်ငြာမှ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံအစား ဦးဌေးမြင့် [၁/မကန(ဧည့်)၀၀၁၃၇၁] (ဘ) ဦးကော်ရုံးကျင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်ချိုချိုဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၃၀)
ဖုန်း-၀၉-၄၄၁၀၀၇၄၃၅

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးစိန်ရွှေမောင်[၁၂/ရပသ(နိုင်)၀၀၁၁၀၉]၊ အဖ အမည် ဦးအောင်မိုးစိန် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၉၀)ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၉၄/၂၀၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်ခင်ဝင်းမြိုင်[၉/ရမသ(နိုင်)၀၃၇၄၂၃]၊ အဖအမည် ဦးဝိုင်းချစ်မှ ဦးကျော်ရွှေ[၁၂/မရက(နိုင်)၀၆၄၀၄၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၀)လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်သန်းမြင့် [၁၂/ဥကမ(နိုင်)၀၃၃၇၆၇]၏ သားဖြစ်သူ မောင်သန့်ဇင်ဦး [၁၂/ဥကမ(နိုင်)၀၀၂၁၆၆]သည် မိခင်ဖြစ်သူအား စိတ်ထိခိုက်အောင် ပြုမူဆောင်ရွက်ခြင်း၊ ၎င်း၏စိတ်သဘောထားအတိုင်း မိခင်အား အသိပေးပြောကြားခြင်းမရှိဘဲ ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကိုလည်း မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စန္ဒာမင်း LL.B,D.B.L,D.I.L,D.M.L,D.A.Psy
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၀)
အမှတ်(၄၂၉)၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ င/ခ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။
ဖုန်း-၀၉-၄၂၅၀၁၃၁၂၇

## ဦးအောင်ကြည်(CE-၀၆၂၃၁၅)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ အမှတ် (၆၀၇)နေ ဒေါ်တင်တင် [၁၂/ဥကမ(ဧည့်)၀၀၀၀၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းသိစေရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၅၉၈ ၁/၂)၊ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ ဦးအောင်ကြည်နှင့် ဒေါ်တင်တင်အမည်ပေါက် နှစ်(၆၀) မြေကွက်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဦးအောင်ကြည်မှ ဒေါ်တင်တင်သို့ ၁၉-၈-၁၉၉၄ရက်တွင် နှစ်ဦးသဘောတူ စွန့်လွှတ်ခြင်း ကတိစာချုပ်ဖြင့် လက်ရောက် လွှဲပြောင်းပေးအပ်ခဲ့ရာ၌ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်တင်၏အမည်ပေါက်ဆောင်ရွက်ခြင်း ရုံးကိစ္စအဝဝတို့တွင် ကူညီဆောင်ရွက်ပေးပါမည်ဟု ဦးအောင်ကြည်မှ ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

ယခုအခါ ဖော်ပြပါ ဒေါ်တင်တင် လက်ရောက်ပိုင်ဆိုင်ခဲ့သည့် ယင်းမြေကွက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့ပြမြေယာဌာနတွင် ဒေါ်တင်တင်၏ အမည်ပေါက် ဆောင်ရွက်ရန် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့်အတွက် လူကြီးမင်းမှ ၁၀-၄-၂၀၂၀ ရက် နောက်ဆုံးထားပြီး ဒေါ်တင်တင်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လူကြီးမင်းအနေဖြင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ ဒေါ်တင်တင် အမည်သို့ မြေကွက်အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉) | ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈) |
| LL.B,D.I.L | LL.B,D.B.L,D.M.L,D.I.L |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
## ဧရာဝတီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၈/၂၀၁၉-၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၁၉-၂၀၂၀ ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတား လုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်) (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၀-၄-၂၀၂၀ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၂၇-၄-၂၀၂၀ ရက်၊ ၁၅:၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့။ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | ၂၈-၄-၂၀၂၀ ရက်၊ နံနက် ၁၀ နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လမ်းဦးစီးဌာန
ပုသိမ်ခရိုင်
(Ph:042-21099)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) (လွိုင်ကော်)-တောင်ငူ (စပါးကြွယ်)ဓာတ်အားလိုင်းစီမံကိန်းအတွက် Environmental and Social Impact Assessment (ESIA)လုပ်ငန်းများကို တင်ဒါအမှတ်-48(T)/DPTSC (PTP)/2019-2020 ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၃၀-၄-၂၀၂၀ ရက်၊ ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက် တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (**www.moee.gov.mm**)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ လူနေရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၇၆၃/က၊ အလျား ၂၀ပေx အနံ ၆၀ပေ၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၊ မြေငှားဂရန်စာချုပ်တွင် ဦးမော့ဆကောဆကာမလ် [၁၂/သကတ(နိုင်)၁၂၆၂၉၉] အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ အဆိုပါမြေကွက်နှင့်အိမ်ကို ဦးငွေအောင်[၁၂/သကတ(နိုင်)၁၂၄၃၃၅]က ၈-၅-၂၀၁၂ ရက်စွဲပါ အိမ်၊ ခြံ မြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရောက်ရယူခဲ့ပါသည်။ ၎င်းဦးငွေအောင်ထံမှ ဒေါ်မျိုးမမဝင်း[၁၂/ဒဂမ(နိုင်)၀၁၅၅၀၃]က တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၀/၁၉၉၀)
အမှတ်-၁၀၃၇၊ မာန်ပြေ (၅)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၃၇၁၆၅၀၄

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဇမ္ဗူသီရိအရှေ့(၄)လမ်း၊ အမှတ်(၄၂၉/ခ)၊ (၁)ခန်းတည်း RC (၅)ထပ်အဆောက်အအုံ၏ (မြေညီထပ်)+(ထပ်ခိုး)၊ မြေညီဧရိယာ(၉၇၂)+ထပ်ခိုး ဧရိယာ(၄၈၆)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးပြည့်ဖြိုးဇင်[၁၄/မမက(နိုင်)၁၄၀၈၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇင်လင်းထက်[၈/ဆပဝ(နိုင်)၀၈၀၇၈၆]၊ ဒေါ်ယဉ်မွန်ဦး[၈/ဆပဝ(နိုင်)၀၇၀၀၇၆] တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇင်လင်းထက်၊ ဒေါ်ယဉ်မွန်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO | LL.B,D.B.L,D.I.L,DIPL,WIPO | LL.B |
| (Switzerland) | (Switzerland) | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | (စဉ်-၁၅၄၅၅) |
| (စဉ်-၁၂၆၆၄) | (စဉ်-၁၆၅၂၆) | Ph-09-421157856 |
| Ph-09-450023651 | Ph-09-254508917 | |

Level(5,6,7,8), Tower(2), HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## အိမ်ငှားမည်

ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ (၃)ထပ်တိုက်၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၁-၆၅၇၇၇၉၆၊ ၀၉-၂၆၂၁၈၂၂၈၁

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၅၉)တွင်နေထိုင်သူ ဒေါ်ဝင်းကြည်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၃)ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ အမှတ်(၁၂၁)တွင် နေထိုင်သူ ဒေါ်သန်းရွှေနှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၅၆/ခ)တွင်နေထိုင်သူ ဒေါ်ရင်မေတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန်မြို့သစ်၊ (က+ခ) ရပ်ကွက်၊ (ခ-၇)လမ်း၊ အမှတ်(၂၃၉)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားပေ ၂၀xအနံပေ ၆၀ ရှိသည့်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အဦတို့သည် ဦးတင်ရွှေ(ကွယ်လွန်)၊ ဒေါ်တင်လှ(ခ) ဒေါ်တင်(ကွယ်လွန်)၊ ဒေါ်သန်းရွှေ၊ ဒေါ်ဝင်းကြည်နှင့် ဦးသိန်းလွင်(ကွယ်လွန်)စသည့် သားသမီး(၅)ဦးတို့၏ မိဘများဖြစ်ကြသော ဦးစိန်မောင်၊ ဒေါ်သန်းတို့မှ တရားဝင်ပိုင်ဆိုင်ခဲ့သော နေအိမ်ဥပစာတို့ဖြစ်ပါသည်။ ဖခင်ကြီးဖြစ်သူ ဦးစိန်မောင်နှင့် မိခင်ကြီး ဒေါ်သန်းတို့မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ မိဘများပိုင်ဆိုင်ခဲ့ကြသော အထက်ဖော်ပြပါ ဥပစာနှင့်နေအိမ်အား မိခင်ကြီး ဒေါ်သန်းရှိစဉ်က ကျန်မောင်နှမများမှ အငယ်ဆုံးသား ဦးသိန်းလွင်အား လွှဲအပ်ထားခဲ့ပြီး ဦးသိန်းလွင်မှာလည်း ယခုအချိန်တွင် အမွေဆက်ခံသူ ဇနီး၊ သားသမီးမရှိဘဲ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ ဥပစာနှင့်နေအိမ်အား ဆက်လက်အမွေဆက်ခံသူများအဖြစ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းရွှေ၊ ဒေါ်ဝင်းကြည်နှင့် ကွယ်လွန်သူ ဦးတင်ရွှေ၏ အမွေဝေစုအား ဆက်ခံမည့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရင်မေတို့နှင့်အတူ အဆိုပါအမွေဆိုင်အိမ်နှင့်မြေတွင် လက်ဝယ်ထားနေထိုင်နေသူ ဦးကြည်မြင့်မှာလည်း ကွယ်လွန်သူ ဒေါ်တင်လှ(ခ) ဒေါ်တင်၏ အမွေဝေစုအားရထိုက်ခွင့်ရှိသည့်အတွက် အမွေဆက်ခံသူများအဖြစ် ကျန်ရစ်ကြပါသည်။ အမွေဆိုင်ပစ္စည်းအဖြစ် အထက်ဖော်ပြပါ မြေနှင့်အိမ်ကျန်ရှိခဲ့ပါသည်။ အဆိုပါ အမွေဆိုင်ပစ္စည်းနှင့်ပတ်သက်၍ ဒေါ်ဝင်းကြည်၊ ဒေါ်သန်းရွှေနှင့် ဒေါ်ရင်မေတို့၏ ညွှန်ကြားချက်အရ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်တင်လှ(ကွယ်လွန်)၏ ခင်ပွန်းဖြစ်သူ ဦးကြည်မြင့်ထံသို့ ၁၇-၃-၂၀၂၀ရက်က အမွေပစ္စည်းနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းရန် အကြောင်းကြားစာ ပေးပို့ထားပြီးလည်း ဖြစ်ပါသည်။ အဆိုပါအကြောင်းကြားစာအရ ၂၇-၃-၂၀၂၀ ရက် နောက်ဆုံးထား၍ အမွေပုံပစ္စည်းစီမံခန့်ခွဲရန် တွေ့ဆုံညှိနှိုင်းမှု ဆောင်ရွက်လာခြင်းမရှိပါက အမွေပုံစီမံခန့်ခွဲရန် သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအမွေဆိုင်အိမ်နှင့်မြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း မပြုလုပ်ရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းကြည်၊ ဒေါ်သန်းရွှေ၊ ဒေါ်ရင်မေတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအုန်းသောင်း | ဦးရောအုန်းသောင်း |
| (LL.B)(ADVOCATE) | (LL.B)(ADVOCATE) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၆၃၁၃/၄-၁၂-၁၉၉၅) | (စဉ်-၁၄၉၉၅/၁၃-၁၁-၂၀၁၈) |

အမှတ်(၂ဘီ၊ ၀၀၆)၊ ရတနာမွန်အိမ်ရာ၊ ဓာတုလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၃၂၇၄၈၃၊ ၀၉-၇၇၉၉၉၉၈၈၃

## လင်ခန်းမယားခန်း အပြီးပြတ်စဲသွားပြီဖြစ်၍ သက်ဆိုင်ခြင်းမရှိတော့ကြောင်း မတင်ဇာအောင်(ခ)စကီနာဘီ[၁၀/သထန(နိုင်)၂၇၈၉၆၂]နှင့် အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဟာဂျီကိုအောင်နိုင်လင်း(ခ)ဟာဂျီမုဟမ္မဒ်ဆူလေမန် [၁၂/မဂတ(နိုင်)၀၈၂၄ ၂၆] အမှတ်-၂၂(၅-လွှာ/B)၊ (၁၂၁)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ကန်ညီနောင်လမ်းနေ မတင်ဇာအောင်(ခ)စကီနာဘီတို့သည် ၄-၁၁-၂၀၁၂ ရက်က အစ္စလာမ်တရားတော်အရ နေကာဟ်ပြုထိမ်းမြားခဲ့ပြီး ယခု (၆)နှစ်ခွဲအရွယ် သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ မတင်ဇာအောင်သည် အိမ်ထောင်သက်တစ်လျှောက်လုံး ကျွန်ုပ်၏အမှုသည်အား စိတ်ဒုက္ခများပေးခဲ့သည့်အပြင် ၎င်းတောင်းဆိုသည့်အတိုင်း အိမ်ထောင်ခွဲ၍ သီးခြားနေထိုင်ခဲ့သော်လည်း ခင်ပွန်းဖြစ်သူအပေါ် ကောင်းမွန်စွာဆက်ဆံခြင်းမရှိဘဲ မတင်ဇာအောင်၏ လူမှုကွန်ရက်စာမျက်နှာ Facebook,Messenger မှတစ်ဆင့် သူစိမ်းအမျိုးသားတစ်ဦးနှင့် ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်နေသည်ကို ခင်ပွန်းဖြစ်သူကိုယ်တိုင် အကြိမ်ကြိမ်တွေ့မြင်သိရှိခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်က အိမ်ထောင်တစ်ခု မပြိုကွဲလို၍ သည်းခံပေါင်းသင်းခဲ့သော်လည်း မတင်ဇာအောင်သည် ခင်ပွန်းမရှိခိုက် ခင်ပွန်း၏ ခွင့်ပြုချက်မရဘဲ အဝတ်အစား၊ ရွှေ၊ ငွေများ ယူဆောင်ပြီး သမီးအားခေါ်ကာ မိမိသဘောအလျောက် နေအိမ်မှ ထွက်သွားခဲ့ပါသည်။ မတင်ဇာအောင်၏ မိဘများထံ ကျွန်ုပ်၏အမှုသည်က ဆက်သွယ်ခဲ့ရာ ၎င်း၏မိဘများရှိရာ သထုံမြို့သို့ ရောက်ရှိနေကြောင်း သိရပြီး တယ်လီဖုန်းမှတစ်ဆင့် ဇနီးဖြစ်သူအား စကားပြောရာတွင် ခင်ပွန်းဖြစ်သူအပေါ် ရင့်သီးစွာပြောဆိုမှုများ ပြုလုပ်ခဲ့သဖြင့် မတင်ဇာအောင်(ခ)စကီနာဘီအား သုံးကြိမ်သွလားက်ပေးလိုက်ကြောင်း ကျွန်ုပ်၏အမှုသည်က မတင်ဇာအောင်၏ ဖခင်အား တယ်လီဖုန်းမှတစ်ဆင့် ပြောဆိုခဲ့သည့်အပြင် စာဖြင့် တရားဝင် ပေးပို့ခဲ့ပါသည်။ အဆိုပါ သုံးကြိမ်သွလားက် ပေးခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်က "မြန်မာမွတ်စလင်မ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်"သို့ ဓမ္မသတ်(ဖသ်ဝါ)မေးမြန်းခဲ့ရာ ၎င်းအဖွဲ့ချုပ်မှ "သွလားက်သုံးကြိမ် တစ်ပြိုင်တည်း တစ်ခါတည်းပေးခြင်းသည် ကြီးလေးသောအပြစ်ထိုက်သော်လည်း သုံးသွလားက် အထမြောက်သွားသည်"ဟု ဖြေဆိုပြန်ကြားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏အမှုသည်နှင့် မတင်ဇာအောင်(ခ)စကီနာဘီတို့သည် အစ္စလာမ်တရားတော်အရ လင်ခန်းမယားခန်း အပြီးအပြတ် ပြတ်စဲသွားပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိတော့ပါ။ ကျွန်ုပ်၏အမှုသည်က အီဒသ်(ဆိုင်းငံ့)ကာလစရိတ်နှင့် ကလေးစရိတ်ပေးရမည့် တာဝန်မှလွဲ၍ မတင်ဇာအောင်၏ မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။ နောက်နောင် ကျွန်ုပ်၏အမှုသည်အား မတင်ဇာအောင်ဘက်မှ ကန့်ကွက်နှောင့်ယှက်မှု တစ်စုံတစ်ရာ ပြုလုပ်လာပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတင်ဇာအောင်(ခ)စကီနာဘီနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဟာဂျီကိုအောင်နိုင်လင်း(ခ) | ဦးမျိုးမြင့်အောင်(LL.B) |
| မုဟမ္မဒ်ဆူလေမန် | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈) |

အမှတ်-၉/၁၁၊ အခန်း-၃၀၆ (၄-လွှာ)၊ ၃၆-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၉၅၅၁၆၉၄၁၉

## တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

## ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး)

သတင်းစာဆရာ+စာရေးဆရာ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၃၃/A)၊ အခန်း(၃)နေ ဒေါ်ရီရီသိန်း(ခ)ဒေါ်နန်းကြာရီ၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်ခင်-ဒေါ်နန့်အေးသွယ်)တို့၏ သား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့ အနောက်ရပ်နေ (ဦးတင်-ဒေါ်နန်းအုန်းပွင့်)၏ သားသမက်၊ စိုင်းသူရခင်(ခ)စိုင်းသိန်းမြင့်၊ ဦးတင်ထွန်းအောင်-ဒေါ်နွယ်နီခင်၊ (စိုင်းအောင်နိုင်ခင်)-ဒေါ်ဆွေဆွေသန်း၊ (စိုင်းကျော်စွာခင်)-ဒေါ်မိမိဦး၊ စိုင်းခိုင်ဇော်လင်း(ခ)ဟန်သစ်နိုင်-ဒေါ်မြတ်နီလာဝင်းကို တို့၏ ဖခင်၊ ကျော်ဇောသောင်း-နန်းအေးကလျာနိုင်(ခ)သဲသဲ၊ မင်းသိမ်းကျော်၊ မင်းမြတ်ကျော်သူ၊ နန္ဒကျော်စွာ တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏အဘေး ဦးခင်မောင်လေး(ခ)ဖိုးသောကြာသည် ၂၆-၃-၂၀၂၀ ရက် ညနေ ၆:၂၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဝါရင့် သတင်းစာဆရာကြီး

**ဦးခင်မောင်လေး** (ဖိုးသောကြာ- ခေတ်+မိုး)

**အသက်(၈၇)နှစ်**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း MJA ၏ နာယက၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌဟောင်း၊ သက်ကြီး ကန်တော့ခံ ဝါရင့်သတင်းစာဆရာကြီး ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)သည် ၂၆-၃-၂၀၂၀ ရက် ညနေ ၆:၂၅ နာရီတွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)**

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

## ဦးကိုကိုသန်း

**အသက်(၅၉)နှစ်**

ဒု/အကောက်ခွန်မှူး(ငြိမ်း)

ရာသက်ပန် အသင်းဝင် အမှတ် (၁၀၉၉) ဦးကိုကိုသန်းသည် ၂၅-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် တံတားဦးမြို့၌ သဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စက်ရေတွင်း ဒါယိကာမကြီး

## ဒေါ်အုန်းကြည်

B.A, Dip.Ed (အထက်တန်းပြ-ငြိမ်း)

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ခြံအမှတ် (၁၂၇-က)နေ (ဦးစံချို-ဒေါ်ငြိမ်းမေ)တို့၏သမီး၊ (ဦးလှအောင်-ဒေါ်ချစ်မေ)တို့၏သမီးချွေးမ၊ ဒေါက်တာဦးကျော်ကျော်(ဆေးရုံအုပ်ကြီး -ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်တင့်(ခ)ဦးဝဏ္ဏ-ဒေါက်တာဥမ္မာကျော်၊ ဒေါ်သီတာကျော်၊ ကိုစိုးမိုးကျော်၊ ဒေါက်တာယုဇနကျော်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာကြာငုံဆု၊ မောင်စိုးအာရုံ၊ မသွန်းဝသုန်တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၃-၂၀၂၀ (အင်္ဂါနေ့) ည ၈:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၀ (တနလ်ာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြအေး

**အသက်(၈၀)**

မိုးကောင်းမြို့နေ (ဦးအောင်ကျော်မြင့်)-ဒေါ်တင်တင်အေး၊ မန္တလေးမြို့နေ ဦးသိန်းထွဋ်ဝင်း-ဒေါ်နွယ်နွယ်အေး၊ ရန်ကုန်မြို့နေ ဦးညီညီလွင်-ဒေါ်ကြွယ်ကြွယ်အေး၊ မြစ်ကြီးနားမြို့နေ ဦးမြတ်ခိုင်-ဒေါ်ခင်ခင်အေး၊ ဖားကန့်မြို့နေ ဒေါက်တာအောင်ကျော်မိုး-ဒေါ်ဇင်မာဟန်၊ (ဦးအောင်ကျော်စိုး)-ဒေါ်စပေါ်လုအောင်၊ မန္တလေးမြို့နေ ဦးအောင်ကျော်မျိုး-ဒေါ်ဟန်အေး၊ ဦးအောင်ကျော်တေဇ-ဒေါ်ဝင်းမမစံ၊ ဦးအောင်ကျော်ဇေယျ-ဒေါ်အိအိခင် တို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက် တို့၏ အဘွား၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ပင်းယလမ်းနေ ဦးကျော်သင်း ၏ ချစ်လှစွာသောဇနီးသည် ၂၂-၃-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၂၀ (တနလ်ာနေ့) မွန်းလွဲ ၁ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်လေး(ခ)ဖိုးသောကြာ**

သတင်းစာဆရာ၊ စာရေးဆရာ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၃၃/A)၊ အခန်း(၃)နေ ဒေါ်ရီရီသိန်း(ခ) ဒေါ်နန်းကြာရီ၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်လေး(ခ)ဖိုးသောကြာသည် ၂၆-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး)**

သတင်းစာဆရာ+စာရေးဆရာ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)

**အသက်(၈၇)နှစ်**

ချစ်ခင်လေးစားရပါသော ဆရာကြီး ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး) ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊**
**ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြရွှေ**

**အသက်(၉၇)နှစ်**

သူငယ်ချင်း ဒေါက်တာကြည်ကြည်တင်၏ မိခင် ဒေါ်မြရွှေသည် ၂၄-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(1985) Vet Group မှ သူငယ်ချင်းများ**

## (၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ရွှေ**

ရုံးအုပ်ကြီး(ငြိမ်း) ရေအား/လျှပ်စစ်

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနဲ့ခွဲခွာခဲ့တာ (၇)နှစ်ပြည့်ခဲ့ပါပြီ၊ ယနေ့တိုင်သတိရလျက်ပါ၊ ကျေးဇူးရှင်ကိုရည်စူးပြီး ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ကို အမျှ ပေးဝေပါတယ်။

မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ အမျှ အမျှ

**ဇနီး- ဒေါ်မြင့်မြင့်နှင့် သားများ**

## (၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ကိုဆန်းမင်းသူ(ခ)ကိုဖိုးရှမ်း**

နှစ်တွေပြောင်းပေမယ့် မိသားစုနဲ့ခွဲခွာသွားတာ မိသားစုရင်ထဲမှာ အမြဲသတိရလျက်ပါ၊ ပြုလုပ်သမျှ အလှူဒါန အစုစုတို့ကို အမျှပေးဝေပါတယ်။

ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ အမျှ အမျှ

**မိခင်ကြီး - ဒေါ်မြင့်မြင့်နှင့် ညီအစ်ကိုများ**

## ဒေါ်အုန်းနု (ပုသိမ်)

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၃)လမ်း၊ အမှတ်(၃၁/ခ)နေ (ဦးစောဖေ-ဒေါ်အုန်းခင်)တို့၏သမီး၊ ဦးမြတ်သိန်း၏ညီမ၊ (ဦးထွေးညွန့်)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်ထူး(JTI Myanmar Co.,Ltd)-ဒေါ်ဝင့်မာဇော်၊ ဦးသန်းထိုက်-ဒေါ်ဖြူဇင်ဦး၊ မလဲ့မွန်ကြည်(CMHL)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၂-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းဝင်း

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချို(၂)လမ်း၊ အမှတ်(၉၈၂)နေ (ဦးစိန်ဖေ-ဒေါ်လှတင်)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်သိန်းညွန့်)တို့၏ သမီးချွေးမ၊ (ဦးသန်းဝင်းဦး)၊ (ဦးသန်းဝင်းတူး)၊ ဒေါ်သန်းသန်းစိုး၊ ဦးသန်းဝင်းဖိုး၊ ဒေါ်စိုးစိုးသန်း၊ ဦးအောင်အောင်၊ (မောင်ကျော်ကျော်အောင်)၊ (မောင်ကျော်ကျော်သန်း)၊ ဦးတိုးတိုးအောင် တို့၏ မိခင်၊ ဦးအောင်သန်း(ဒု-တိုင်းဦးစီးမှူး-ငြိမ်း၊ အလုပ်သမားဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်စန်းဝင်းသည် ၂၅-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးစိုးမြင့်

ကျိုက္ကစံစေတီ ဂေါပက အတွင်းရေးမှူးဟောင်း

**အသက် (၇၃) နှစ်**

(ဦးအုန်းမောင်-ဒေါ်သိန်းရှင်)၊ (ဦးဉာဏ်ရှိန်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ဦးမောင်ကြည်-ဒေါ်အေး၊ ဒေါ်တင်တင်ဦး၊ (ဦးတင်ဝင်း)တို့၏ညီ/မောင်၊ ဦးဝင်းနောင်သန်း-ဒေါ်တင်တင်မွန်တို့၏အစ်ကို၊ မဆွေဇင်စိုး၊ ဦးညွန့်အေး-(မဇင်မာစိုး) တို့၏ဖခင်၊ မနွေးလဲ့လဲ့ဦး၊ မချောသဇင်နှင်း၊ မချောသဇင်နွယ် တို့၏အဘိုး၊ ဒေါ်တင်တင်နွဲ့ (အထက-၅၊ ဗိုလ်တထောင်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၃-၂၀၂၀(ကြာသပတေးနေ့) နံနက် ၄ နာရီ တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၂)လမ်း၊ အမှတ်(၉၂၇)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရဲမြတ် (သံတွဲ)**

(B.Com, R.L)
တရားလွှတ်တော်ရှေ့နေ
စာရေးဆရာ ရဲဘုန်းသိုက်

**အသက်(၇၄)နှစ်**

သံတွဲမြို့၊ မာဃလမ်းနေ ဦးအဗ္ဗဒူမော်နပ်(ခ)ဦးတင်အောင်-ဒေါ်ညီမ တို့၏ သား၊ အမှတ် (၁၁၈)၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်နေ ဒေါ်တင်တင်ချို (ကထိက၊ ဥပဒေဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ ခင်ပွန်း၊ မရှုမဝသိင်္ဂီဦး၏ ဖခင် သံတွဲသား စနေလဘက်ရည်ဝိုင်းတော်သား ဦးရဲမြတ်သည် ၂၄-၃-၂၀၂၀ ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် စွယ်စုံရပညာရှင်တစ်ဦး ဆုံးရှုံးမှုအတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းမိပါသည်။

**သံတွဲသား စနေလဘက်ရည်ဝိုင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဆက်ဂ့ါနော်ဆိုင်း**

**အသက်(၆၁)နှစ်**

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ အဖွဲ့ပူးတွဲတည်ထောင်သူနှင့် နာယက အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာအူဗျစ်ဂျာဘူ ၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးဆက်ဂ့ါနော်ဆိုင်းသည် ၂၄-၃-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမိသားစု**

## သွေးသည် အသက်

## အနိစ္စ

## ကျေးဇူးအထူးတင်ရှိပါကြောင်း

၂၀-၃-၂၀၂၀ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ကျွန်တော်၊ ကျွန်မတို့၏ဖခင်ကြီး Rev စောကဲမှူး မြို့မကရင်နှစ်ခြင်းအသင်းတော်(မောန္တေလ)နာမကျန်းဖြစ်စဉ်က ဖုန်းဖြင့်သော်လည်းကောင်း၊ အိမ်နှင့်ဆေးရုံသို့ လူကိုယ်တိုင်လာရောက်သတင်းမေးမေတ္တာပြကြသော ဆရာကြီး၊ ဆရာမကြီးများ၊ အသင်းသူ၊ အသင်းသားများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ဖခင်ကြီး၏နောက်ဆုံး ဈာပနဝတ်ပြုပွဲသို့ တက်ရောက်ပြီး မေတ္တာပြကြသော အသင်းတော်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မကရင်နှစ်ခြင်းအသင်းတော် (မောန္တေလ)မှ အသင်းသူ၊ အသင်းသားများ၊ ဖခင်ကြီး၏ မိတ်ဆွေအပေါင်းအသင်းများ၊ အထူးသဖြင့် လိုလေသေးမရှိအောင် အဘက်ဘက်မှ ကူညီပေးကြသော ရှမာရိလူမှုကူညီရေးအသင်းမှ ဆရာရစ်ချက်နှင့် အဖွဲ့သားများ၊ ဆရာထွန်းထွန်းလင်း၊ ဆရာရဲထွန်းကျော်နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အဖဘုရားသခင်ထံမှ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာများ ခံစားရရှိပါစေကြောင်း ကျန်ရစ်သူမိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခွေးပု (ခ) ဦးစောလွင်

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၆)လမ်း၊ အမှတ်(၆၀၄)နေ (ဦးဟန်ရွှေ-ဒေါ်တင်ခင်)(မယ်တော်ဒေါ်တုလထေရီ)တို့၏သားကြီး၊ ဒေါ်အေးအေးနွဲ့ (ဌာနမှူး-ငြိမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မေစန်းရင်၊ ဒေါက်တာခင်မာရီ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဥပဒေပညာဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ခေတ္တ-စင်ကာပူ)၊ (ဦးကလျာဏ)၊ ဒေါ်ခေမာစာရီ၊ ဒေါ်မြင့်မြင့်စိန်(သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန)တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်သင်းရည်မွန်ဟန်(လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၏ချစ်လှစွာသောဖခင်သည် ၂၅-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ဇေယျသိဒ္ဓိကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည် (မိတ္ထီလာ)

**အသက်(၉၁)နှစ်**

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ (ဦးမောင်-ဒေါ်အိ)တို့၏ သမီး၊ ယခင်စျေးအရှေ့ဘက် ပတ္တမြားတိုက်နေ [ဦးကြင် (ရွှေကုန်သည်)] ၏ ဇနီး၊ ဒေါ်ဆွေဆွေ-ဦးတင်မြင့်၊ ဦးမောင်မောင်မြင့်-(ဒေါ်မြင့်မြင့်)၊ ဒေါ်စိန်စိန်-(ဦးတင်လတ်)၊ ဒေါ်သက်သက်-ဦးနေဝင်း၊ (ဦးဘုန်းကျော်)-ဒေါ်လှလှဖြူ တို့၏ မွေးသမိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၂၀ ရက် ညနေ ၅:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြေးမုံ

မတ် ၂၇၊ ၂၀၂၀

# သီလဝါအထူးစီးပွားရေးဇုန်တွင် ဆူဇူကီးကားစက်ရုံအသစ် တည်ဆောက်မည်

## နှစ်စဉ် ကားအစီးရေ ၄၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်

**ရန်ကုန်   မတ်   ၂၆**

Suzuki Motor Corporation က သီလဝါအထူးစီးပွားရေးဇုန်တွင် Suzuki Thilawa Motor Co., Ltdအဖြစ် ရင်းနှီးမြှုပ်နှံပြီး SKD စနစ်ဖြင့် မော်တော်ယာဉ်များကို ထုတ်လုပ်တပ်ဆင်၍ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချလျက်ရှိရာမှ CKD စနစ်ဖြင့် ထုတ်လုပ်တပ်ဆင်ရန် Welding Process, Painting Process နှင့် Assembly Process တို့ ပါဝင်သည့်စက်ရုံအသစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း မတ် ၂၄ ရက်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

**သတင်းထုတ်ပြန်**

ဆူဇူကီးအနေဖြင့် မြန်မာနိုင်ငံတွင် ဈေးကွက်ကျယ်ပြန့်လာသည်နှင့်အညီ စက်ရုံသစ်ကို တည်ဆောက်ခြင်းဖြစ်၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စတင်လည်ပတ်ရန် ရည်မှန်းထားပြီး နှစ်စဉ် ကားအစီးရေ ၄၀၀၀၀ ခန့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားသည်။

**လုပ်ငန်းများ စတင်**

ဆူဇူကီးသည် ၁၉၉၈ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ ရင်းနှီးမြှုပ်နှံခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို အစိုးရနှင့် ဖက်စပ်အဖြစ် ထုတ်လုပ်တပ်ဆင်ရောင်းချခြင်းဖြင့် လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက်တွင် Suzuki (Myanmar) Motor Co.,Ltd နှင့် Suzuki Thilawa Motor Co.,Ltd တို့အဖြစ် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံကာ လက်ရှိတွင် တောင်ဒဂုံစက်ရုံနှင့် သီလဝါစက်ရုံတို့တွင် Carry, Ciaz, Ertiga နှင့် Swift ကားအမျိုးအစားများကို ထုတ်လုပ်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❍



သီလဝါအထူးစီးပွားရေးဇုန်၌ ဆူဇူကီးမော်တော်ကားများ တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# မူဆယ်မြို့အဝင် တိုးဂိတ်နှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တိုးဂိတ်တို့၌ COVID-19 ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်




မူဆယ်မြို့အဝင် တိုးဂိတ်၌ COVID-19 ရောဂါကာကွယ်ရေး ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

**မူဆယ်   မတ်   ၂၆**

မြန်မာနိုင်ငံအနှံ့မှ မူဆယ်မြို့သို့ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများကို မူဆယ်မြို့အဝင် တိုးဂိတ်နှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တိုးဂိတ်တို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (မူဆယ်)၊ ကြက်ခြေနီတပ်ဖွဲ့နှင့် တာဝန်ရှိသူတို့က မတ် ၂၅ ရက် နံနက် ၁၁ နာရီက စတင်ဆောင်ရွက်သည်။

ယခင်က တရုတ်ပြည် ကျယ်ဂေါင်မှ မြန်မာပြည်ဘက်သို့ ဝင်ရောက်သည့် ယာဉ်များကို အဓိကထား၍ ဆေးဖျန်းခြင်းလုပ်ငန်းများ ပြုလုပ်လျက်ရှိရာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

**ကြေးမုံ   ယနေ့ဖတ်စရာ**

■ မြန်မာနိုင်ငံအနေနဲ့ COVID-19 ရောဂါဖြစ်ပွားမှု အနည်းဆုံးအချိန်မှာ တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ ကာကွယ်ရေးလုပ်ငန်းဟာ ရောဂါကူးစက်မှုကို အလျင်အမြန် ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော ထိရောက်တဲ့ နည်းဗျူဟာဖြစ်ပါတယ်


စာမျက်နှာ » ၁၀

■ ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဆရာဝန်ကိုးဦး သေဆုံး

စာမျက်နှာ » ၁၂

■ ကမ္ဘာ့ဘောလုံးလောကမှာ တန်ဖိုးအမြင့်ဆုံး လူငယ်ကစားသမားအဖြစ် ဂျာဒန်ဆန်ချို ဖော်ပြခံရ

စာမျက်နှာ » ၂၀



**ထူးခြားသည့် နေ့အပူချိန်များ**

၂၆-၃-၂၀၂၀

| | |
|---|---|
| ချောက် | ၄၁ ဒီဂရီစင်တီဂရိတ် |
| ရွှေကျင် | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဘားအံ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ကော့ကရိတ် | ၄၀ ဒီဂရီစင်တီဂရိတ် |
| လှိုင်းဘွဲ့ | ၄၀ ဒီဂရီစင်တီဂရိတ် |

# ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နေရပ်ပြန် မြန်မာအလုပ်သမားများ ပြန်လည်လက်ခံလျက်ရှိ

**တာချီလိတ်   မတ်   ၂၆**

တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၁)တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာအလုပ်သမားများကို မတ် ၂၅ ရက်နှင့် ၂၆ ရက်က စနစ်တကျပြန်လည်လက်ခံလျက်ရှိသည်။

**ပြန်လည်လက်ခံ**

ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများ လတ်တလောအခြေအနေအရ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာရာ ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တာချီလိတ်ခရိုင်နှင့် ထိုင်းနိုင်ငံတာဝန်ရှိပုဂ္ဂိုလ်များ၏ ညှိနှိုင်းမှုသဘောတူညီချက်အရ ယခုကဲ့သို့ ပြန်လည်လက်ခံခြင်းဖြစ်သည်။

ပြန်လည်စိစစ်လက်ခံရာတွင် အလုပ်သမားများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် နေရပ်လိပ်စာများကောက်ခံခြင်း၊ တည်းခိုမည့် အိမ်၊ နေရပ်လိပ်စာကောက်ခံခြင်းနှင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိပါက

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖